www.burmeseclassic.com

အချစ်ဟာသ လုံးချင်းဝတ္ထုသစ်

ပရော်ဖက်ရှင်နယ်စံပ



www.burmeseclassic.com

www.burmeseclassic.com


ပုံနှိပ်မှတ်တမ်း

စာမူခွင့်ပြုချက်အမှတ် - ၅၀၀ ၁၀၅ ၀၁၁၀

မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၅၀၀ ၄၀၉ ၀၄၁၀

ထုတ်ဝေသူ - ဦးသစ်လွင် (ဂန္ဓေါ်မြိုင်စာပေ)
(၁၁၃)၊ ရွှေပြည်သာလမ်း၊
သာကေတမြို့နယ်၊ ရန်ကုန်။

အတွင်းနှင့်အဖုံးပုံနှိပ်သူ - ဦးကျော်ရင် (ရွှေခြေသံ့ပုံနှိပ်တိုက်)
၂၂၅၊ ၃၂ လမ်း၊ ပန်းဘဲတန်းမြို့နယ်၊
ရန်ကုန်။

ပုံနှိပ်ခြင်း - ပထမအကြိမ်၊ ၂၀၁၀ ခုနှစ်၊ မေလ။

အုပ်ရေ - ၅၀၀ အုပ်

တန်ဖိုး - ၁၀၀ ကျပ်

ဖြန့်ချိရေး - ဖိုးလပြည့်စာပေ
အမှတ် (၂၂၃)၊ စီ-၄၊ ၃၁လမ်း
ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။
☎ - 095163764

"ထုတ်ဝေသည့်စာအုပ် ကတ်တလောက်အညွှန်း" (CIP)

၈၉၅ . ၈၃
တန်ခူးလေပြေ
ပရော်ဖက်ရှင်နယ်စံပ / တန်ခူးလေပြေ ။ -ရန်ကုန်၊
ဂန္ဓေါ်မြိုင်စာပေ၊ ၂၀၁၀
၁၈၀ - စာ ၊ ၁၃ × ၂၀. ၇ စင်တီ။
(၁) ပရော်ဖက်ရှင်နယ်စံပ


## အခန်း[၁]

'ဟော… သူကြီး ပြန်လာပြီ'

ရွာနှင့် တစ်ဖာလုံကွာရှိ ရောမညောင်ပင်။ ထိုညောင်ပင်အောက်ရှိ ရွာတော်ရှင်နတ်စင်အနီး ကစားနေသည့် ကလေးတစ်သိုက်။ ကလေးထဲမှတစ်စုံတစ်ယောက်က အော်လိုက်ပြီး ပြေးထွက်သွားသည်။ ကျန်ကလေးများလည်း ကစားလက်စရပ်လျက် အော်ကာဟစ်ကာ ပြေးသွားကြသည်။

မော်ဘီစက်ရုံထုတ် ဘောလုံးတွေကို ပိုက်ကွန်အိတ်တွင်ထည့်ပြီး ထမ်းပိုးနှင့်လျှိုထမ်းလာသည့် သူကြီးဦးစံပအသွင်က အောင်ပွဲခံစစ်သူကြီးအလား။

လည်လေးမော့၊ ခေါင်းလေးခါကာခါကာ၊ တရှိုရှိုလေချွန်လျှောက်လာပုံက ကာလသားပေါက်လေးနှယ်။ တက်တက်ကြွကြွ မြောက်ကြွမြောက်ကြွ လှမ်းလာပုံက ဗျိုင်းအောက် ငါးရှာလေဟန်။

သူကြီးမြို့က ပြန်လာတိုင်း 'ရှော့အင့်' ဟု ပါလာသည့် စားစရာတွေ ဝေတတ်သည်။ ထန်းညက်ခဲတစ်ယောက်တစ်လုံးဖြစ်အော ပဲကြီးလှော် တစ်ဆုပ်စီဖြစ်စေ စားရလေ့ရှိ၍ သူကြီးမြို့သွားလျှင်



www.burmeseclassic.com

www.burmeseclassic.com



သည်နေရာက စောင့်နေကျ။ သူကြီးပေးသည့် မုန့်ပဲသွားရည်စာ လှယက်စားနေကျ။

'အဘိုး… မုန့်ပါလား'

'ဒီတစ်ခါတော့ မင်းတို့ ကံဆိုးပဟော့'

ရှေ့ဆုံးမှ ပြေးလာသည့် ကြွက်နီက မျှော်လင့်ချက်ဖြင့် အော် မေးလိုက်သည်။ ဘောလုံးကိစ္စသာ အာရုံရောက်နေသဖြင့် ကလေးတို့ အတွက် မုန့်ဝယ်ဖို့ မေ့သွားသည်။ ကြွက်နီမျက်နှာမြင်မှ သတိရသွား သဖြင့် စိတ်မကောင်းဖြစ်ရသည်။

မင်းတို့ကံဆိုးပဟော့ဟု ကြားလိုက်ရသည်နှင့် ပြေးလာသည့် ကလေးတွေ အရှိန်တန့်သွားသည်။ မောနေသည့် အရှိန်က ပိုမြင့်သွား ရာ ရင်ဘတ်လေးတွေ ဖိလျှက် ညှိုးငယ်သည့်မျက်နှာလေးတွေနှင့် ငေးနေသည်။ သူကြီးဦးစံပ စိတ်မကောင်းဖြစ်သွားသည်။

သူကြီးဦးစံပသည် ပခုံးထက်မှ အထုပ်ကြီးကို ချပြီး ကလေး အုပ်အလယ်တွင် ရပ်လိုက်သည်။

'မုန့်မပါလို့ စိတ်မဆင်းရဲကြပါနဲ့၊ မင်းတို့ မုန့်ဝယ်စားလို့ ရအောင် တစ်ယောက်တစ်ရာစီပေးမယ်'

'ဟေး… ဒါမှ တို့အဘိုး'

'အဘိုး သူကြီး သက်တော်ရာကျော်ရှည်ပါစေ'

'သိန်းထီ အကြိမ်တစ်ရာ ပေါက်ပါစေ'

မုန့်ဖိုးတစ်ရာပေးမည်ဆို၍ ကလေးတွေ ပျော်သွားသည်။ ဆူဆူညံညံ အော်ဟစ်ပြီး တစ်ယောက်နှင့်တစ်ယောက် မနားမကျင် ထိုးပုတ်ကြသည်။ ကလေးတွေ ပျော်သည်ကိုမြင်တော့ သူကြီးဦးစံပ ကြည်နူးသွားပြန်သည်။

'ကိုင်း… ဘယ်နှယောက်ရှိလဲ ရေစမ်း'

တစ်ယောက်တစ်ရာစီ ဝေလျှင် ဘယ်မျှကုန်ကျမည်ဟုဦးစွာ



BURMESE CLASSIC .com



တွက်သည်။ ရာတန်အလုံအလောက်မရှိနိုင်။ ငါးယောက်တစ်ဖွဲ့၊ ဆယ် ယောက်တစ်ဖွဲ့ စုပေးမှဖြစ်မည်။

'ဘယ်လောက်လဲဟေ့'

'ဆယ့်ငါး'

'မဟုတ်ပါဘူး ပေသီးရာ ဆယ့်ခြောက်ယောက်ပါ'

'ဘယ်မလဲ ဆယ့်ခြောက်၊ ငါးမှငါး။ ငါ အသေအချာရေ ကြည့်တာ'

'မင်းနဲ့ငါနဲ့ လောင်းမလား၊ မှန်တဲ့လူကို အဘိုးပေးတဲ့ မုန့်ဖိုး ပေးကြေး'

'တော်… တော်… ငြင်းခုန်မနေနဲ့၊ ကဲ… မင်း… မင်း… မင်း… နောက်နှစ်ယောက်လာဦး၊ အဲဒီငါးယောက်အတွက် ငါးရာ သွားတော့'

'ဟေး… မုန့်ဖိုးရပြီ၊ ဟော့ကောင်ပေသီး ငါကိုယ်တာ တစ်ရာ ပေး'

'ဒီမှာလေ ငါးရာတန်၊ ရွာထဲကျမှ အကြွေအန်းလို့ရမှာပေါ့၊ ခုယူချင်တော့ ဟောဒီငါးရာတန်ကို ငါးပိုင်းဆုတ်ပြီး ယူရုံပဲ'

'ဆုတ်ပစ်လို့ ဘယ်နှယ်သုံးမလဲ'

'ဒါဆိုမပြောနဲ့'

ပထမဦးဆုံးပေးလိုက်သည့် ငါးရာတန်ကိုင်ပြီး ပေသီးတို့အုပ် စု ခေါင်းခဲ့သွားပြီ။ ပြဿနာ ဘယ်လိုဆက်ရှင်းမလဲ မသိ။ ဒီအထိ တော့ ဝင်ရှင်းမပေးနိုင်တော့။ နောက်ထပ် ငါးယောက်ခွဲထုတ်ပြီး ငါးရာတန် တစ်ရွက်ပေးလိုက်ပြန်သည်။ ကျန်ကလေးတွေ ရေကြည့် တော့ ငါးယောက်။ ပေသီးပြောသည့် ဆယ့်ငါးယောက် မှန်သည်။

ထန်းညက် ဝယ်မလာခဲ့မိ၍ ထောင့်ငါးရာကုန်သွားသည်။



www.burmeseclassic.com

www.burmeseclassic.com



ကုန်ပင်ကုန်ကြားသော်လည်း ကလေးတွေ ပျော်ရွှင်နေသည်ကိုမြင်တော့ ဝမ်းသာသွားသည်။

'အဘိုး… ဘောလုံးတွေ များလှချည်လား'

ခုမှ ဘောလုံးထုပ်ကို သတိပြုမိဟန်ဖြင့် နီတွတ်က မေးသည်။ ဘောလုံးတွေဟု ကြားသဖြင့် ကလေးတွေ ပြန်စုရုံးလာပြန်သည်။ ဘောလုံးတွေကို ကိုင်ကြည့်သူက ကြည့်၊ ပုတ်ကြည့်သူက ကြည့်။

'အဘိုး… ဒါက သားတို့ကစားဖို့လား'

'ဟင့်အင်း'

'ဒါဆို အဘိုးကစားမှာလား'

'မဟုတ်ပါဘူး'

'ဒီလောက် အများချည်း ဘာလုပ်မှာလဲ'

ကလေးတွေက ဘောလုံးတွေကြည့်ပြီး ဝမ်းသာနေသည်။ အံ့သြနေသည်။ ဘောလုံးအသစ်တွေကြည့်ပြီး မရိုးမရွဖြစ်နေပုံပင်။

သူကြီးဦးစံပက ချထားသည့် ဘောလုံးထုပ်ကို ပြန်ကောက်ထမ်းလိုက်သည်။

'ကျွန်တော်တို့ ဝိုင်းသယ်ပေးမယ် အဘိုး'

'နေပါစေကွာ၊ ငါ့ဘာသာငါ ထမ်းပါ့မယ်'

'အဘိုးပင်ပန်းလာပြီမို့လား'

'အဟာ… သုံးလေးမိုင်ခရီးက ဒီအထိထမ်းလာပြီး တစ်ခုန်လောက်ကျန်တဲ့ ခရီးကျမှ မောပြမနေတော့ဘူး'

သူကြီးဦးစံပက ဘောလုံးအိတ်ကြီး ထမ်းလျက် ဝုံးကြွားစွာ လှမ်းထွက်လိုက်သည်။ ကလေးအုပ်က သူကြီးနောက်မှ ဆူဆူညံညံ အသံပေးလိုက်လာသည်။



BURMESE CLASSIC .com



သူကြီး မြို့ကအပြန်ကို လည်တဆန့်ဆန့် မျှော်နေသည့် ကာလသားခေါင်းမှတ်တင်သည် ကလေးတို့ဆူညံသံကြောင့် လှမ်းမျှော်ကြည့်လိုက်သည်။ ကလေးအုပ်ရှေ့တွင် ရင်ကော့လျက် လျှောက်လာသော သူကြီးကိုမြင်လိုက်၍ အူယားဖားယား ပြေးသွားသည်။

'ကျွန်တော့်ပေး သူကြီးမင်း'

'မင်းက ဒီနားကျမှ လောကွတ်လုပ်နေပြန်ပြီ၊ ရတယ် ကိစ္စမရှိဘူး'

'အဲလို ဒုက္ခဖြစ်မှာစိုးလို့ ကျွန်တော်တို့ လူငယ်တွေ သွားဝယ်လိုက်ပါမယ်၊ ဝယ်တတ်ပါတယ်ပြောတော့ သူကြီးကမှ လက်မခံတာ'

အပြစ်တင်သည့် လေသံနှင့်ပြောသဖြင့် သူကြီးကလည်း ပြန်လှည့်ကြည့်လိုက်သည်။ အထင်သေးသည့် ဟန်ဖြင့် နှာခေါင်းရှုံ့လိုက်သည်။

'မင်းတို့က ဘောလုံးအကြောင်း ဘာသိလို့လဲ၊ ဘောလုံးဆိုတာ အလုံးကြီးပါလားဆိုတာလောက် သိတဲ့အကောင်တွေက၊ ဒီမယ် ဘောလုံးက သရေစစ်မစစ်၊ အတုဟုတ်မဟုတ်၊ ချည်သားနိုင်မနိုင် ကြည့်တတ်ဖို့လိုတယ်၊ သိဖို့လိုတယ်၊ မင်းတို့ကို စိတ်မချလို့ ငါကိုယ်တိုင် သွားဝယ်ရတာ'

'ဒါဆိုလည်း ပြီးတာပါပဲ၊ ပေးပါ၊ ကျွန်တော် ထမ်းခဲ့ပါ့မယ်'

သူကြီး ပခုံးထက်က ထမ်းပိုးကို လှမ်းမလိုက်တော့ လက်ကိုပုတ်ချသည်။ နေပါစေဟူသော အမူအရာဖြင့် ကြည့်၍ နောက်ဆုတ်လိုက်သည်။

ထိုစဉ်ခိုက်မှာပင် သူကြီးသမက် သောင်းဖေတင့် အပြေးတစ်ပိုင်းနှင့် ရောက်လာသည်။

'ပေး… အဖေ ကျွန်တော် ကူသယ်ပေးမယ်'



www.burmeseclassic.com

www.burmeseclassic.com



'နေပါစေကွာ၊ ငါကိုယ်တိုင် စိတ်ဝင်တစားလုပ်တာ၊ အားတက်သရောလုပ်တာ၊ အပင်ပန်းခံပြီးလုပ်တာ ရွာသူရွာသားတွေ မြင်စေချင်လို့'

'မြင်နေ သိနေတာပဲ အဖေရာ၊ အလကား အပင်ပန်းခံနေ'

'ဟော့ကောင်… လေးမိုင်နီးပါးခရီးက ထမ်းလာတာ၊ ရွာထိပ်ရောက်နေပြီ၊ ဖယ်စမ်း'

သူကြီးဦးစံပသည် ဘောလုံးထုပ်ကြီးကို ထမ်းလျက် ဝင့်ကြွားထည်ဝါစွာဖြင့် ရွာဆီသို့လျှောက်ခဲ့သည်။ ရွာသူရွာသားအားလုံး ကလေးရော ခွေးပါမကျန် စောင့်ကြိုနေသည်။ သူကြီး၏ အသွင်ကို ကြည့်ပြီး ခွေးနစ်ကောင်က ထိုးဟောင်သည်။

ဝုတ်… ဝုတ်… ဝုတ်… ဝုတ်…။

'ဟဲ့ခွေး… အဲဒါ သူကြီးဟဲ့၊ ဘာထင်လဲ မသိဘူး'

တစ်စုံတစ်ယောက်က ခွေးကိုမာန်မဲပြီး ဘေးပိတ်ကန်ထည့်လိုက်ရာ အကန်ခံရသည့်ခွေးမှာ နာကျင်စွာ အော်ဟစ်ရင်း သူကြီးမင်းကို ဂုဏ်ပြုကြိုဆိုလိုက်လေ၏။

ကိန်… ကိန်… ကိန်…။

ဘယ်နေရာက ဘာတွေတွေ့ခဲ့မြင်ခဲ့သည် မသိ။ မြို့ကအပြန်တွင် သူကြီးဦးစံပက ဘောလုံးအစုတ်တစ်လုံးယူလာသည်။ ဘောလုံးကို မှတ်တင်အံ့ဩအသည်ဖြင့် လေဖြည့်သည်။ အပျိုမလေး၏ ပါးနှယ်ဖောင်းကြွလာသည့် ဘောလုံးကို ပုတ်ကြည့်သည်။ ဖိကြည့်သည်။ ထို့နောက် လက်ပေါ်တင်လျက် အပေါ်မြှောက်ချသည်။ ဘောလုံး





မှန်းကိုကြည့်ပြီး စိတ်ကျေနပ်ဟန်ဖြင့် ခေါင်းဆတ်လိုက်သည်။

'အိုကေလား သူကြီး'

'အိုရကေ၊ အိုရကေ၊ ကန်လို့ရပြီ၊ တို့များချောင်းသဲခုံသွားရအောင်'

'ဘာလုပ်မှာလဲ သူကြီး'

'ဟ… ဘာလုပ်ရမှာလဲ ငါ့လူရ၊ ဘောလုံးကန်ဖို့ပေါ့'

'သူကြီးကန်မှာလား'

'ရော်… ငါ ဘောလုံးကန်မှာကို အထူးအဆန်းလုပ်ပြီး ဘာလို့မေးနေတာလဲ၊ ဒီမယ် မှတ်တင် ရွာထဲက တွေ့သမျှ ကာလသားတွေခေါ်ပြီး ချောင်းသဲခုံလာခဲ့'

မှတ်တင် စူးစူးရဲရဲ ကြည့်လိုက်ပြန်သည်။ အသက်ခုနစ်ဆယ်နီးမှ တို့သူကြီး ဘာဖြစ်ပြန်လဲဟူသောအမူအရာ။

'မင်း ဘာကြည့်နေတာလဲ မှတ်တင်၊ ကာလသားတွေခေါ်ပြီး လိုက်ခဲ့'

သူကြီး ဦးစံပသည် လက်မောင်းသာသာရှိသည့် ပေါင်နှစ်လုံးပေါ်အောင် ခါးတောင်းကျိုက်လျက် အနေအထားဖြင့် ဘောလုံးချိုင်းကြားညှပ်လျက် ရွာလယ်လမ်းမအတိုင်း ထွက်ခဲ့သည်။

'အဘိုး… ဒါဘယ်လဲ'

သူကြီးတူမ အေးဘုံ၏ သား ဒုံးကုလားက နှပ်ကိုလက်ခေါက်နှင့်သုတ်ရင်း မေးလိုက်သည်။ မြေးငယ်ခေါင်းကို ဘောလုံးနှင့် အသာအယာ ထိစလိုက်ပြီး 'ဘောလုံးကန်မလို့'ဟု ကြွားလိုက်သည်။

'အနော်လည်း လိုက်မယ်'

'မင်းက ဘာလုပ်မှာလဲ'

'အဘိုးကန်တဲ့ ဘောလုံးကောက်ပေးမှာ'



www.burmeseclassic.com

www.burmeseclassic.com



'အဟ… လူက မဖြစ်စလောက်၊ မျိုးရိုးဗီဇက ပြပြီပေါ့၊ လိုက်စေဗျာ… လိုက်စေ'

ဒုံးကုလား ပျော်သွားသည်။ သူ့အပေါင်းအသင်း ကစားဖော်ရောင်းရင်းတို့ကို အော်ဟစ်အသိပေးလိုက်သည်။

'ဟေး… ငွတို… ငွတိုရေ အတိုးဘောလုံးကန်မှာတဲ့၊ တို့ရော ကန်မယ်'

'အဟ… ဟ… မင်းက ဘောလုံးကန်မယ်ပေါ့'

'ကန်မှာပေါ့ အဘိုးရ၊ နေဦး ကျွန်တော်တို့အဖွဲ့သားတွေ ခေါ်လိုက်ဦးမယ်၊ ပြေူးရေ… အုံးတင်ရေ… ဝက်ကြီးရေ… ဘောလုံးကန်မယ်ဟေ့'

ဒုံးကုလား အသံပေးလိုက်သဖြင့် ဟိုအိမ် ဒီအိမ်မှ ကလေးတွေ အလျှိုအလျှို ပြေးထွက်လာသည်။

'ဘောလုံးကန်ကြမယ်ဟေ့'

'ဘောလုံးကန်ကြမယ်ဟေ့'

ဟု တစ်ယောက်မှတစ်ယောက် အသိပေးရာ တစ်ခဏချင်း ကလေးအုပ်ကြီးဖြစ်သွားသည်။

ကလေးတပ်ကြီးကို ဦးဆောင်လျက် ချောင်းသဲခုံဆီ ချီတက်သွားသည့် သူကြီးဦးစံပကို ရွာသူရွာသားများက ထွက်ကြည့်သည်၊ သူကြီးဟန်ပန်ကိုကြည့်ပြီး ပြုံးစိစိနှင့်။ တစ်ယောက်နှင့်တစ်ယောက် အသံပေးလျက် သူကြီးကို မျက်စပစ်ပြသည်။

'ဘာလုပ်မလို့လဲ မသိဘူး'

'ဘာလုပ်ရမလဲ အေ၊ ဘောလုံးကြီး လက်သဲတိုင်ထားမှ ဘောလုံးကန်မလို့ဖြစ်မှာပေါ့'

'သူကြီးကလား'

'အေးလေ'





'အဟိ… ဘောလုံးကန်မည့် သူကြီးပေါင်လုံးက ကြည့်ပါဦး'

'ဟဲ့… တိုးတိုး… သူကြီးကြားသွားလို့ အမာန်ခံနေရဦးမယ်'

သူကြီးကိုယ်တိုင် ဘောလုံးကန်ဖို့ ချောင်းသဲခုံဆင်းသွားပြီဟူသော သတင်းက ချက်ချင်းပျံ့နှံ့သွားသည်။ အချင်းချင်း လက်တို့ပြီး သူတို့လည်း ချောင်းခုံဆီ ဆင်းခဲ့သည်။ ခဏအကြာတွင် ကာလသားရော ကာလသမီးပါ ချောင်းသဲခုံတွင် စုပြုံရောက်လာကြသည်။

'ဟော… ဟိုကောင်တွေ ဒီဘက်လာခဲ့၊ အဲ… အဲ… ဒီလိုလုပ်၊ ဘောလုံးကန်ဖူးတဲ့လူက ဟောဒီဘက်လာ၊ တစ်ခါမှ မကန်ဖူးတဲ့လူက အဲဒီမှာပဲနေ'

ကာလသားတွေ ကြွက်စီကြွက်စီနှင့် သူကြီးခိုင်းသည့်အတိုင်း လုပ်သည်။ ဘောလုံးကန်ဖူးသည့်ဘက်က ပိုများသည်။

'အောင်ခိုင်… မင်းက ဘောလုံးမကန်ဖူးဘူးလား'

'ဟုတ်ကဲ့ သူကြီး'

'ဘုန်းကြီးကျောင်းနေတုန်းက ရှောက်ပန်းသီးကို ဘောလုံးလုပ်ပြီးတော့တောင် မကန်ဖူးဘူးလား'

'အဲဒါတော့ ကန်ဖူးတာပေါ့ သူကြီးရ၊ ဘောလုံးမှ မဟုတ်တာ'

'ဒါဆို ဝက်သေးအိမ်ကို လေမှုတ်ပြီးရော မကန်ဖူးဘူးလား'

'ဒါနဲ့လည်း ကန်ဖူးပါတယ်'

'ဟ… ဒါဆို ကန်ဖူးတာပေါ့ကွ၊ ဒီရွာသားတွေ ဘောလုံးတောင် မမြင်ဖူးကြတာ၊ ဟောဟိုဘက်ကကောင်တွေ မေးကြည့်၊ ရှောက်ပန်းသီးလောက်ကန်ဖူးမှာ'

သူကြီးပြောစကားကြောင့် ကာလသားတွေ ရှက်ကိုးရှက်ကန်းနှင့် ရယ်သည်။

'အောင်မယ်…ကန်တတ်တဲ့အုပ်စုထဲမှာ မျိုးသွင် ရောက်နေ



www.burmeseclassic.com

www.burmeseclassic.com



ပါလား၊ ဟော့ကောင်…မျိုးသွင် မင်းက ဘောလုံးကန်တတ်တယ်ပေါ့'

'ဟုတ်ကဲ့ပါ သူကြီး'

'ဘယ်တုန်းက ဘယ်မှာကန်တာလဲ၊ မြို့နယ်လက်ရွေးစင်မှာ ကန်ခဲ့တာလား'

'မဟုတ်ရပါဘူး သူကြီးရယ်၊ သူငယ်ချင်းတွေခေါ်လို့ လိုက်သွားရင်း ကန်ဖြစ်တာပါ'

'သြော်… သြော်'

စကားပြောလျှင် မိန်းကလေးနှယ် ကနွဲ့ကလျ ပြောတတ်ပြီး နုနုရွရွနေတတ်သည့် မျိုးသွင်ကို သူကြီးက တမင်စနေခြင်းပင်။ မျိုးသွင်က သူကြီးကို ပြန်မပြောဝံ့သော်လည်း မျက်စောင်းထိုးလျက် တစ်ဖက်လှည့်ပြီး ပွစိပွစိနှင့်လုပ်နေသည်။ မျိုးသွင် အမူအရာကြည့်ပြီး ကာလသမီးတွေက တိုးတိုးရယ်နေသည်။

'ကဲ… ကန်တတ်တဲ့သူရော မကန်တတ်သူပါ ဒီနေ့ ဘောလုံးကစားရမယ်၊ ငါကိုယ်တိုင် မင်းတို့နဲ့အတူ ကစားမယ်၊ ဒီပွဲကြည့်ပြီး အမာခံအသင်းတစ်သင်းဖွဲ့မယ်၊ ကြိုးစားကန်ကြ ကြားလား'

သူကြီး စကားဆုံးသည်နှင့် ဘောလုံးသမားတွေ ခြေသွေးကြွတော့သည်။

သူကြီး ဦးစံပက ခါးတောင်းကို တင်းအောင်ပြင်ကျိုက်သည်။ ထို့နောက် သဲခုံပေါ် ဘောလုံးတည်သည်။ ဘောလုံးနှင့် အလှမ်းဝေးအောင် နောက်သို့ လေးငါးလှမ်းဆုတ်သည်။ ထို့နောက် အရှိန်ယူလျက် ပြေးလာပြီး ကန်ချလိုက်သည်။





ဘိန်း…။

ဘိန်းခနဲ အသံမြည်သွားသည်နှင့် အသင့်စောင့်နေသော ကာလသားများ သူ့ထက်ငါ ပြေးလာသည်။ ဘောလုံးကန်ပြီး ဝစ်လဲသွားသော သူကြီးကို ကျော်ခွလျက် ဘောလုံးကို သဲသဲမဲမဲ လုတော့သည်။

'ငါကန်လိုက်တဲ့ ဘောလုံးပွဲစပြီ၊ အဲဒီဘောလုံးကို မင်းတို့လုကြ၊ ကန်ကြ၊ ဘယ်သူဘယ်လောက် ကန်တတ်တယ်ဆိုတာ ငါကြည့်မယ်'

သူကြီး ကန်ပြီးသည်နှင့် ဘောလုံးပွဲစပြီဆိုသော်လည်း ဘောလုံးက သဲပုတ်ထဲ လေးလက်မခန့် မြုပ်ဝင်ပြီး ထိုနေရာမှာပင် ဣန္ဒြေကြီးစွာဖြင့် ရပ်တန့်နေသည်။ သမာဓိကောင်းကောင်းနှင့် မတုန်မလှုပ်ရှိနေသော ဘောလုံးထံသို့ ဦးဆုံးရောက်လာသူက ကော်တင်လိုက်သည်။ သူကြီးကမူ ရန်သူကို ရှောင်ပုန်းသည့် ငှက်ကုလားအုပ်နှယ် သဲပုံထဲ ခေါင်းစိုက်နေပြီ။

'ဟာ… သူကြီး'

သူကြီး၏ ပစ္စုပ္ပန်အခြေအနေကို အကဲခတ်မိသော မှတ်တင်က သူကြီးရှိရာ ပြေးသွားသည်။ မှောက်နေသော လူကြီးအား အကျီလည်ဂုတ်ဆွဲထူလိုက်သည်။ သူကြီးမျက်နှာ မြင်စိမ့်သောငှာ လှန်ချလိုက်သည်။ သဲတွေဖုံးလွှမ်းနေသည့် မျက်နှာကို ခါပေးလိုက်သည်။

'သူကြီး သူကြီး သတိရပြီလား သူကြီး'

'ဟော… အေး'

သူကြီးကို လှုပ်ခါလိုက်သဖြင့် ဦးဆုံးအသံထွက်လာသည်။ မျက်နှာပေါ်မှ သဲများစင်သွားအောင် ခါရမ်းလိုက်သည်။

'ဘောလုံး ဘယ်ရောက်သွားပြီလဲ'

'ခင်ဗျာ… သူကြီးက ဘယ်ကိုကန်ထုတ်လိုက်လဲ'

'ဘောလုံးပွဲစလို့ရအောင် အပေါ်ကန်တင်လိုက်တာပေါ့'



www.burmeseclassic.com

www.burmeseclassic.com



'ဗျာ… အပေါ်'

'အေးလေကွာ အပေါ်ကန်ပေးလိုက်တာပေါ့၊ တာဝတိံသာ ပေါ် တက်သွားပြီလား'

'မတက်ဘူး သူကြီး၊ ဘောလုံးက သဲအောက်မြုပ်သွားတာ၊ ပေါ်အဝိစိကို စိုက်ဆင်းသွားတာ'

'ဟေ… ဘယ်လိုဖြစ်တာလဲ၊ လေမမှန်လို့လား'

'သူကြီးက ဘောလုံး ဘယ်နေရာကန်လိုက်မှန်းမှ မသိတာ၊ အဝေးမရောက်ဘဲ နေရာမှာပဲ မြုပ်ဝင်သွားတာ'

'ဟာ'

နောက်ကို လေးလှမ်းဆုတ်၊ အားယူ သွယ်ပြောင်းနွဲ့နှောင်းသည့် ပေါင်တံ၊ သေးကျင်သည့်ခြေသလုံးများဖြင့် တည်ဆောက်ထားသော ခန္ဓာကိုယ်ဖြင့် သူကြီးက ဘောလုံးကန်လိုက်သည်။ အပေါ် မြောက်တက်စေလိုလျှင် ဘောလုံးအောက်ခြေမျက်နှာစကို ထိလျက် ပင့်ကန်ရမည့်အစား သူကြီးခြေထောက်က ဘောလုံးအပေါ်ပိုင်းထိသွားသည်။ ဘောလုံးထံအားယူပြေးလာကတည်းက ဟပ်ထိုးလဲတော့မည့် အနေအထား။ သဲပုတ်က သေးကျင်သည့် ခြေထောက်ကို ဆွဲအထား၊ အားမာန်နှင့် ကန်လိုက်သည့်ဘောလုံးက သဲထဲနစ်အသွား။ ထိုဘောလုံးကို ခလုတ်တိုက်မိပြီး လဲကျသွားပုံက ငှက်ကုလားအုပ်အလား။

မှတ်တင်က သူကြီးကို ကွင်းဘေးမလာသည်။

'ကျွန်တော် ရေသွားခပ်ပေးမယ်၊ မျက်နှာက သဲတွေ ရေနဲ့ဆေးပစ်ပါ သူကြီး'

ဟု ပြောဆိုပြီး ချောင်းရေရှိရာ ပြေးခဲ့သည်။

ဘောလုံးပွဲက အရှိန်ကောင်းနေပြီ။ တစ်လုံးတည်းသော ဘောလုံးကို လူတစ်စုက အမဲဖျက်တော့မည့်အလား သဲသဲမဲမဲလိုက်သည်။ တောင်အရပ်ဆီ မျက်နှာမူထားသူတွေက တောင်ဘက်ပါအောင် ဘောလုံးလုသည်။ မြောက်အရပ်မျက်နှာမူထားသူတွေက





မြောက်ဘက်ဘောလုံးပါအောင်လုသည်။ ဘောလုံးသည် လူတစ်စု၏ ခြေထောက်ကြားတွင် လူလာဆန့်ခတ်နေသည်။ သူ့ဘက် ကိုယ့်ဘက် ရောက်အောင် ဘောလုံးကို ကန်သော်လည်း ကန်ချက်က ဘောလုံးနှင့်လွဲပြီး ခြေချောင်းချင်း ရိုက်မိသံတွေသာ ကြားနေရသည်။

'ဖြောင်း'

'အောင်မလေးဗျ… ကျိုးပါပြီ'

သူကြီး ခေါင်းထောင်ကြည့်သည်။ မျိုးသွင်က လူအုပ်ကြားတွင် ပုံလျက်လဲကျသွားသည်။ ကန်နေသူများက မျိုးသွင်ကို ပြန်ကြည့်။ ဘောလုံးကိုသာ ရန်သူအလား သဲသဲမဲမဲ တိုက်ခိုက်နေသည်။

'ဟိုကောင် ကျိုးသွားပြီလား မသိဘူး'

'မကျိုးလောက်ပါဘူး'

'အော်သံကြားတယ်'

'မျိုးသွင်အကြောင်း သူကြီး သိသားနဲ့၊ ပုရွက်ဆိတ်ကိုက်တာတောင် ကျားကိုက်ခံရသလို အော်တဲ့ကောင်'

'ဒီကောင်တော့ ပယ်ကွာ၊ မင်း လူကြည့်ထားပါဦး'

'စိတ်ချစမ်းပါ သူကြီးရာ'

ကာလသားတွေ အားနှင့်မာန်နှင့် ကန်နေဆဲ။ ကလေးတစ်သိုက်က အော်ဟစ်အားပေးသည်။ ကိုယ်တိုင် ဘောလုံးမကန်ရသည်ကို အားမရဟန်ဖြင့် သဲခုံကို ကျုံးကန်နေသဖြင့် လေထဲသဲမှုန်တွေ လွင့်နေသည်။ ထိုနေ့က ဘောလုံးပွဲသည် စီပိုင်းရွာသားတို့အဖို့ လွန်စွာအရေးပါသည့်ပွဲ။

ကမ္ဘာဖလား ဗိုလ်လုပွဲက သူတို့အတွက် ဒီလောက်အရေးမပါ။ စီပိုင်းရွာအသင်းအတွက် ဦးဆုံးရွေးချယ်သည့် အသင်းတွင် အရွေးခံရေးက သူတို့အတွက် သေရေးရှင်ရေးပင် မဟုတ်လော။



www.burmeseclassic.com

www.burmeseclassic.com

## အခန်း(၂)

'ကိုစံပ… တော် ဘာအရှုးထတာလဲ'

'ဟ… အရှုးထရမလားကွ'

'အရှူးမထလို့ ဘာလုပ်တာလဲ၊ ဘောင်ဘီနဲ့ ရှင်နဲ့ဘာဆိုင်လို့လဲ၊ ပြောစမ်းပါဦး'

မနေ့က ဘောလုံးကန်ကောင်းသဖြင့် ခြေသပ္ပတ်တိုင်လည်သွားသည်။ သွေးပူတုန်းက မသိသာ။ အနည်းငယ် နာသလိုလိုရှိသော်လည်း အလေးအနက်မထား။ ဘောလုံးပွဲပြီးတော့ အိမ်ပြန်ကြချိန်တွင် ခြေထောက်က မျက်သလိုလို နာသလိုလို။ မှတ်တင်တွဲခေါ်လာ၍ အိမ်ရောက်သည်။

အိမ်ရောက် ရေမိုးချိုးပြီး နာကျင်နေသည့် နေရာများ တေဇော ဘမ်းလူးမှ ခြေထောက်ယောင်ကိုင်းနေမှန်း သိသည်။ ညဦးပိုင်းကျတော့ ခြေထောက်ကိုက်သလိုလိုဖြစ်လာသည်။ ချက်ချင်းလိုလို ယောင်လာသဖြင့် ဦးမြဒင်ကို ခေါ်ခိုင်းရသည်။ သမက်လုပ်သူ သွားခေါ်သဖြင့် ဦးမြဒင် ပါလာပြီး စမ်းကြည့်သည်။ ခြေသပ္ပတ်တိုင်လည်သွားတာဟု ပြောပြီး ဖိုးဇက်ဇက် ဆွဲတည့်လိုက်သည်။





'အားပါးပါး နာလိုက်တာ ကိုမြဒင်ရာ'

'သူကြီးဟာ ညှာနေလို့မရဘူး၊ ခြေသပ္ပတ်တိုင်လည်သွားတော့ ဒီလိုပဲ လုပ်ရမှာ'

'အခြေအနေက'

'နှစ်ရက် သုံးရက်တော့ ခံရမယ်၊ ကျုပ် ဆေးလိမ်းပေးခဲ့၊ ကျုပ်ထုပ်ထိုးပေးခဲ့ပါမယ်၊ ဂရုစိုက် သူကြီးရေ၊ ကျုပ်တို့က မငယ်တော့ဘူး၊ ကလေးတွေနဲ့ တုလုပ်လို့မရတော့ဘူး'

ခြေထောက်နာအောင် ကမြင်းကြောထရသလားဆိုပြီး သူကြီးကတော်က ဆူသည်။ သမီးတွေက မပြောဖို့တားသဖြင့် မျက်စောင်းထိုးပြီး ရှောင်သွားသည်။ ပြောချင်သည်မှာ နှုတ်ခမ်းနေလေဟန်။

မနက်မိုးလင်းမှ အိပ်ရာထက် လဲနေသည်ကိုကြည့်ပြီး ဆူတော့သည်။ သူကြီး ငြိမ်နေလိုက်သည်။

'ကိုယ်က ခေါင်းဖြူ စွယ်ကျိုး၊ သန့်ချိုင်းကို ခြေတစ်ဖက်လှမ်းနေပြီ၊ အဲဒါ ဘောလုံးကစားသတဲ့'

'ဟ… အသက်ကြီးတဲ့လူ ဘောလုံးမကစားရဘူးလို့ ဘယ်ဥပဒေပညာတတ်ထားလဲ'

'မပညတ်လို့ ကျိုးပြီလေ'

'မကျိုးပါဘူးဟာ'

'နောက်ကျိုးမယ်၊ မှတ်သာထား၊ ဒီလောက်ကမြင်းကြောထတဲ့လူ နှစ်ချောင်းစလုံး သွင်သွင်ကျိုးသွား စေချင်တယ်'

သူကြီးကတော် ကရုဏာဒေါသောနှင့် ပြောနေမှန်းသိသည်။ သိပင်သိသော်လည်း သူကြီးအနေနှင့်တော့ ဒါလုပ်ရမည့်ကိစ္စဟု ခံယူထားသည်။

ဖခင်သူကြီး ကွယ်လွန်တော့ သူကြီး အရိုင်အရာကို နီးစပ ဆက်ခံသည်။ ထိုစဉ်က သူကြီးအရိုက်အရာကို သူကြီးသား(ဖ) ဆက်ခံ



www.burmeseclassic.com

www.burmeseclassic.com



ရန် အခွင့်အရေးတစ်ရပ်နယ်ရှိသည်။ ဥပဒေပြဋ္ဌာန်းချက်မထားသော်လည်း အစိုးရအလိုတော်ရှိ ပုဂ္ဂိုလ်များ၏ သားသမီးများသာလျှင် အစိုးရအပေါ် သစ္စာစောင့်သိမည်ဟု မြင်၍ ဦးစံပ သူကြီး ဖြစ်ခဲ့သည်။

သူကြီးဖြစ်စဉ် ငယ်ငယ်ရွယ်ရွယ်။ ၁၉ နှစ်သားပင် မပြည့်သေး။ သူကြီးဖြစ်ပြီး မကြာမီ ခေတ်စံနစ်က ပြောင်းသွားသည်။ ခေတ်စနစ်နှင့်အညီ အုပ်ချုပ်မှုပုံစံတွေ ပြောင်းသွားသည်။

သူကြီးဟူသော ရာထူးသည် ငုတ်တုတ်ထင်ရှား သူကြီးများရှိပါလျက် စုတိကွေ့သွားသည်။ ဥက္ကဋ္ဌတွေ ဖြစ်လာသည်။ တစ်ဦးတည်း အာဏာစိုးပိုင်ရာမှ ကော်မတီဖွဲ့အုပ်ချုပ်သည့် စံနစ်ဖြစ်လာသည်။

ဖြစ်ပင်ဖြစ်သော်လည်း ရှေးရိုးအစဉ်အလာက ရုတ်ခြည်း မပြောင်းလဲသေး။ ဦးစံပကို ဥက္ကဋ္ဌ တာဝန်ပေးလျက် ဆက်အုပ်ချုပ်စေသည်။ ကော်မတီဖြင့် ဆုံးဖြတ် ကော်မတီဖြင့် အုပ်ချုပ်သည်ဆိုကြားလည်း အာဏာက ဥက္ကဋ္ဌ လက်ထဲတွင်ပင်။

ဦးစံပသည် သူကြီးဘဝမှ ဥက္ကဋ္ဌဘဝသို့ အရှင်လတ်လတ် ကူးပြောင်းသွားသော်လည်း ရွာသူရွာသားများက သူကြီးဟုသာ ခေါ်သည်။ သူကြီးအဖြစ်သာ သတ်မှတ်သည်။ ကလေးရော လူကြီးပါ သူကြီးဟုသာ ခေါ်နေသည်။

သူကြီး ဦးစံပသည် နှစ်ရှည်ကြာစွာ အုပ်ချုပ်ခဲ့ပြီး ဥက္ကဋ္ဌ တာဝန်ကို လွှဲပြောင်းပေးလိုက်သော်လည်း ရွာသူရွာသားများက သူကြီးဟုပင် သတ်မှတ်ထားဆဲ။ ရပ်ရေးရွာရေးကိစ္စဆိုလျှင် ဦးစံပကိုသာ အားကိုးဆဲ။ ဥက္ကဋ္ဌ ပြောင်းသွားသော်လည်း စီပိုင်းရွာသားများကမူ ဦးစံပသာ သူတို့ရွာအကြီးအကဲဟု ယူဆထားဆဲ။

ဦးစံပကလည်း ရွာအတွက်ဆိုလျှင် ရှေ့တန်းက မားမားမတ်မတ် ရပ်သည်။ အကုန်အကျခံသည်။ အနစ်နာခံစရာရှိလျှင် သူသာ





အနစ်နာခံသည်။ ဤသို့ အစဉ်အလာအတိုင်း စောင့်ရှောက်ခဲ့၍ ဦးစံပ [illegible]သော ရွာသားများအပေါ် တည်သည်။

ရွာတိုးတက်ရေး ဖွံ့ဖြိုးရေးအတွက် ဘာလုပ်ပေးရမလဲဟု [illegible]ကြံဆနေသည်။ ဦးစံပ အတွေးတွင် ဒိုးနွယ်ရွာသူကြီး ဦးအောင်[illegible] ပုံရိပ်ကထင်လာသည်။ ဦးအောင်ပွင့်က သူနှင့်ခေတ်ပြိုင်။ သူ့လို[illegible] ခေတ်အဆက်ဆက် တွင်ကျယ်ခဲ့သူ။ ယနေ့ထိ ရွာအပေါ် ဩဇာ[illegible]ခဲ့သူ။

သူကြီးဦးအောင်ပွင့်က သူ့ရွာသားတွေကို ဘောလုံးအသင်း [illegible]ပေးပြီး မြို့နယ်ဥက္ကဋ္ဌဒိုင်းပြိုင်ပွဲလာဝင်သည်ကို တွေ့လိုက်သည်။ [illegible]ပွဲကို ကြည့်မိလိုက်သည်။ ဦးအောင်ပွင့်ကို ကြည့်ပြီး အားကျသွားသည်။

တည်းခိုနေသည့် ဆရာ ဦးတင်အောင်အိမ် ပြန်အရောက်တွင် [illegible]ကိစ္စကို စုံစမ်းကြည့်သည်။

'သူကြီးက ဘောလုံးအသင်း ထောင်ချင်လို့လား'

'ဟုတ်တယ် ဆရာလေးရာ၊ ကိုအောင်ပွင့် ကြည့်ပြီး အားကျ[illegible]ယ်၊ တခြားရွာတွေ တိုးတက်တာမြင်တော့ ကိုယ့်ရွာသားကိုလည်း တိုးတက်စေချင်တယ်'

'ကောင်းတဲ့စိတ်ကူးပဲ သူကြီးရဲ့'

'စိတ်ကူးကောင်းပေမဲ့ အကောင်အထည်ဖော်ဖို့ ခက်သား[illegible]လား၊ ကျုပ်က ဘာမှမသိဘူး၊ နားမလည်ဘူး'

ရွာမူလတန်းကျောင်းတွင် ဆရာလာလုပ်သွားသည့် ဦးတင်အောင်နှင့် မူလကတည်းက ရင်းရင်းနှီးနှီးရှိ၍ ပွင့်ပွင့်လင်းလင်း ပြောလိုက်သည်။ ဆရာဦးတင်အောင်က အငြိမ်းစားယူသွားသော်လည်း ခုချိန်ထိ ရွာအပေါ် သံယောဇဉ်ရှိသည်။ ဦးစံပနှင့်အတူ ရွာအကျိုးဆောင်ရွက်ခဲ့သဖြင့် တစ်ဦးစိတ်ထားလည်း တစ်ဦးသိသည့် ဦးစံပ



www.burmeseclassic.com

www.burmeseclassic.com



အကူအညီတောင်းလာခြင်းမှာ အမှန်ပင် သွေးဆာနေ၍မှန်း သိလိုက်သည်။

'ဘောလုံးအသင်းထောင်ကြ ဘာခက်လဲ သူကြီးရာ၊ ကိုယ့်ရွာကလူငယ်တွေစု လေ့ကျင့်၊ တစ်ရွာနဲ့တစ်ရွာချိန်းကန်၊ ဟုတ္တိပတ္တိ ဖြစ်ပြီဆိုတော့ မြို့ပေါ်တက်ကန်၊ ဒါပဲပေါ့'

'ဟ… ဒါပဲပေါ့ဆိုတာ လွယ်တယ် ဆရာလေး၊ ကျုပ်က ဒါနဲ့ပတ်သက်လို့ တစ်ခုမှ မသိဘူး'

'ဘောလုံးကန်ရင် တစ်ဖက်ဆယ့်တစ်ယောက်ကန်ရတာတော့ သိတယ်ပေါ့'

'ဒီလောက်တော့ သိတာပေါ့ ဆရာလေးရာ'

'ဒါဆို လူဆယ့်တစ်ယောက်ရွေး'

'ဟုတ်ပြီဗျာ'

'အရင်အင်အားအနေနဲ့ ဆယ်ယောက် ဆယ့်တစ်ယောက်ထား ဘောလုံးကန်ရင် နှာတယ်ပြုတယ်ဖြစ်ရင်လဲဖို့'

'ရပြီထား'

'အဟက်… လွယ်လွယ်ကူကူ မရလိုက်နဲ့ သူကြီး၊ ဒီကလေးတွေ ဘောလုံးကန်ချင်အောင် စည်းရုံးရတာ လွယ်တယ်မထင်နဲ့'

'ရပါတယ်၊ ကျုပ်လူတွေက ကျုပ်ရှေ့က လုပ်ပြရင်ပါပြီးသား'

'အင်း… ဒါတော့ ယုံတယ်၊ ဒါပေမဲ့ ဘောလုံးကန်ချင်တိုင်း ကန်လို့မဖြစ်တာတွေ ရှိတယ် သူကြီး၊ တချို့က ဒါ အပိုအလုပ်၊ ဘောလုံးကန်လို့ ထမင်းစားရတာမဟုတ်ဘူးလို့ မြင်တဲ့ မိဘတွေရှိတယ်'

'ဟုတ်သားပဲ'ဟု တွေးလိုက်သည်။ လူတိုင်းက ဝမ်းရေးအတွက် ကြက်လို အစာယက်ရှာနေရတဲ့အချိန်။ တစ်နေ့လုပ်မှတစ်နေ့





စားကြရသည့်ဘဝ။ ဘောလုံးကစားဖို့ ဖောင်းပေးမထားနိုင်။ မျက်လုံးထဲတွင် ဘောလုံးသမားဆယ့်တစ်ယောက်ကို မြင်ထား အကြမ်းဖျင်းရွေးထားပေမဲ့ ထိုသူတွေ၏ အခက်အခဲကို မြင်လိုက်သည်။

'ဘယ်လိုလဲ သူကြီး၊ တွေးမိပြီး တွန့်သွားပြီလား'

'မတွန့်ပါဘူး'

'မတွန့်ရင်တော့ လုပ်လို့ဖြစ်ပါတယ်၊ ဘောလုံးနဲ့ပတ်သက်တဲ့ စည်းမျဉ်းစည်းကမ်းနဲ့ ကန်ပုံကန်နည်းစာအုပ်ကို ကျုပ် ငှားလိုက်မယ်၊ ဒါပေမဲ့ ဖတ်ကြည့်၊ မရှင်းတာမေး၊ ကျုပ် မသိရင် သိတဲ့လူ မေးပေးမယ်'

'ကောင်းတာပေါ့ ဆရာလေးရယ်'

'ဒါနဲ့ ကျုပ်မေးပါဦးမယ်၊ ဘောလုံးအသင်းဖွဲ့ဖို့ ဘယ်လို စိတ်ကူးရတာလဲ'

'အင်း… ပြောရရင်တော့ အရှည်ကြီးပဲ၊ တဒင်္ဂတွေးမိတဲ့ အတွေးက အကျိုးရှိမဲ့ ခရီးရှည်ကြီး စဉ်းစားမိတာပါ၊ လိုရင်းပြောရရင် ဆရာရယ် အခု ကျုပ်တို့ရွာမှာ အလုပ်မရှိ၊ အကိုင်မရှိ တစ်ရာ့ကိုး၊ တစ်ရာ့တစ်ဆယ်တွေရှိတယ်၊ ဒီလူတွေဟာ လပ်လျားလပ်လျားနဲ့ အချိန်ကုန်နေတယ်၊ အကျိုးမဲ့အချိန်ဖြုန်းနေတဲ့ ဒီလူတွေက ဘာနဲ့စားနေလဲ၊ အလုပ်မလုပ်ဘဲ ထမင်းစားနိုင်တာဟာ မှန်ကန်နဲ့ နည်းလမ်းနဲ့ မဟုတ်နိုင်ဘူး၊ ပွင့်ပွင့်လင်းလင်း ပြောရရင် ဒီလူတွေဟာ ပြောင်ပြောင်တင်းတင်း ဥပဒေချိုးဖောက်နေတယ်၊ မမိသေးလို့ အရေးမယူနိုင်သေးတာပဲရှိတယ်၊ လူကောင်းသူကောင်းတွေ မဟုတ်ဘူး'

'သူကြီးပြောမှ ကျုပ် သဘောပေါက်ပြီ၊ လူဆိုးသူခိုးတွေ ညည့်ဆိုးစရိုက်ဆိုးက ပြောင်းသွားအောင် အားကစားနဲ့ ထိန်းသွားမယ်၊ ဒီလိုမဟုတ်လား'



www.burmeseclassic.com

www.burmeseclassic.com



'အဲဒါက အဓိက၊ နောက်တစ်ခုက သူများရွာတိုးတက်တာ မြင်တော့ ကိုယ့်ရွာလည်း တိုးတက်စေချင်တယ်'

'ကြိုက်ပြီ၊ ခင်ဗျား စေတနာ လေးစားတယ်၊ ကျုပ် ကူညီမယ်၊ စာအုပ်သာမကဘူး၊ ဘောလုံးကန်ဖြစ်အောင် ဘောလုံးအဟောင်း တစ်လုံးပါ လက်ဆောင်ပေးလိုက်ဦးမယ်'

ဆရာဦးတင်အောင်၏ ပံ့ပိုးမှုဖြင့် ဘောလုံးအသင်းဖွဲ့ဖို့ အားထုတ်ရာ စိမ်မရောက်မီကပင် မြားကုန်နေသည်။ အဖြစ်အပျက်က ရည်မှန်းချက်ကိုပင် စွန့်လွှတ်ရတော့မည့် ကိန်း။

မြူစွမ်ပြုတ်ပန်းကန်ချလိုက်ပြီး ဖခင်ကြီးကို အိပ်ရာထက်မှ ပွေ့ထူလိုက်သည်။ စုတ်သပ်ညည်းညူရင်း လူးလဲထသည့် ဖခင်ကြီး ကြည့်ပြီး မြလေးစိန် စိတ်မကောင်းဖြစ်ရသည်။

'အဖေကလည်း အဖေပဲ၊ အမေဆူချင်လည်း ဆူချင်စရာ'

'ဟော… သမီးကပါ အဖေ့ကို အပြစ်တင်နေပြန်ပြီ'

'တင်တာမဟုတ်ဘူးလေ၊ အဖေ့အသက်အရွယ်နဲ့ ဘောလုံးကန်ရတယ်လို့'

'အဖေ မကန်ပါဘူး၊ ကွင်းဖွင့်သဘော တစ်လုံးတည်း ကန်တာ၊ ကန်ချက်လွဲသွားတာတော့ အဖေလည်း မတတ်နိုင်ဘူး'

မြလေးစိန်က ဖခင်စကားကြောင့် စိတ်မသက်မသာပြုံးလိုက်သည်။ သူ့စကား မှားသွားမှန်း သိလိုက်သည်။ မြူစွမ်ခွက် ကောက်ယူပြီး ဖခင်ကြီးလက်ထဲ ထည့်ပေးလိုက်သည်။

'အင်း… အဖေ ဒီနေ့ ဒီလိုဖြစ်တာ နင်တို့အမေ အပြစ်ပါတယ်'

'ဟောတော်'





'မဟောနဲ့ မတော်နဲ့ သမီးရေ၊ သင်းက သမီးမိန်းကလေးတွေချည်းမွေးထားတော့ ငါ အားကိုးစရာမရှိဘူးလေ၊ သားယောကျ်ားလေးသာပါရင် ငါ့သား ဒါလုပ်ကွာ၊ ဒီလိုလုပ်ကွာလို့ ခိုင်းရုံပဲ'

'အဖေကလည်း'

'မလဲနဲ့၊ သမီး အစ်မ ယူထားတဲ့ သောင်းဖေတင့်ကလည်း ဘုန်းကြီးလူထွက်၊ ဘာတစ်ခုမှ ကျားကျားလျားလျား အားမကိုးရဘူး'

'ပြောရေ့မယ် အဖေကတော့၊ ခဲအိုအလုပ်လုပ်နေလို့ အဖေ အေးအေးချမ်းချမ်းနေနေရတာပဲ၊ လယ်တွေကိစ္စ အဖေလှည့်ကြည့်ရလို့လား'

'ဒါပဲရတာ၊ လယ်လုပ်တာကလွဲပြီး ဘာသိလဲ၊ ဒီမယ် သမီး အဖေ ၁၉ နှစ်သားက သူကြီးဖြစ်တယ်၊ ရွာလူကြီးအဖြစ် အနှစ် ၃၀ ကျော် လုပ်ခဲ့တယ်၊ ထုံးတမ်းစဉ်လာအရဆို ဥက္ကဋ္ဌရာထူးကို အဖေ့သားသမီးတွေ မဖြစ်သင့်ဘူးလား'

'ခေတ်က အဲဒီခေတ်မှ မဟုတ်တော့တာ'

'ဘယ်ခေတ်ဖြစ်ဖြစ်ပါ၊ အရေးကြီးတာ အရည်အချင်းရှိဖို့ပဲ၊ အဲ… အရည်အချင်းရှိတော့လည်း သမီးမိန်းကလေးတွေဖြစ်နေတော့ အားမကိုးရပြန်ဘူး'

'အဖေ ပြောပုံအရဆို သမီးတို့က ဘောလုံးကန်ရတော့မလို ဖြစ်နေပြီ'

ဦးစံပက သူ့သမီးစကားကို သဘောကျဟန်ဖြင့် ခပ်တိုးတိုး ရယ်လိုက်သည်။

'ကန်ရမယ်၊ သမီးတို့လည်း ကန်သင့်ရင် ကန်ရမယ်၊ ဒါ ကျန်းမာရေး၊ ကျန်းမာမှ အလုပ်လုပ်နိုင်မယ်၊ အလုပ်လုပ်မှ စီးပွားရမယ်၊ စီးပွားဖြစ်မှ လူ့နိုင်တန်းနိုင်မယ်၊ အလုပ်သဘောတရားတွေကို ဆက်စပ်နေတာ၊ ဘောလုံးကစားတာကို အလုပ်လို့မတင်သမျှ တို့ လူမျိုးတွေ မတိုးတက်နိုင်သေးဘူး'



www.burmeseclassic.com

www.burmeseclassic.com



'ဩော်… ဘောလုံးကန်တာ အလုပ်ဟုတ်လား ကိုစံပ'

ဘယ်နေရာက ချောင်းနားထောင်နေမှန်းမသိသော မိခင်ကြီး အသံကြောင့် သားအဖနှစ်ယောက် တစ်ယောက်ကိုတစ်ယောက် မျက်လုံးပြူးကြည့်လိုက်သည်။ ဦးစံပက မသိလေဟန်ဖြင့် မြူစွမ်ပြုတ်သောက်နေလိုက်သည်။

'ဒီစကားကို ရှင့်အဖေ သင်ထားတာလား'

'ဟာ… ဘယ်နှယ် ငါ့အဖေ ပါလာရတာလဲ'

'ပါရမယ်လေ၊ မိဘသြဝါဒ အမြဲနားထောင်တဲ့ သားဆိုတော့ ရှင့်အယူအဆဟာ ရှင့်အဖေအယူအဆပဲ ဖြစ်မှာပေါ့၊ ဒီမယ် ကိုစံပ ကျုပ်သမီးကို ဗိုင်းကောင်းကျောက်ဖိ မွေးထားတာ၊ မိန်းကလေးတန်မဲ့ ဘောင်းဘီတိုဝတ်ပြီး လူပုံလယ်ရပ်မပြနိုင်ဘူး'

'ဟ… ဒါ ကျန်းမာရေးအတွက်ကွ'

'ကျန်းမာရေး… ကျန်းမာရေး… အဟ… ကျန်းမာရေးကောင်းလိုက်တာ အိပ်ရာပေါ် ရောက်နေပြီ၊ ရှင်ဟာလေ ရှုံးတယ်လို့ ပြောတော့လည်း နာတတ်တယ်'

'ဟ… မနာဘဲ နေမလား၊ ငါမှ မရှုံးတာ'

'မရှုံးဘူး ဟုတ်လား၊ စိတ်ချသွက်သွက်ခါ ရှုံးသွားစေ့မယ်၊ ရှင် ဒီအလုပ်ဆက်လုပ်လို့ မရှုံးရင် မိရွှေမုံကို လူလို့မပြောနဲ့'

'လုပ်မယ်ကွာ၊ ဆက်လုပ်မယ်ကွာ၊ မင်း ခုလိုပြောလို့မဖြစ်ဖြစ်အောင်လုပ်ပြမယ်၊ မြလေးစိန် အဖေ့ကို တွဲထူစမ်း'

သူကြီး ဦးစံပက မြူစွမ်ပန်းကန်ကို ဒုန်းခနဲ ပစ်ချလိုက်ပြီး လက်ထောက်လျက် ထရန်ပြင်သည်။ တစ်ဝက်နှင့်ပင် ပြန်ထိုင်ကျသွားပြီး စုတ်သပ်ညည်းညူသည်။

'အဖေကလည်းလေ ကိုယ့်အတွက်ပြောလို့ပြောမှန်းမသိဘူး' ဟု မြလေးစိန် ဝင်ပြောလိုက်ရသည်။





သူကြီးကတော်က ဒေါသဖြစ်ဟန်ဖြင့် ခြေဆောင့်ပြီး ပြန်ထွက်သွားသည်။ ဦးစံပက တောက်ခေါက်လျက် ကျိတ်မနိုင်ခဲမရဖြစ်နေပြန်သည်။

'ဟော… ဘာတွေဖြစ်နေကြတာလဲ သူကြီး၊ ခြေထောက်ကို သိပ်မရွေ့လျားနဲ့ဦး၊ ပျောက်ရမယ့်အနာ ပိုကြာသွားမယ်'

ဆေးဆရာ ဦးမြဒင် အချိန်မီရောက်လာ၍ ဖွတ်တရွတ်ငုပ်သည့် ဖခင်ကြီး ရပ်သွားသည်။ ရောက်မျှားရောက်မလာလျှင် ဘယ်လောက်ကြမ်းနေ ရမ်းနေမည်မသိ။

ဦးမြဒင်က ဖခင်၏ ခြေထောက်ကို စည်းနှောင်ထားသည့် ပတ်တီးဖြေပြီး ဆေးသစ်ထည့်ပေးသည်။ ပတ်တီးပြန်စည်းပေးပြီး ဆင်ဆင်ခြင်ခြင်နေရန် သတိပေးသည်။

မြလေးစိန်က ဖခင်ကြီး ပစ်ချလိုက်သဖြင့် ဖိတ်စင်ကုန်သည့် မြူစွမ်တွေကို ရှင်းလင်းလိုက်ပြီး ပန်းကန်တွေဆေးကြောပစ်ရန် ညီမလှလေးစိန်ကို ကမ်းပေးသည်။ လှလေးစိန် မီးဖိုချောင်ထဲ ပြန်ဝင်သွားသည်။ မီးဖိုချောင်ထဲ ရောက်နေသည့် မိခင်ကြီးထံမှ မြည်တွန်တောက်တီးသံတွေ ကြားနေရသည်။ အဖေနှင့် အမေကြားတွင် မြလေးစိန်တို့ညီအစ်မတွေ ဘယ်လိုနေရမှန်းမသိ။

အဖေ့ကိုတော့ ဖျောင်းဖျရမည်မဟုတ်။ အမေကလည်း ကြည်ဖြူမည် မထင်။ ဘောလုံးတစ်လုံး ရွာရောက်လာခြင်းသည် မျောက်လက်ထဲ မီးတုတ်ထည့်ပေးလိုက်သည့်အလား။ မျောက်က သိပ်မိုလ်ပြည် မီးရှို့သည်။ အဖေ့လက်ထဲပါလာသည့် ဘောလုံးကမူ စီပိုင်းရွာကို ပြာကျစေမှာလား၊ ဖွံ့ဖြိုးတိုးတက်စေမှာလား စောင့်ကြည့်ရပေဦးတော့မည်။



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၃)

ဝါးခနဲ အော်ရယ်လိုက်သံက ထန်းတောတစ်ခုလုံး သိမ့်သိမ့် တုန်သွားသည် ထင်ရသည်။ အသံလာရာဆီသို့ ပြုံးချိုမော့ကြည့်လိုက်သည်။

ခပ်ပြေပြေ တောင်ကုန်းလေးထက်ရှိ ထန်းပင်အောက်တွင် သံချောင်းတို့အုပ်စု ဝိုင်းဖွဲ့နေပြီ။ သည်အုပ်စုရောက်နေသည်မှာ သူ ထန်းရည်သွားမပို့ခင်ကတည်းက။ သူတို့ဝိုင်းဘေးတွင် မြူအိုးတွေလည်း ထပ်နေပြီ။ ခုထက်ထိ မမူးသေးလားမသိ။

'ဟေ့ကောင်… သံချောင်း၊ မင်းတို့ မတော်ကြသေးဘူးလား'

'ဟော… ပြန်လာပြီ၊ သူကြီးသမက်လောင်း လူသူတော်ကောင်းလေး ပြန်လာပြီ'

'မင်းက ပြောရော့မယ်'

မူးမူးရူးရူးနှင့် ပြောချင်ရာပြောနေသည့် သံချောင်းပါးစပ် ပိတ်ထားဖို့လိုသည်။ လူပုံလည်ရောက်လျှင် သူကြီးသမက် သူကြီးသမက်ဟု ခေါ်တတ်သည်က မကောင်း။ သူနှင့်မြလေးစိန်၏ချစ်ခြင်းကို ထိခိုက်နိုင်သည်။ နဂိုကတည်းက ကြည်ဖြူချင်ပုံမရသည့် အရိုး





ခေါ် ရွှေမှုံထံ ဤသတင်းရောက်သွားလျှင် အပ်နှင့်ထွင်းရမည့်ကိစ္စ ပုဆိန် နှင့် ပေါက်ထုတ်ရသည်ထက် ခက်သွားမည်။

'ငါက ပြောရော့မယ်ဆိုတော့ မင်း မဟုတ်ဘူးလို့ ဝန်ခံတာ လား ပြုံးချို'

'မင်းကလည်းကွာ၊ သောက်မှာ သောက်စမ်းပါ သူငယ်ချင်း ရာ၊ အချင်းချင်းတွေ မရစ်ချင်စမ်းပါနဲ့'

'အဟား…ဟား… ဟား… ဒီမယ် သူငယ်ချင်းတို့ ဟော ဒီ ငါ့သူငယ်ချင်း သူကြီးသမက်လောင်း လူသူတော်စင်လေးလုပ်ပုံ ကြည့်၊ သင်းတို့မိသားစုက ထန်းရည်တက်ရောင်းတယ်၊ ဒါပေမဲ့ ဒီ ကောင်က ထန်းရည်မသောက်ဘူး၊ သောက်ဖို့ မပြောနဲ့၊ အနံ့တောင် ခံဘူး'

'ဟုတ်ရဲ့လား သံချောင်းရဲ့၊ ထန်းသမား ထန်းရည်မသောက် ဘူးဆိုတာတော့ မယုံ၊ မယုံရေးချ မယုံ၊ ဟိုဒင်းစားပြတောင် မယုံ ဘူး၊ ကြိုက်လို့စားပြတာပဲဖြစ်မယ်'

'ဟေ့ကောင် သန်းစိန်၊ ရန်စကား မပြောနဲ့ကွာ၊ မင်းတို့ သောက်ချင်သေးရင် ငါ ထပ်ချပေးမယ်'

'သောက်မှာ တို့က မင်းယောက္ခမလောင်းကြီးအကြောင်း ပြောရင်း သောက်နေဦးမှာ၊ ပေး… တစ်မြူ ထပ်ပေး'

ပြုံးချိုက ဂျီကျနေသည့် သူ့သူငယ်ချင်းတွေ အေးငြိမ်းပါ စေတော့ဟူသော အတွေးနှင့် ထန်းရည်တစ်မြူချပေးသည်။ သန်းစိန်က ပြုံးချိုလက်ကို ဖမ်းဆွဲပြီး ထိုင်ခိုင်းသည်။ မထိုင်ပါရစေနဲ့။ အလုပ်ရှိသေးလို့ပါဟု ပြောလည်းမရ။ စိတ်ပျက်လက်ပျက် ထိုင်လိုက်ရသည်။

'တို့ပြောနေတာ မင်းယောက္ခမလောင်းကြီး ဘောလုံးကန် ကောင်းပုံပြောနေတာကွ၊ တို့ရွာမှာ စတိုင်ထုတ်ပြီး ကန်ပြလို့ ရယ်ရ



www.burmeseclassic.com

www.burmeseclassic.com



တယ်၊ ဘောလုံးကန်တာ လူကသဲပုံထဲ ၠမ်းစိုက်လို့၊ အဟား… ဟား… ဟား…’

‘မင်းတို့တော့ ငရဲကြီးမယ်၊ လူကြီးပြောတာ’

‘အဟား… ဟား… ယောက္ခမထိတော့ မချိအောင်နာနေတယ်၊ မင့်ယောက္ခမ ဘောလုံးသမားက ခြေသလုံး ဟောဒီလောက် ပဲရှိတယ်၊ အဟား… ဟား’

သန်းစိန်က ခါးတွင်ထိုးထားသည့် ပုလွေကို ထုတ်ယူပြီး ထောင်ပြလိုက်ရာ ရယ်သံတွေ ညံသွားပြန်သည်။

‘အဟဲ… ခြေသလုံးသာသေးတာမောင်၊ ပေါင်ကတော့ ဟောသလောက်ကြီးတာ’

သန်းစိန်က လက်နှစ်ဖက်ကို ကာထားရာမှ တဖြည်းဖြည်း စုပြလိုက်ရာ လက်ဖက်ရည်သောက်ပန်းကန်လုံးလောက်သာကျန်သည့် နမူနာပြပုံကြောင့် အူနှိပ်ပြီး ရယ်ကြပြန်သည်။ ပြုံးချိုလည်း စိတ်ညစ်ညစ်နှင့် ရယ်မိသည်။

‘အမယ်… ခြေတံလက်တံသာ သေးတာ၊ လူကိုယ်လုံးက ဆင်နင်းထားတဲ့ ငါးခြောက်ပြားလို ပြားလို့ ကပ်လို့’

သန်းစိန်က ဟန်အမူအရာသာမက အသံထွက်က ရယ်စရာ။ ပြားဟူသော စကားကို ခပ်ရှည်ရှည်ဆွဲထားပြီးလို့ဟူသော စကားပြောလျက် မျက်လုံးပြူးပြသည်။ မဲ့ပြပြီး အော်ရယ်လိုက်သည်။

‘မင်းတို့က အဘိုးကြီး ဘောလုံးကန်ကောင်းတာသာပြောနေ၊ သူ့သားမက် ပြုံးချိုတော့ မချီးကျူးဘူး’

သံချောင်းက ပြုံးချိုခေါင်း ဆွဲနှိမ်၊ ကျောကို ဖြန်းခနဲ မြည်သွားအောင် လက်ဝါးနှင့် ရိုက်ချလိုက်ပြီး ရယ်သည်။ စပုံနောက်ပုံတွေက မခံသာ။ အကြောင်းမသိလျှင် ရိုက်ပေါက်။

‘အဟီး… ဟီး… ဒီကောင့်ယောက္ခမက ငါတို့ကို ဘောလုံး





ကန်တတ်ဘူးလို့ ပြောတာ မကျေနပ်ဘူးသိလား၊ တို့က အပါးပဲကွ၊ ကန်ချင်တော့ မကန်တတ်ဘူးလို့ ပြောလိုက်တယ်၊ ဒီတော့ ဘေးရပ်ကြည့်ခွင့်ရရော၊ ပြုံးချိုတို့တစ်သိုက် သဲခုံပေါ်မှာ စီးချင်းထိုးနေတော့ ကိုကြ ဘာလုပ်နေလဲ သိလား’

‘မသိလို့ပါ ဆရာရယ် ပြောပြပါလားကွယ်’

‘မေ့နေတဲ့သူကြီး မြန်မြန်ချောသွားပါစေဆိုပြီး ဆုတောင်းပေးနေတာ၊ အဟား… ဟား… သာဓု ခေါ်ကြ၊ သာဓုခေါ်ကြ’

‘သာဓု… သာဓု… သာဓု… အဟောသုခံ ကောင်းလေစွ၊ ကောင်းလေစွ’

သန်းစိန်တို့အုပ်စုအကြောင်း တစ်ရွာလုံးက သိသည်။ ရွာအောကြောလဲ။ မနက်မိုးလင်းက မိုးချုပ်ထိ ထန်းရည်သောက်။ ထန်းရည်မှုးတော့ ပတ်ဝန်းကျင်က မခံနိုင်အောင် အော်လားအော်ရဲ့။ ဆဲလားဆဲရဲ့။ သူတို့နှင့် ဖက်ပြိုင်ရန်မဖြစ်ချင်တော့ ဝေးဝေးကရှောင်သည်။ ဤသို့ရှောင်သည်ကိုပင် ကြောက်ရွံ့သည်ဟု ထင်နေသည်။

အလုပ်ကို လက်ကြောတင်းအောင် မလုပ်ချင်ဘဲ ထန်းရည်အရက် နေ့တိုင်းသောက်နိုင်အောင် နေကြခြင်းမှာ ချမ်းသာကြွယ်ဝ၍မဟုတ်။ ရရစားစား ဝါးဝါးမျိုမျိုသမားတွေမို့ ငွေကပ်သည်ဟုမရှိ။ ငွေမရှိလည်း အကြောင်းမဟုတ်။ ပြုံးချိုကို အနိုင်ကျင့်ပြီး ထန်းရည်သောက်နေကျ။ ခုပင် ထန်းရည်တစ်မြူ ပေးလိုက်ရပြီ။

‘ဟေ့ကောင် ပြုံးချို၊ မင်းကို ငါ မေးမယ်၊ မှန်မှန်ဖြေ’

‘အေးပါ’

‘အမှန် ဖြေမှာနော်’

‘အင်း’

‘မင်းယောက္ခမကြီးက ဘောလုံးကန်နိုင်းရင် ကန်မှာလား’

‘ကန်မှာပေါ့’



www.burmeseclassic.com

www.burmeseclassic.com



'ဘောလုံးကန်ရင် ဘယ်လိုထန်းရည်တက်မလဲ'

'ကြည့်လုပ်ရမှာပေါ့'

'ဟောကောင် သံချောင်း၊ မင်းက ဒီကောင့်အတွက် ဘာတွေးပူနေတာလဲ၊ ထန်းမတက်ရလည်း အကြောင်းမဟုတ်ဘူး၊ ယောက္ခမက ချမ်းသာပြီးသား၊ ဟုတ်တယ်နော် သူငယ်ချင်း'

မဟုတ်က ဟုတ်ကပြော။ တစ်ဖက်သား နားမခံသာအောင်ခနဲ့သည့်သူကောင့်သားတွေ မူးပြီး မှောက်ကုန်အောင် ထန်းရည်တွေဖောဖောသီသီ ချပေးလိုက်သည်။ မူးပြီးမှောက်ကုန်မှ ပြုံးချိုလည်းသွတ်ငြိမ်းချမ်းသာခွင့်ရတော့သည်။

ရွာအနောက်ဘက် တစ်ခေါ်လောက်မှဖြတ်စီးသည့် ပုလွေချောင်းက စီပိုင်းရွာသူရွာသားများနှင့် အစိတ်အပိုင်း တော်တော် များများဆက်စပ်နေသည်။

သည်ချောင်းရေကို သွယ်ပြီး စိုက်ကြပျိုးကြသည်။

သည်ချောင်းရေတွင် ကျွဲနွားရေချသည်။

သည်ချောင်းသဲခုံတွင် လက်ယက်သဲတွင်းများ တူးလျက်သောက်ရေခပ်သည်။ သဲတွင်းရေက သာမန်တွင်းရေ ကန်ရေနှင့်မတူ။ သန့်သည် အေးသည်။ ကြည်သည်။

မိုးကျပြီး ရေလာသည့်အခါ မျောပါလာသည့် သစ်၊ ဝါး၊ ထင်းကလည်း စီပိုင်ရွာသားတို့ကို တစ်စိတ်တစ်ပိုင်းအကျိုးပြုသည်။

ရေကျချိန်ပေါ်သည့် သောင်တွေ၊ ကျွန်းတွေက ရွာသားတို့လုပ်စားဖို့ မြေတွေ၊ ယာတွေဖြစ်သည်။ သည်သောင်တွင် ဖူး၊ ဖရုံ၊ ဖရဲ စသည့် သီးနှံတွေစိုက်သည်။ မြေပဲစိုက်သူတွေ အကျိုးရှိ၍ယခုအခါ သောင်ကျွန်းတွေ၌ မြေပဲခင်းတွေချည်း။





ရွာသူရွာသားတွေ ဘောလုံးကွင်းအဖြစ် အသုံးပြုသည့် သဲသောင်ခုံက အများပိုင်မြေ။ သည်သောင်တွင် ဘယ်သူမှ လုပ်စားခွင့်မပြု။ ရွာသားအားလုံးပိုင်သည့် ရွာပိုင်ကစားကွင်း။ သည်သောင်တွင်ကလေးတွေ စစ်တိုက်တန်းကစားလေ့ရှိသည်။ ထုတ်စီးတိုးလေ့ရှိသည်။ သူခိုးပုလိပ်လိုက်လေ့ရှိသည်။

ကျေးရွာကာကွယ်ရေးအတွက် ပျူစောထီးတပ်ဖွဲ့ထားစဉ် ဤသောင်ခုံ၌ ရွာသူရွာသားတွေ စစ်ရေးလေ့ကျင့်ရသည်။ ပျူစောထီးဗိုလ်ဦးတင်မောင်က စစ်သင်တန်းပေးသည်။ ကိုယ့်ရွာလုံခြုံရေးကိုယ်တိုင် စောင့်ရှောက်ကာကွယ်ပေးဟူသော ဆောင်ပုဒ်နှင့်အညီ ကာကွယ်နိုင်ရန် ဟူ၍ စစ်သင်တန်း ဆင်းရသည်။ သေနတ်အစား ဝါးချွန်တွေကိုင်ပြီး တိုက်ပွဲဝင်လေ့ကျင့်ခန်း လုပ်ရသည်။

ဝါးချွန်ကိုင် စစ်သားတွေကို ပျူစောထီးဗိုလ်က ရင်ပေါ်တန်းရပ်ခိုင်းသည်။ 'အံပြေးတက်၊ လှံစွပ်ထုတ်၊ ကျားထိုး' ဟု အမိန့်ပေးသည်။ စစ်ပညာကို နကန်းတစ်လုံးမျှ နားမလည်သည့် ရွာသားများက သဲခုံပေါ်ပြေးရသည်။ ကျားဟု ညာသံပေးဟစ်ကြွေးပြီး လှံစွပ်တိုက်ပွဲ ဆင်နွှဲရသည်။ သဲကန္တာရ တိုက်ပွဲဝင်ဖို့လားမသိ။ ချောင်းသဲခုံပေါ် ပြေး၊ ထောက်၊ မှောက်၊ လှိမ့်ဟု ခိုင်းသမျှ လိုက်လုပ်သည်။

ခုတော့ သဲခုံက ပိုအသုံးဝင်နေပြီ။ သူကြီး ဦးစံပ တူထောင်သည့် ဘောလုံးအသင်းက သည်မှာလေ့ကျင့်သည်။ တစ်ဖက်နှင့်တစ်ဖက် အသင်းခွဲကစားမည့်အချိန် ဂိုးအဖြစ် ဝါးတိုင်စိုက်လိုက်ရုံသာ။

သဲခုံပေါ် ကစားရာ၌ လဲပြိုကျလို့ နာမှာလည်း မစိုးရိမ်ရ။ ကွဲမှာလည်း မစိုးရိမ်ရ။ သဲခုံက ကွမ်းကပ်ကြီးနှယ် ခံထား၍ အကျပင်ကောင်းသေး။ သဲခုံထဲ ကစားရသည်မှာ သဲရုန်းရသဖြင့် ပြေးသလောက် ခရီးမတွင်တာ၊ ပိုမိုမောပန်းတာပဲ အပြစ်တင်စရာရှိသည်။

ကာလသားတွေ ဘောလုံးကစားမှ ချောင်းခုံက လူပိုစည်ကား



www.burmeseclassic.com

www.burmeseclassic.com



လာသည်။ ကာလသမီးတွေက ချောင်းရေခပ်ဆင်းသည်။ ရေခပ်ဆင်းသူနှင့် ဘောလုံးကစားသူတို့သည် သောင်ပြင်တွင် ဆုံဆည်းသည်။ မေတ္တာမျှကြသည်။ ရေခပ်ရင်း ချစ်တင်းဖွဲ့ စကားဆိုကြသည်။ ပတ်ဝန်းကျင်အမြင်တွင် မဆန်းသော်ငြား ဤသောင်ကမ်းက ချစ်သူတို့စခန်း။ သည်သောင်ကမ်းပေါ်က ဇာတ်လမ်းတွေမှာ ပျော်စရာလည်းရှိသည်။ ကြည်နူးစရာလည်း ရှိသည်။ လွမ်းမောဖွယ် အချစ်ဇာတ်လမ်းတွေလည်း ရှိသည်။

သောင်ကမ်းပေါ်မှ စခဲ့သော ပြုံးချိုနှင့် မြလေးစိန် ဇာတ်လမ်းက ခုအခါ ပို၍အရှိန်တက်လာသည်။ အကြောင်းပြချက်တွေ ကိုယ်စီဖြင့် ချောင်းသဲခုံတွင် နေ့စဉ်လိုလို တွေ့ဖြစ်သည်။ ခုလည်း ထန်းရည်ပို့သွားရင်း သဲခုံ၌ တွေ့သည်။ မြလေးစိန်ကို ယောက္ခမလောင်းကြီး သတင်းမေးရသည်။ ဒဏ်ရာသက်သာကြောင်း ကြားရ၍ စိတ်ချမ်းသာလို့မှ မဆုံးသေး။ သံချောင်းတို့အုပ်စု၏လှောင်ပြောင်စကားကြောင့် စိတ်ဆင်းရဲရပြန်တော့သည်။

'အစ်ကို ထွန်းပ၊ အစ်ကိုလေး'

'ဟော... ငါ ဒီမှာဟော၊ စပါးကျီအောက်မှာ ကြွက်ဖောက်လို့ စပါးကျီပျက်တာ ဖာနေတယ်၊ မြလေးလား လုလေးလား'

'မြလေးပါ အစ်ကိုလေး'

'ဘာတုန်းဟ'

'အဖေက ခေါ်ခိုင်းလို့၊ ဘာခိုင်းစရာရှိလဲ မသိဘူး'

'အေး... အေး... ငါသွားလိုက်မယ်'

'သွားဆို ချက်ချင်းသွားနော်၊ ကြာနေလို့ ဒေါ်သူပုန်ထနေဦးမယ်'





'အေးပါ၊ နင် ဘယ်သွားမှာလဲ၊ ရေခပ်မို့လား၊ မြလေးနော် တော်ရုံတန်ရုံ ငါမပြောချင်ဘူး၊ အနေအထိုင်ဆင်ခြင်'

မြလေးစိန် ဘာမှမပြောဘဲ သူ့အစ်ကို အနီးက ပြေးထွက်ခဲ့သည်။ ထွန်းပကတော့ စပါးကျီအောက်က မထွက်လာနိုင်သေး။

မြလေးစိန်ကို ထွန်းပ ဘာပြောမှန်း သူတို့ချင်းသိသည်။ ဝမ်းကွဲမောင်နှမဆိုငြားလည်း ထွန်းပက ညီမအရင်း နှမအရင်းနှယ် သဘောထားသည်။ သားချင်းယောကျ်ား မရှိသည့် မြလေးစိန်တို့ ညီအစ်မတွေကလည်း ထွန်းပသည်သာ အရင်းအချာ။

ထွန်းပက ပြုံးချိုနှင့် မြလေးစိန်အကြောင်း သိနေသည်။ ရွာတစ်ချပ်စာသာသာ အကျယ်ရှိသည့် ရွာလေးဆိုတော့ သတင်းတွေက မသိချင်အဆုံး။ မကြားချင်အဆုံး။ မမြင်ချင်လျှင် မျက်နှာလွှဲသွားရုံသာ။ သမီးရည်းစားချင်း ချိန်းတွေ့စရာက သည်သဲခုံသာရှိသည်။

မိဘ မောင်ဘွားတွေသိပြီး နှစ်ဖက်သဘောတူပြီး သမီးရည်းစားတွေကတော့ တွေ့ဖို့နေရာမရှား။ မိဘမျက်မှောက်အောက်တွင် ပြောကြ ဆိုကြ ဣန္ဒြေရရ။ ခိုးကြောင်ခိုးဝှက်နေနေရသူတွေကတော့ အိမ်နောက်စပါးကျီဘေးမှာတွေ့ချင်တွေ့၊ ဘုရားစင်အောက်မှာ ဆုံချင်ဆုံ၊ ညဉ့်နက်အချိန်မတော်တွင် လွတ်လွတ်လပ်လပ်တွေ့ချင်လျှင် ချောင်းသဲခုံ၌ တွေ့ကြသည်။ လသာရက်များဆိုလျှင် သဲသောင်ပြင်၌ ဆုံတွေ့သည့် သမီးရည်းစားတွေက မနည်း။ သူ့အတွဲ ကိုယ့်အတွဲပင် မနည်းရှောင်ရသည်။ ကောင်းကင်ထက်က ငွေလမင်းကြီးကို မျှော်ကြည့်ရင်း ကြည်နူးရသည့် အရသာက ဘယ်အရသာနှင့်မှ မလဲနိုင်ကြ။

မိဘမောင်ဘွားတွေနှင့် ရုတ်တရက်တွေ့မှာ မစိုးရိမ်ရသည့် သဲခုံမှာဆိုတော့ ချစ်သူတွေက လွတ်လွတ်လပ်လပ်။ ထိုလွတ်လပ်မှုက ကိုယ့်ကိုယ်ကိုယ် ဥပါဒ်ပေးတတ်သည်။ တွေ့ပါများတော့ ယဉ်ပါး ဆဉ်ပါးတော့ ဖောက်ပြား။ အမှားမဖြစ်အောင် မိဘတွေကခြိမ်းခြောက်



www.burmeseclassic.com

www.burmeseclassic.com



ရသည်။ အစ်ကိုတွေ မောင်တွေက စောင့်ကြည့်ရသည်။

ချောင်းသဲခုံတွင် ပြုံးချိုနှင့် မြလေးစိန် တွေ့ဖန်များသည့် သတင်း ထွန်းပနားရောက်လာသည်။ မီးဘေးရှောင် မလောင်ခင်တား ဆိုသည့် အဆိုတော် ကိုထွန်းရွှေ အသံဓာတ်စက်က ကြားရတိုင်း မြလေးစိန်ကို သတိပေးဖို့ အမှတ်ရသည်။ မောင်နှမချင်း ခဏတဖြုတ် ဆုံချိန် ထွန်းပ သတိပေးလိုက်ရသည်။

ပြုံးချိုနှင့် မြလေးစိန်ကို သဘောမတူစရာမရှိ။ ပြုံးချိုက သူငယ်ချင်းအရင်း။ ကျောင်းနေဖက်။ ကကြီးခခွေး စသင်တော့လည်း အတူတူ။ မင်္ဂလာသုတ်တက်တော့လည်း အတူတူ။ ပရိတ်ကြီး လောကနီတိ၊ ဇာတ်ကြီးဆယ်ဘွဲ့ သင်တော့လည်း အတူတူ။ ကိုရင်စီးတော့လည်း တစ်နှစ်တည်း။ ထွန်းပနှင့်အတူ ပြုံးချိုကို ကိုရင်စီးပေးပါရစေဟု ပြုံးချိုအဖေ ဦးကွက် လာတောင်းပန်တော့ ထွန်းပ မိဘတွေက လိုလိုလားလား လက်ခံသည်။ သင်္ကန်း၊ သပိတ်ပဲထည့် မထည့်နိုင်လည်း တို့ပဲ တာဝန်ယူလို့ရတယ်။ သာသနာ့အမွေခံနိုင်ဖို့ ဒါလောက်တော့ ကြိုးစားဟု တိုက်တွန်းသည်။ တောသူတောင်သားများက ရဟန်းခံ၊ ရှင်ပြုကိစ္စ အကူအညီတောင်းလျှင် ဝမ်းသာအား အကူအညီပေးတတ်သည်။ သားယောကျ်ားလေး မရှိသူဆိုလျှင် တောင်းယူပြီးပင် ရှင်ပြုပေးတတ်ကြသည်။

ဤသို့ တရင်းတနှီးနေခဲ့သည့်ကြ၍ ထွန်းပကအကြောင်းသိ နှမနှင့် သဘောမတူစရာမရှိ။ သို့သော် ပြုံးချို၏ ဆင်းရဲမှု၊ ဝမ်းရေး အတွက် ထန်းရည်ရောင်းစားနေမှုကြောင့် ဒေါ်လေးက ကြိုက်ပုံမပေါ် ပတ်ဝန်းကျင်က လျှံထွက်လာသည့် သတင်းကြားရုံနှင့် ခေါင်းခါသည် 'ကောင်မနော်… ယောင်းမမြင်းစီးထွက်မယ် မကြံနဲ့'ဟု သတိပေး တတ်သည်။ သည်စကား တဖွဖွကြားနေတော့ နှမ မြလေးစိန်ကို သတိပေးလိုက်ရပြန်သည်။





ထွန်းပ စပါးကျီအောက်ကထွက်၊ ဖုတ်ဖက်ခါ၊ စွပ်ကျယ် အင်္ကျီကောက်စွပ်ပြီး ဦးလေးဦးစံပနှင့် သွားတွေ့သည်။ တူဝရီးနှစ် ယောက် ဘာတွေပြော ဘာတွေတိုင်ပင်သည်မသိ။ အရေးကြီးသည့် ကိစ္စရှိလျှင် အိမ်ပေါ်မှာနေသည့် သမက်နှင့်မတိုင်ပင်။ တူဖြစ်သူ ထွန်းပကိုသာ ခေါ်တိုင်ပင်တတ်သည်။

နေ့လည် ထမင်းစားချိန်တွင် ထွန်းပ စက်ဘီးတစ်စီးနှင့် မြို့တက်သွားသည်။ မြို့က အပြန်တွင် ဂျာစီအင်္ကျီနှင့် ဘောင်းဘီတွေ ဝယ်ပြန်လာမှ 'သြော်… ဒါပါလား'ဟု သိလိုက်ရသည်။

သူကြီး ဦးစံပက လုပ်ချင်ပြီဆိုလျှင် ခွတ်၊ လုပ်လျှင်လည်း ခွဲကောင်းကောင်း၊ ဘာအကြောင်းကြောင့်ဖြစ်ဖြစ် နောက်မဆုတ်တတ် သည့်အကျင့်အတိုင်း ဘောလုံးအသင်းဖွဲ့တော့မည်မှန်း သိလိုက်ရတော့ သည်။



www.burmeseclassic.com

www.burmeseclassic.com

## အခန်း[၄]

ညပိုင်း ထမင်းစားပြီးချိန်တွင် ကာလသားတွေ တဖွဲဖွဲရောက်လာသည်။ ကာလသားခေါင်း မှတ်တင်က လာသူကို မှတ်သားပြီး 'ဘယ်သူမရောက်သေးဘူးလား၊ ဘာဖြစ်လို့နောက်ကျလဲမသိဘူး၊ သေသေချာချာ မှာထားလျက်နဲ့' ဟု အပြစ်တင်ရင်း လည်တဆန့်ဆန့်။

မြလေးစိန်နှင့် လှလေးစိန်က ရေနွေးပွဲများ လိုက်ချပေးသည်။ မစိန်နု ဆေးပေါ့လိပ်တွေ တည်ခင်းဧည့်ခံသည်။ ဆေးပေါ့လိပ်ချပေးပြီး ဆေးလိပ်မသောက်နဲ့နော် တီးတိုးပြောသည်။ တစ်ဖက်သားမကြားအောင်ပြောသည်ကိုပင် အကဲခတ် နားစွင့်နေသည့် လှမောင်လေးက ကြားဖြစ်အောင် ကြားသည်။

'မဝယ်ဘူး ဖယ်ရှားတဲ့ဖက်စို၊ မီးမကူနေပူမှာ မတင်ရက်တာကြောင့် ထားရတဲ့ အိပ်ရာအောက်မှာ မင်းသောက်ဖို့ကို'

လှမောင်လေးက ပြုံးချိုကို တံထောင်နှင့်တွတ် အချက်ပေးပြီး မယ့်လက်ဆောင်ကဗျာကို သီချင်းလုပ်ဆိုသည်။ ဘသက်က ဟဲ့ခွေးဟု ထဟန့်လိုက်သဖြင့် လှမောင်လေး အသံတိတ်သွားသည်။





'မင်းအဘလား'

'မသိဘူးလေ၊ ခွေးအူသံမှတ်လို့'

'အူတာမဟုတ်ဘူး၊ ဆွဲမလို့ဟော့၊ မင်းနှမပေါင်တွင်းသားဆွဲဖို့ မာန်ဖီပြနေတာ'

'ဆွဲဝံ့ ဆွဲကြည့်၊ မျက်နှာကို သေနဲ့ပန်းလွှတ်ဖို့ မှာထားတယ်'

'ထွီ... ငန်လိုက်မယ့်အမျိုး'

သူငယ်ချင်းအချင်းချင်း မနာအောင် စနေနောက်နေပုံကြောင့် အမှောင်ရိပ်ထဲမှ ရယ်သံလေးတွေ ထွက်လာသည်။ ထွန်းပက တွဲပြီး သူကြီးဦးစံပ ခေါ်လာမှ အသံတွေ ပြန်တိတ်သွားသည်။

'လူစုံပြီလား မှတ်တင်'

'စံလှတို့ ညီအစ်ကိုတွေ ကျန်နေသေးတယ်'

'ဟ... အရေးကြီးတဲ့လူက ကျန်နေတယ်၊ မင်း ပြောမထားဘူးလား'

'ပြောခဲ့ မှာခဲ့တယ် သူကြီး၊ ကျွန်တော် သွားတော့ ဒီကောင်နှစ်ယောက်စလုံး အိမ်မှာမရှိဘူး၊ ရွာသစ်ဘက်မှာ နွားတစ်ရှဉ်းဈေးအချောင်နဲ့ရမယ်ကြားလို့ မနက်ကတည်းက ထွက်သွားတာတဲ့၊ ဒါနဲ့ လာရင်ပြောလိုက်ဖို့ သူတို့ညီမ အေးသွင်ကို မှာခဲ့တယ်'

'အေးသွင်ကတော့ ပြောမှာပါ'

သူကြီးက မကျီးပင်အောက်ရှိ ကွပ်ပျစ်ပေါ်ထိုင်ချလိုက်သည်။ ဖြစ်သလို သင့်သလို မြေပေါ်ထိုင်နေသည့် ကာလသားတွေက ဘာများပြောမလဲဟု နားစွင့်နေသည်။ ထိုစဉ်မှာပင် ဓာတ်မီးတဝင်းဝင်းနဲ့ စံလှတို့ညီအစ်ကိုရောက်လာသည်။

'မင်းတို့နှစ်ယောက်ကလည်း သွားနောက်ကျ၊ စားနောက်ကျ သေရင်ရှေ့ကဖြစ်မဲ့ကောင်တွေ'

မှတ်တင်က အပြစ်တင်သည်။



www.burmeseclassic.com

www.burmeseclassic.com



'ခုမှပြန်ရောက်တာ ကိုကြီးမှတ်တင်ရ၊ ထမင်းတောင် မစားခဲ့ရသေးဘူး'

'ပြောလိုက်ရင် ဒီအတိုင်းချည်းပဲ၊ ဒီရွာမှာ မင်းတို့ညီအစ်ကိုလောက် အလုပ်ရှုပ်တဲ့လူမရှိဘူး၊ လူတွေက တဖားဖားနဲ့ ပြေးလွှားနေလိုက်တာ၊ မျက်စိရှုပ်အောင် ပျာယာခတ်နေတယ်၊ ဟင်း··· ပြောသာပြောတာ ဖွဲ့မထွက်ဘူး'

'အဟီး··· ဖွဲ့မထွက်လည်း ပြာနေရမှာပဲ ကိုကြီးရေ'

စံလှနှင့်စံမြရောက်လာ၍ သူကြီးက ကျေးရွာဘောလုံးအသင်းဖွဲ့မည့်အကြောင်း ကစားရန် ရွေးချယ်ထားသူများ စာရင်းဖတ်ပြသည်။ ကာလသားတွေ အချင်းချင်း တီးတိုးစကားဆိုနေသည်။

'ကျွန်တော် ပြောလို့ရလား သူကြီး'

စံလှက မဝံ့မရဲအသံဖြင့်ထပြောသည်။ ပြောပါဟု သူကြီးက ပြတ်ပြတ်တောင်းတောင်း တုံ့ပြန်လိုက်သည်။

'ကျွန်တော် မကစားနိုင်ဘူး သူကြီး'

'ဟေ'

သူ့စကားကို တစ်ခါဖူးမှ မငြင်းဆန်ဖူးသဖြင့် ရုတ်တရက်တော့ အံ့အားသင့်သွားသည်။

'မင်းတို့ ညီအစ်ကိုက အမာခံဆယ့်တစ်ယောက်ထဲမှာ ဦးစားပေး ရွေးထားတာ၊ ဘာဖြစ်လို့ မကစားတာလဲ'

'ကျွန်တော်တို့ညီအစ်ကို အနေအထား သူကြီးသိပါတယ်၊ မိအိုဖအိုနဲ့ ညီမလေးကို လုပ်ကျွေးနေရတာ၊ ကြုံရာကျပန်းလုပ်စားနေရတော့ ဘောလုံးကစားဖို့ အချိန်မပေးနိုင်ဘူး'

'စံမြကရော'

'သူတော့ မသိဘူး သူကြီး၊ ကျွန်တော်က အကြီးဆိုတော့ မိသားစုတာဝန်ယူနေရတာ၊ စံမြ ကစားချင်ရင် ကစားပေါ့'





'ကျွန်တော်လည်း မကစားပါဘူး သူကြီးရာ'

သူကြီး အကြံရကျပ်သွားသည်။ ပွဲထွက်မကောင်းဟု တွေးလိုက်ပြီး မှတ်တင်ဘက် လှည့်ကြည့်လိုက်သည်။

'ဘောလုံးက နေ့တိုင်းကန်နေရတာမှ မဟုတ်တာ စံလှရာ၊ ကစားစရာရှိမှ ထလိုက်လာရုံပဲဟာ'

'ကိုကြီးမှတ်တင် ပြောတာ လွယ်တယ်၊ ကျုပ်အခက်အခဲကို ကျုပ်ပဲ သိပါတယ်'

'အင်းပေါ့လေ၊ တခြားဘယ်သူရှိသေးလဲ'

'ကျွန်တော် သူကြီး၊ ပုမောင်ပါ'

'အေး··· ပြောပါဦး'

'အမေက မကြိုက်ဘူး ဘကြီး၊ ဘောလုံးကစားတာဟာ သက်သက်အချိန်ဖြုန်းတာတဲ့၊ အလုပ်အကိုင်မရှိတဲ့လူတွေ လုပ်တာတဲ့'

'ဒီလိုတော့ ပြောမရဘူးလေ'

'ပြောသေးတယ်ဘကြီး'

'အေး'

'အလကားနေ ထိခိုက်ဒဏ်ရာရမဲ့ကိစ္စတဲ့၊ အနေမတတ်တဲ့ သူကြီးအိပ်ရာပေါ် ရောက်နေတာ ကြည့်တဲ့'

ပုမောင်စကားကြောင့် စိတ်ကသိကအောက်ဖြစ်သွားပေမဲ့ ရယ်သံမောသံတွေကြောင့် ရှက်ရှက်နှင့် ရောရယ်လိုက်သည်။

'ငါက အခန့်မသင့်လို့ ဖြစ်သွားတာပါ၊ ကဲ··· တခြားလူရှိသေးလား'

'ရှိတယ် သူကြီး၊ ကျွန်တော် အေးမောင်ပါ'

'အေး··· ပြော'

'ကျေးရွာဘောလုံးအသင်းမှာ ရွေးထားတယ်ကြားလို့ ဝမ်းသာပါတယ်၊ ဂုဏ်လည်းယူပါတယ်၊ ကျွန်တော်က ကိုယ့်ရွာတိုက်ဖို့ဆို ရှေ့ဆုံးက ပါတဲ့လူပါ'



www.burmeseclassic.com

www.burmeseclassic.com



'အေး… သိသားပဲ'

'ရွာလုံခြုံရေးအတွက် ကာကွယ်ရေးတွေဖွဲ့တော့ ကျွန်တော် ထိပ်ဆုံးက ပါတယ်၊ အားတက်သရောလည်း လုပ်တယ်၊ လုပ်သင့်တဲ့ အလုပ်လို့လည်း ထင်လို့လုပ်တာပါ၊ ဒီကိစ္စကတော့ ရွာအတွက် အရေးမကြီးဘူးထင်တယ်'

'ဟုတ်ပြီ၊ မင်းပြောတာ သဘာဝကျပါတယ်၊ ထိုင်… ထိုင် အေးမောင်၊ ဒီကိစ္စတွေအတွက် ငါ အပြန်ပြန်အလှန်လှန် စဉ်းစားထား ပြီးသားပါ၊ ကြုံတွေ့မဲ့ ပြဿနာ၊ အဲဒီပြဿနာရှင်းရမယ့်နည်းလမ်း၊ ဒါတွေတွက်ပြီးမှ မင်းတို့ကို ခေါ်တွေ့တာ'

သူကြီးဦးစံပဟာ ပြောပြီး တွေးနေဟန်ဖြင့် ခေတ္တငြိမ်နေ သည်။ ကာလသားတွေလည်း အချင်းချင်းတိုင်ပင်နေကြဟန်တူသည်။

မြလေးစိန်က ရေနွေးအိုးတွင် ရေနွေးများလိုက်ဖြည့်ပေးရင်း ပြုံးချိုများကပ်သွားလျက် တီးတိုးစကားမှာသည်။ ဘာမှာမှန်း ကွဲကွဲ ပြားပြား မကြားရပေမဲ့ ဘောလုံးကိစ္စနဲ့ပဲ ပတ်သက်မည်ဟု တွက် လိုက်သည်။

လှလေးစိန်က အမှောင်ထုလွှမ်းနေသော ညဉ့်ကို လင်းလာ စေရန် မီးခွက်များ လာချပေးသည်။ မီးရောင်ကြောင့် သူကြီး မျက်နှာ ကို လှမ်းမြင်ရသည်။ အလိုမကျသဖြင့် ပြုံးတော့မည့် မိုးနှယ် ညှို့ပုပ် နေသည်။ သို့သော် လူကြီးပီပီ ဟန်ဆောင်ထိန်းလျက် ပြုံးလိုက်သည်။

'ဘောလုံးကစားတာ အပိုအလုပ်၊ သက်သက်အချိန်ဖြုန်းတာ လို့ ထင်သူထဲမှာ သူကြီးကတော်ဖြစ်တဲ့ ကျုပ်မိန်းမက ထိပ်ဆုံးက ပေါ့'

'အဟား… ဟား… ဟား…'

'အားကစားဆိုတာ အားမှကစားရမယ့်အလုပ်လို့ ယူဆသူက တစ်ရာမှာ ရှစ်ဆယ်လောက်ရှိပါတယ်'





'ကျွန်တော့်အမေကလည်း ဒီအတိုင်းပဲ ပြောပါတယ် ဘကြီး'

ပုမောင်က မိခင်စကားကို အားပြုပြီး သူဘောလုံးမကန်နိုင် သည့်အကြောင်း နိုင်မာအောင် ထပ်ပြောသည်။

'ထားပါလေ၊ ကိုယ့်အမြင်နဲ့ ကိုယ်ပေါ့၊ ကျုပ်ကတော့ ဒီ သဘောမျိုးမတွေ့ဘူး၊ ဘောလုံးပဲဖြစ်ဖြစ်၊ တခြားကစားနည်းပဲဖြစ် ဖြစ်၊ လူ့လောကအတွက် အသုံးဝင်လို့ လိုအပ်လို့ရှိနေတာပဲလို့ မြင် တယ်'

သူကြီးဦးစံပက သူ့စကားအပေါ် မည်မျှ စိတ်ဝင်တစားရှိ သည်ကို အကဲခတ်လိုက်သည်။

'အားကစားရှိသင့်မရှိသင့် ရိုးရိုးပဲတွေး၊ ကိုယ်လက်လှုပ်ရှား အားကစားလုပ်သူနဲ့ မလုပ်သူ ဘယ်သူကျန်းမာလဲ'

'ဒါတော့ ဟုတ်ပါတယ်'

'ဆရာဝန်၊ ဆေးဝါး အထောက်အကူမရနိုင်တဲ့ ကျုပ်တို့အနေ နဲ့ ကိုယ့်ကိုယ်ကိုယ် စောင့်ရှောက်ရမယ်၊ ကျန်းမာအောင်နေရမယ်၊ ဒါကတစ်ချက်၊ နောက်တစ်ချက်က အားကစားလုပ်နေတဲ့လူဟာ ကျန်း မာရေးအတွက် ဘေးဖြစ်မဲ့ ထန်းရည်၊ အရက်၊ ဘိန်းကင်းကစော် မလုပ်တော့ဘူး၊ ဒါမလုပ်ရင် ငွေကုန်ကြေးကျ မရှိတော့ဘူး၊ လူလည်း ကျန်းမာမယ်'

'ဒါဆို ပြုံးချိုတော့ ခက်ပြီ'

အကြောင်းသိ အတွင်းသိ အောင်မင်းသိန်းက ပြုံးချိုကိုနောက် သလိုလိုနှင့် သူကြီးကြားအောင် တမင်ပြောလိုက်သည်။ ပြုံးချိုရှက် သွားသည်။ အထူးသဖြင့် မြလေးစိန်ကြားနိုင်သည့်နေရာတွင် ပြော သဖြင့် ပိုပြီးရှက်သွားသည်။ အောင်မင်းသိန်းက တမင်ထိုးချလိုက် ကြောင်း သိလိုက်သည်။

'အေး… ခက်ကောင်းခက်မှာပေါ့၊ အများကောင်းဖို့တစ်ဦး



www.burmeseclassic.com

www.burmeseclassic.com



တလေ အကျိုးပျက်တာတော့ မတတ်နိုင်ဘူး၊ အရက်သေစာနဲ့ ပတ်သက်လို့ ကျုပ်အုပ်ချုပ်တုန်းကလည်း ပိတ်ပင်ခဲ့တာပဲ၊ ထားပါလေ၊ ဒါတွေအတွက် ကျုပ် စဉ်းစားထားပါပြီ၊ အားကစားနဲ့ပတ်သက်လို့ လုပ်သင့်မလုပ်သင့်သာစဉ်းစား'

'လုပ်သင့်တာတော့ လုပ်သင့်ပါတယ်'

'ဟုတ်ပြီ၊ လုပ်သင့်ရင်လုပ်မယ်၊ လုပ်မယ်ဆိုတော့ ဘာလုပ်ကြမလဲ၊ ကျုပ်က အသင်းအဖွဲ့နဲ့ ညီညီညွတ်ညွတ် ကစားရတဲ့ ကစားနည်းမျိုး သဘောကျတယ်၊ အသင်းစိတ်ဓာတ်၊ ရွာစိတ်ဓာတ်ပေါ့၊ ဘောလုံးအသင်းထူထောင်တဲ့ ကျုပ်ရဲ့ရည်ရွယ်ချက်ဟာ အဲဒါအဓိကပဲ'

သူကြီးဦးစံပ စကားကြောင့် အားလုံးငြိမ်သွားသည်။ စည်လုံးညီညွတ်ရေးနှင့်ပတ်သက်ပြီး ပြောလိုက်၍ အကြောင်းပြစရာခက်ကုန်သည်။

'ကဲ… ပြောလက်စနဲ့ ကျုပ် အစီအစဉ်ပြောပြမယ်၊ စောစောက မောင်မှတ်တင် ဖတ်ပြသွားတဲ့ လူစာရင်း၊ ဒီစာရင်းက နုတ်ထွက်ချင် သူတစ်ခါတည်း စာရင်းဖျက်သွားလို့ ရပါတယ်၊ ကစားချင်စိတ်မရှိသူကို ကစားပါလို့ မတိုက်တွန်းချင်ဘူး၊ အဲ… ဘောလုံးတော့ ကစားချင်တယ်၊ ဒါပေမဲ့ စားဝတ်နေရေး အခက်အခဲရှိတယ်ဆိုသူကို ကျုပ် ဖြေရှင်းပေးမယ်'

'သူကြီးမှာ တာဝန်ပိနေမှာပေါ့'

'တာဝန်အပိခံချင်လို့ ဒီအလုပ်ထလုပ်တာပဲလေ၊ ဘောလုံးသမားတွေအတွက် ဝတ်စုံတောင် ဝယ်ပြီးပြီ၊ ကျုပ်က လုပ်မယ်ဆိုဖြစ်အောင်လုပ်ချင်တယ်'

'သူကြီး သဘောတော့ သိပါတယ်'

'ကိုင်း… လိုရင်းတိုရှင်းပဲ ပြောမယ်၊ ကစားသမားတွေ စားဝတ်နေရေး ပြေလည်အောင် ကျုပ်က စပါးပေးမယ်၊ ပေးမယ်ဆို





တာ အလကားတော့ မဟုတ်ဘူး၊ ကျုပ်အိမ်မှာ သူရင်းငှား အနေနဲ့ ဝင်၊ ဝင်ဆိုလို့ လယ်လုပ်ရမှာမဟုတ်ဘူး၊ လိုအပ်ရင်တော့ ဝင်ကူးတန်ကူပေါ့၊ ကျွဲကျောင်း နွားကျောင်းတော့ တာဝန်ယူပေးပေါ့'

'ဒီလူတွေအားလုံးကိုလား သူကြီး'

'အားလုံးပေါ့၊ တစ်ခုတော့ရှိတယ်၊ အရှည်အချင်းအလိုက်တော့ ကြေးကွာသွားမယ်၊ အဲဒါ စိတ်ဝင်စားရင် မောင်မှတ်တင်ဆီ စာရင်းပေး၊ ကျုပ် အနောက ကိုက်လာလို့ နားလိုက်ဦးမယ်'

သူကြီးက ပြောပြောဆိုဆိုနှင့်ထပြီး အိမ်ပေါ်တက်သွားသည်။ ကာလသားတွေ အချင်းချင်းပြောဆို ကျန်ခဲ့သည်။ လူအုပ်ကြားသို့ မြလေးစိန် ဖျတ်ခနဲ ဝင်လာသည်ကိုမူ သတိပြုမိသူက ပြုမိလိုက်ပေသည်။

လမိုက်ညဖြစ်သော်လည်း ချစ်သူပြုံးချိုက နှစ်ကိုယ်ကြားချိန်းလိုက်သဖြင့် မြလေးစိန် သက်ကြီးခေါင်းချချိန် အိမ်အောက်ဆင်းခဲ့သည်။ နားအကင်းပါးသည့် အမေ နိုးသွားမှာလည်း စိုးရိမ်သည်။ ရင်တထိတ်ထိတ်။

ခြံဟံခါးပေါက်က အထွက်တွင် ဖျတ်ခနဲ လက်ဖမ်းဆွဲခံလိုက်ရသဖြင့် 'အမေ့'ဟု အော်လိုက်မိသည်။

'ငါပါ'

'ဘယ်က ငါပါလဲ၊ လွှတ်စမ်း'

'အောင်မင်းသိမ်းပါ မြလေးရယ်'

'ဖယ်… ဖယ်နော်၊ ငါ အော်လိုက်မှာ'

'နင် မအော်ရဲပါဘူး မြလေးစိန်ရာ၊ အော်လိုက်တာနဲ့ နင့်အမေ သိသွားမှာပေါ့'



www.burmeseclassic.com

www.burmeseclassic.com



'သိ ဘာဖြစ်လဲ'

'အဟဲ… ဟဲ… သိရင် ပြုံးချိုနဲ့ချိန်းတွေ့ဖို့ ကြိုးစားတာ ပေါ်သွားမှာပေါ့'

'အောင်မင်းသိမ်း လွှတ်နော်၊ နင် မယုတ်မာနဲ့'

'ဟ… ဒါ ယုတ်မာတာမှ မဟုတ်တာ၊ ချစ်တာ၊ ချစ်တာ၊ နင့်ကို ငါချစ်နေမှန်း နင်သိပါတယ် မြလေးရာ၊ ငါ့အချစ်ကိုတော့ လက်မခံဘဲ ဟိုဘာမဟုတ်တဲ့ ထန်းရည်ရောင်းတဲ့ကောင်ကို ချစ်တာတော့ လက်မခံနိုင်ဘူး'

'ခွေးတိရစ္ဆာန်… လူကျင့်လူကြံမကြံဘူး'

'အား'

မြလေးစိန် ဒေါသပေါက်ကွဲသွားသည်။ ဖြစ်ချင်ရာဖြစ်တော့ဟု စိတ်ထဲအောက်မေ့လျက် ဒူးဆစ်နှင့် ပစ်တိုက်လိုက်သည်။ မချိမဆန့် အော်ပြီး လက်ကိုလွှတ်ပေးလိုက်ချိန် မြလေးစိန် အိမ်ထဲပြန်ဝင်လိုက်သည်။

'ဟဲ့… ဘယ်သူလဲ'

'သမီးပါ'

'ညည်း ဘာလုပ်နေတာလဲ၊ အိမ်အောက်ဘာလို့ဆင်းတာလဲ'

'ဝမ်းမကောင်းလို့အမေ'

'ဘာ… ဝမ်းမကောင်းလို့ အိမ်သာသွားတယ်လို့ ညာမယ်ကြံသလား၊ အိမ်သာက အိမ်နောက်မှာ၊ ညည်းရောက်နေတာ အိမ်ရှေ့ဝင်းတံခါးနားမှာ'

'ဟုတ်တယ် အမေ၊ အိမ်သာအဆင်းမှာ အသံကြားလို့ ဝင်းတံခါးလာကြည့်တာ'

'သြော်… လူစွမ်းကောင်းမကိုး၊ သွား… အိမ်ပေါ်ပြန်တက်'

မြလေးစိန် စိတ်ညစ်ညစ်နှင့် အိမ်ပေါ်ပြန်တက်ခဲ့သည်။ ရင်





တစ်ခုလုံး ဗလောင်ဆူနေပြီ။ အရိပ်အကဲစောင့်ကြည့်နေသည့် မိခင်ကြီး ရိပ်စားမိသဖြင့် စိုးရိမ်သည်က တစ်ခု။ ဒီပြဿနာက အကြောက်အကန်ငြင်းလျှင် ပြီးငြိမ်းနိုင်သည်။ ရင်ပူနေသည်က သူအလာကို ချောင်းသဲခုံမှာ တစ်ညလုံးစောင့်နေမည့် ချစ်သူ။ အနှောင့်အယှက်လာပေးသည့် အောင်မင်းသိမ်းကိုသာ ဒေါသပွမိသည်။ စိတ်ရှိလက်ရှိ လုပ်ချလိုက်၍ သင်းခွေကျသွားသည်။ ဘာဆက်ဖြစ်သည်တော့ မသိ။ မြလေးစိန်တို့ သားအမိ ပြောဆိုနေသံကြားလိမ့်မည်။ သံသယစိတ်နှင့် အိမ်တံခါးဝ သွားမကြည့်သည်ဘဲ ကျေးဇူးတင်မိသည်။

အိပ်ရာထဲ အဝင်တွင် ငုတ်တုတ်ထိုင်စောင့်နေသည့် လှလေးစိန်က အကျိုးအကြောင်းမေးသည်။ အစ်မကိုယ်စားလှလေးစိန် သောကရောက်နေပုံရသည်။

'ဘာမှမဖြစ်ပါဘူး၊ မနက်ကျမှ ရှင်းပြမယ်၊ အိပ်တော့'ဟု ချော့ပြောလိုက်ရသည်။ လှလေးစိန်က သူ့ကိုကျောပေးလျက် ပြန်အိပ်ပျော်သွားသည်။ ခဏနေတော့ လှလေးစိန်ထံမှ ဟောက်သံလေးပင်ထွက်လာသည်။ မြလေးစိန်ကမူ အိပ်မပျော်နိုင်။ မျက်စိကြောင်ပြီး အတွေးပင်လယ်ထဲ မျောနေလေတော့၏။

စံလှ၊ စံမြ၊ အေးမောင်၊ လှတင်နှင့် မှတ်ကြီးက စပါးတစ်ရာစီ။ ပြုံးချို၊ မောင်မောင်သွင်၊ အောင်ညိန်းက ရှစ်ဆယ်စီ။ တင်ထိုက်၊ သန်းဌေးက ခုနစ်ဆယ့်ငါးတင်း။ ထွန်းဆင့်၊ လှပို၊ မင်းသူ၊ တင်ဌေးက စပါးငါးဆယ်စီ။ အေးမောင်စိန်၊ ကြင်အုန်း၊ ကုလား၊ သက်ဦးနှင့် ဘအေးက အစိတ်စီ။

စပါးတင်းထောင့်နှစ်ရာကျော် အကုန်ခံပြီး ဘောလုံးအသင်းဖွဲ့သည်။ သူကြီးဦးစံပကို အားလုံးက နားမလည်။ စပါးတစ်ထောင်



www.burmeseclassic.com

www.burmeseclassic.com



တန်ဖိုးက ပေါက်ဈေးနှင့်တွက်လျှင် သိန်းဆယ်ချီနေသည်။ အားလုံးက အံ့အားတသင့်လက်ဖျားခါနေသည်။

သူကြီးက သူ့လုပ်ရပ်ကို ကျေနပ်သော်လည်း မကျေမနပ်ဖြင့် ဒေါသူပုန်ထသူက သူကြီးကတော်။ သူကြီး ဦးစံပကို ထဘီစွန်တောင်ဆွဲပြီး ကက်ကက်လန်အောင် ရန်တွေ့တော့သည်။

'မင်း မသိပါဘူး မရွှေမှုံရာ၊ ငါ့လူတွေအတွက် ကုန်တာက အကျိုးမဲ့အကြောင်းမဲ့ မဟုတ်ပါဘူး'

'ဘာပြောတယ်၊ အကျိုးမဲ့မဟုတ်ဘူး ဟုတ်လား၊ ရှင့်ကောင်တွေအတွက် ကုန်တဲ့စပါး ဘယ်ကပြန်ရမလဲ ပြောစမ်း'

'ငါရှာပေးမှာပါ၊ မင်းလယ်တွေလုပ်ဖို့ သူရင်းငှားတာ စပါး ဘယ်လောက်ကုန်လဲ ပြောစမ်း'

'ခြောက်ရာလေ၊ လယ်လုပ်တဲ့လူတွေအတွက် ပေးရတဲ့ ခြောက်ရာက တန်တယ်၊ တန်ရာတန်ကြေးပေးရတာ'

'အေး… အဲဒီခြောက်ရာ မကုန်တော့ဘူး၊ ငါ့လူတွေ လုပ်ပေးလိမ့်မယ်၊ အောင်ညိန်းတို့ မှတ်ကြီးတို့က တကယ့်လယ်သမားစစ်စစ်တွေ၊ ကျွန်တဲ့လူကို ဦးစီးနိုင်းပြီး လယ်လုပ်လိမ့်မယ်ကွာ'

သူကြီးဦးစံပ၏ အနစ်နာခံမှုကိုသိရတော့ အေးမောင်က အားတုံ့အားနာ ဖြစ်သွားသည်။ သူတို့အတွက် ကုန်ကျစရိတ်ကာမိအောင်လယ်တွေဝိုင်းကူလုပ်ပေးပါမည်ဟု ကတိပေးသည်။ အေးမောင်အစီအစဉ်ကို သူကြီးကလည်း လက်ခံလိုက်သည်။ လက်မခံနိုင်သူက သူကြီးကတော်။

'ရှင့်ကို ကျုပ်မေးပါဦးမယ်၊ ဒီဘောလုံးကန်တော့ ရှင်ဘာဖြစ်လာမှာလဲ'

'ဂုဏ်သိက္ခာအတွက်ကွ'

'အဲဒီဂုဏ်သိက္ခာက ဘာလုပ်စားရမှာလဲ၊ ဖုတ်စားလို့ရသလား ကင်စားလို့ရလား'





'အဲဒါကြောင့် မင်းကို ငါပြောတာ၊ နားမလည်ဘဲနဲ့ ဘာမှဝင်မပြောစမ်းပါနဲ့'

'နားလည်လို့ပြောတာ၊ အိမ်မှာ မွေးထားတာသမီးမိန်းကလေးတွေ၊ ရှင်က ကောင်ပေါက်လေးတွေ တရုန်းရုန်းလုပ်နေတော့ ရှင့်သမီးတွေပါသွားမယ်'

'ဟ… ပါတော့ ဘာဖြစ်လဲ၊ အရက်သမား၊ ထန်းရည်သမားနဲ့ မရရင် ပြီးတာပဲ'

'ပြီးတာပဲ မလုပ်နဲ့၊ ရှင့်သမီးက ထန်းရည်သမားနဲ့ဖြစ်နေတာ ရှင်သိလား'

'ဘယ်သူတုန်း'

'ရှင့်ဘောလုံးသမား ပြုံးချို၊ ထန်းရည်ရောင်းတဲ့ကောင်လေ'

'ထန်းရည်ရောင်းတာ သောက်တာမှ မဟုတ်ဘဲ၊ ခုဒီကောင်လေးက ထန်းရည်မရောင်းတော့ပါဘူး၊ ငါ့လူတွေကို ဒီအလုပ်မလုပ်ဖြစ်အောင် လုပ်ပေးထားတာ'

'ဩော်… ရှင်ကိုယ်တိုင် သဘောတူတယ်ပေါ့၊ ဟင်း… ရှင်တူလည်း ကျုပ်မတူဘူး'

သူကြီးကတော် ဒေါသူပုန်ထနေပုံကြည့်ပြီး ရယ်ချင်မိသည်။ ရယ်ပြန်လျှင် ပြဿနာဖြစ်တော့မည်မို့ ရှောင်ထွက်လိုက်တော့သည်။

သူကြီးဦးစံပသည် စမိသည့်ကိစ္စ နောက်ဆုတ်လို့မဖြစ်တော့ ခုန်းသိလိုက်သည်။ ရှေ့ဆက်တိုးဖို့ အစီအစဉ်ဆွဲပြီး မြို့တက်သွားသည်။ မော်ဘီစက်ရုံထုတ် ဘောလုံးတွေဝယ်ပြီး ခြောက်ကြွမြောက်ကြွနှင့် ပြန်လာခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



ကလေးတစ်သိုက်ရှေ့က ရင်ကော့ခေါင်းမော့ပြီး ပြန်လာသည့် သူကြီးကို ရွာသူရွာသားတွေနှင့်အတူ ဘောလုံးသမားတွေ စောင့်ကြိုကြသည်။ ဘောလုံးအိတ်ကြီး ထမ်းလာသည့် သူကြီးက အေးမောင်ကြီးကို မြင်သည်နှင့်အသံပြုလိုက်သည်။

'မင်းတို့ ဒီနေ့ ထရိန်နင်ဆင်းလား'

'ခင်ဗျာ'

'ထရိန်နင်… ထရိန်နင်… ထရိန်နင်ဆိုတာ လေ့ကျင့်ကြလားလို့ပြောတာကွ'

'သြော်'

မြို့ကပြန်အလာတွင် လေ့ကျင့်ခန်းလုပ်သည်ကိုပင် အင်္ဂလိပ်လိုပြောလာနိုင်သည့် သူကြီးမင်းကို အထူးအထင်ကြီးသွားသည်။ မနက်ပိုင်းဆင်းပြီး ညခင်း လေ့ကျင့်ဖို့ပင် လူစုနေကြောင်း ပြောပြ၍ သူကြီး ကျေနပ်သွားသည်။

'အေး… ထရိန်နင်မှန်ပစေ၊ ပရိုက်တစ်ကောင်းမှ စကီးတက်မှာကွ၊ အရေးကြီးတာက တင်းဝပ်ကောင်းဖို့လိုတယ်၊ စပိန့် စတန်မယ်နာပိုင်းကတော့ ဖြည်းဖြည်းချင်းလုပ်ရမှာပေါ့'

လေးမိုင်ခရီး လမ်းလျှောက်ပြန်လာသည့် သူကြီးမှာ ပင်ပန်းပုံပင်မပေါ်။ မျက်နှာတွင် ခိုနေသည့် ချွေးသီးချွေးပေါက်ကိုသုတ်ရင်း စကားတွေဖောင်ဖွဲ့နေသည်။ ပြောစကားတွေတော့ နားမလည်။ စပိတွေ စကီးတွေ စတန်မယ်နာတွေကိုတော့ နားလည်အောင် ကြိုးစားရဦးမည်။ သို့မှ ခေတ်မီတိုးတက်ဖွံ့ဖြိုးနေသည့် သူကြီးနှင့် ရင်ပေါင်တန်းလိုက်နိုင်မည်။ အေးမောင်သည် သူကြီးကို အလိုက်အထိုက် စကားပြောပြီး ဘောလုံးအသစ်တစ်လုံးကို ခွင့်တောင်းယူလျက် ချောင်းသဲခုံဘက်သို့ အဖွဲ့သားတွေခေါ်ပြီး ထွက်ခဲ့တော့သည်။



## အခန်း[၉]

ပုလွေချောင်းသဲခုံတွင် သူကြီးဦးစံပက ခရာတစ်လုံးနှင့် အလုပ်ရှုပ်နေသည်။ တဝှီဝှီ ခရာသံပေးလိုက်၊ လက်ပြလိုက်၊ ပြေးသွားပြီး ညွှန်ကြားလိုက်နှင့်။

နှစ်ဖက်အားကစားသမားများကမူ ချွဲလိုက်နေပြီ။ သဲပုတ်ပေါ် ပြေးရသည်က ခြေထောက်ကို ထူးခတ်ခံရသည့်အလား။ ပြေးချင်တိုင်းပြေးမရ။

ထွန်းဆင့် ကန်တင်ပေးသည့် ဘောလုံးဟာ မြောက်တက်လာသည်။ ဘောလုံးကို မော့ကြည့်ရင်း ပြုံးချို အသားကုန် ပြေးလာသည်။ ဘေးက ရပ်ကြည့်နေသော ကလေးတစ်သိုက် လက်ခုပ်တီးသူတီး၊ အော်သူအော်၊ ကလေးတွေအသံကြောင့် လက်ယက်သဲတွင်း၌ ရေခပ်နေသည့် ကြင်ဥတို့တစ်သိုက် မျှော်ကြည့်သည်။

'ပြေး… ပြေး… ပြုံးချို… ပြုံးချို'

ကြင်ဥက လက်ထဲကိုင်ထားသည့် ခေါင်းခုကို ဝှေ့ယမ်း၍ အားပေးသည်။ ကလေးတချို့က ကွင်းဘေးမှ အပြေးလိုက်ပြီး အော်ဟစ်အားပေးသည်။



www.burmeseclassic.com

www.burmeseclassic.com



ဘောလုံးအကျနှင့် ပြုံးချိုအရောက်က အံကိုက်။ သံပုတ်ထဲ ဝပ်သွားသည့်ဘောလုံးကို ပြုံးချိုက ခြေထောက်နှင့်ပတ်တင်ပြီး ဆွဲပြေးသည်။ တင်ထိုက်ရှေ့မှ ဆီးတားသည်။ ပြုံးချိုက ဘောလုံးကို တစ်ချက်ထိန်းလိုက်သည်။ တင်ထိုက် အရှိန်လွန်ပြီး သဲပုတ်ပေါ်မှောက်ခုံလဲကျသွားသည်။ ပြန်ထရန်အားယူနေချိန်တွင် ပြုံးချိုက ဆွဲပြေးသည်။ ဂိုးပေါက်နှင့် မလှမ်းမကမ်းအရောက်တွင် ကန်သွင်းရန် အားယူချိန် မကန်လိုက်ရ။ ဘယ်ကပေါ်လာမှန်းမသိသော စံမြက ဘောလုံးရော လူပါ ကျုံးကန်လိုက်သည်။ ဘောလုံးက အဝေးလွင့်သွားပြီး ပြုံးချို မှောက်တက်သွားသည်။

'ဖောင်း… ဖောင်း… ဖောင်းဘော'

သူကြီး ပါးစပ်က ခရာသံထွက်မလာ။ ဘေးကပြေးလိုက်နေသည့် ကလေးတို့အော်သံက စီစီညံသွားသည်။

'ဟယ်ဟု အံ့အားတသင့် စိုးရိမ်တကြီး အမူအရာဖြင့် ကြင်ဥက ရင်ကိုဖိပြီး ရေရွတ်သည်။ ဒေါ်ငွေတုတ်က 'သောက်ပလုတ်တုတ်သေပါပြီတော်'ဟု ယောင်ယမ်းထအော်သည်။ ပြုံးချိုသည် မှောက်တက်သွားရာမှ သဲပုတ်ပေါ် ပြန်ပြုတ်ကျသည်။ အရုပ်ကြိုးပြတ်။

သူကြီး၏ ခရာသံပေါ်လာသည်။ ကိုယ်တိုင်လည်း ပြေးသွားသည်။ ကန်လိုက်သည့် စံမြက ဦးဆုံးရောက်သွားပြီး ပြုံးချိုကို ပွေ့ထူသည်။

'မင်းကလည်း အရမ်းလုပ်တာပဲ'

ကစားဖော် လှတင့်က စံမြကို လှမ်းဆူသည်။ စံမြ ခေါင်းမော်ကြည့်ပြီး။

'ဘယ်တတ်နိုင်မလဲကွ၊ သူက ဂိုးရှူးတော့မှာ'ဟု ပြန်အော်သည်။ သူကြီးရောက်သွားချိန်တွင် ပြုံးချို မျက်လုံးဖွင့်ကြည့်သည်။

'ဘာဖြစ်သေးလဲ ပြုံးချို'





စံမြ လက်ထဲက ရှန်းထွက်လျက် ထထိုင်သည်။ မျက်နှာပေါ် တင်နေသည့် သဲများ ပုတ်ထုတ်ပြီး 'မဖြစ်ပါဘူး'ဟူသော အမူအရာဖြင့် ခေါင်းခါရမ်းသည်။ အေးမောင်က ပြုံးချိုကို ချိုင်းအောက်လက်သွင်းမထူလိုက်သည်။

'ကန်လို့ရသေးလား'

'ရ… ရပါတယ်'

ပြုံးချိုက သူကြီးကို အဖြေပေးရင်း မတ်တပ်ထရပ်ရန် အလုပ်တွင် ဒူးခွေညွတ်ပြုတ်ကျသွားသည်။ အေးမောင်နှင့် မှတ်ကြီးပွေ့ချီပြီး ကွင်းဘေး ချောင်းသဲစပ်ပို့သည်။ ကလေးတစ်သိုက် စုပြုံလိုက်သွားပြီး အခြေအနေကြည့်နေသည်။

'ကဲ… ကဲ… ဒီနေ့တော့ ဒီလောက်ပဲ လေ့ကျင့်မယ်၊ ပြုံးချိုကို ရေမိုးချိုးပေးပြီး ပြန်ခေါ်လာခဲ့'

ဘောလုံးသမားတွေ ချောင်းရေရှိရာသို့ ပြေးသွားလျက် တဝုန်းဝုန်း ခုန်ဆင်းကြသည်။

'မိုးရွာရင် မိုးရေချိုးမယ်၊ မိုးမရွာရင် ချောင်းရေချိုးမယ်၊ မေမေလာရင် အုန်းသီးခွဲစားမယ်၊ ဖေဖေလာရင် ဘောလုံးကန်ကြမယ်'

ကလေးတွေ ပေါက်ကရလေးဆယ် စပ်ဟပ်သီဆိုရင်း ရေဆင်းချိုးကြသည်။

'ဟော… ဟိုမှာ မြလေးစိန်၊ ဟဲ့… ကောင်မ ညည်းလူ အီစလံဝေသွားပြီ'

'ဟဲ့… ကြင်ဥ၊ သံကွဲ သံပြဲကြီးနဲ့ အော်နေ၊ ဟိုးကသူကြီး ကြားသွားရင်'

'ဘွား… ဘွာတေး'

ဘောလုံးကန်ရင်း ပြုံးချိုခိုက်မိသွားသည်ဆို၍ မြလေးစိန်



www.burmeseclassic.com

www.burmeseclassic.com



တွေးပူသွားသည်။ ပူပင်ပူဗြား ပူရုပ်မပြသာ။ တခြားယောကျ်ားသားတွေရှေ့ ကဲကဲလှုပ်လှုပ်လျှင် ကြေးတန်းထိုး အပြစ်တင်ကြမည်။

'ဘယ်လိုဖြစ်တာလဲ'

'စံမြပေါ့အေ၊ ပြုံးချို ဘောလုံးသယ်လာတာကို ဆီးကြိုးထည့်လိုက်တာ၊ သင်းက ဗလကောင်းတော့ ခွေးကို ကျွဲခတ်ထုတ်လိုက်သလိုပဲ'

'ဟယ်… ညည်းနိုင်းပုံကလည်း'

'အဟီး… ဟီး… ငါမျက်စိထဲ အဲသလိုမြင်လိုက်တာကိုးအေ့၊ ကြောက်စရာအေ၊ ပြုံးချိုက ခုန်ထွက်တာလား၊ မြောက်သွားတာလား မသိဘူး၊ ကောင်းကင်ပေါ်တက်သွားပြီး ပစ်ကျလိုက်ပုံက ခွေးသေကောင်ပုပ်ပစ်ချသလိုမျိုး'

'တော်ပါတော့ဟယ်'

မြလေးစိန် စိတ်ပူသည်တော့ အမှန်။ ဖြစ်နိုင်လျှင် ပြုံးချိုထံသွားပြီး နှစ်သိမ့်စကားမေးလိုက်ချင်သည်။

'ဟော… ဟော… ဟိုမှာ… ဟိုမှာ ညည်းလူ ဘာမှမဖြစ်ဘူး၊ ရေမိုးချိုးပြီး ပြန်ကုန်ကြပြီ'

'တော်ပါသေးရဲ့ ကြီးတော်ရယ်၊ ဒါဆို ဘာမှမဖြစ်လောက်ပါဘူးနော့'

ကြင်ဥနှင့်ဒေါ်ဗွေးတုတ်ကို ပေါင်ပုတ်လျက် မေးသည်။ ကြင်ဥ ခေါင်းခါပြသည်။ ဒေါ်ဗွေးတုတ် ပေါင်ပုတ်တော့ ယောင်ပြီး 'သောက်ပလုတ်တုတ်' ဟု ထအော်သဖြင့် မြလေးစိန် ရယ်လိုက်မိသည်။

'တကယ်ပါပဲအေ ဒီကစားနည်းကို ဘယ်လိုလူမျိုးကထွင်လိုက်လဲ မသိဘူး'

'ဘယ်သူ ထွင်ရမလဲ ဒေါ်ကြီးရဲ့၊ ခြေအငြိမ်မနေနိုင်တဲ့လူတွေ ထွင်မှာပေါ့'





'မဟုတ်ကဟုတ်က၊ ဒါဆို ဘောလီဘောပုတ်တာကျတော့ လက်အငြိမ်မနေနိုင်သူတွေလုပ်တာပေါ့'

'ဖြစ်နိုင်တာပဲ'

'ဘာဖြစ်နိုင်တာလဲ၊ အငြိမ်မနေနိုင်လို့ ဟိုဟာဒီဟာကစားရမယ်ဆို ဟိုဟာကျတော့ရော'

'ဘယ်ဟာလဲ'

'ဟိုဟာလေ၊ အဲဒါ ကစားဖို့ ဟောဒီမှာရှိတယ်လေ'

ကြင်ဥက ဒေါ်ဗွေးတုတ် တင်ပါးကို ဖျန်းခနဲ ရိုက်ချလိုက်ရာ ဒေါ်ဗွေးတုတ်က အလန့်တကြားနှင့် သောက်ပလုတ်တုတ် ဖိုးဝရုပ်ဟု ထအော်လိုက်သဖြင့် မြလေးစိန် အူတက်အောင် ရယ်မိတော့သည်။

သြော်… အပူရုပ်ကို ဖုံးဖိထားရတဲ့ ဘဝပါလား။

'မင်းကို သူတို့က ဘယ်လိုပြောလိုက်တာလဲ ထွန်းပ'

'အသင်းချင်း ခြေစမ်းချင်တယ်တဲ့၊ ဒါနဲ့ ကျွန်တော်က ကောင်းသားပဲ၊ အတွေ့အကြုံသစ်ရတာပေါ့လို့ ပြောလိုက်တယ်'

'ဒီတော့'

'အခြောက်တိုက်ဆိုရင်တော့ ပျင်းဖို့ကောင်းတယ်၊ အလျော်သဘောနဲ့ စပါးအစိတ်ကြေး လောင်းကြတာပေါ့တဲ့'

သူကြီး ဦးစံပက သူ့တူထွန်းပကို ကြည့်ပြီး အတန်ကြာငြိမ်နေသည်။ ဦးအောင်ပွင့်၏ ရွှေလင်းယုန်အသင်းသားများ သတင်းထောက်လှမ်းနေသည်မှာ ကြာပြီ။ ဘောလုံးအသင်းဖွဲ့ပြီးပြီဆိုကတည်းက တစ်ယောက်ပြီးတစ်ယောက် သတင်းလာထောက်သည်။ ချောင်းဆီခုံတွင် လေ့ကျင့်နေသည်ကို ကြည့်ပြီး မခန့်ပြုံး ပြုံးသည်။ တချို့ကဆို ခြေစွမ်းပြသည့်အနေနှင့် ဝင်ကန်ကြသေးသည်။



www.burmeseclassic.com

www.burmeseclassic.com



ဘောလုံးနှင့်ပတ်သက်၍ သူတို့က ဝါရင့်။ ရွှေလင်းယုန်နှင့် သိန်းငှက်အမည်ဖြင့် မြို့နယ်ဥက္ကဋ္ဌဒိုင်းပင် ဝင်ပြိုင်ဖူးသည်။ သူတို့ချင်းလည်း မကြာခဏ ချိန်းကန်သည်။ မကစားဖူးဘူးဆိုလျှင်ပင် ပွဲပေါင်း လေးဆယ်တော့ ကန်ဖူးပြီးသား။

အတွေ့အကြုံရှိသူက သည်နှစ်မှ စမ်းတဝါးဝါးထလုပ်သည့် အသင်းကို စိန်ခေါ်လာသည်။ မိတ်ဆက်ကစားရအောင်ဟု ပြောလျှင် ဝမ်းမြောက်ဝမ်းသာ ကြိုဆိုရမည်။ ခုတော့ လောင်းကြေးနှင့်ဆိုလာ၍ ဒေါသထွက်စရာ။

'ဘယ်လိုလဲ ထွန်းပ'

'ဘာကိုလဲ ဦးလေး'

'စပါးအစိတ်ကြေးထပ်လိုက်ရမလား'

'ဟာ… ဦးလေးကလည်း သူတို့က အတွေ့အကြုံရှိတယ်၊ အင်အားချင်းယှဉ်ရင် ဆင်နဲ့ဆိတ်လိုကွာနေတာ'

'မင်းက သူကြီးအောင်ပွင့်အကြောင်း မသိပါဘူး၊ သူကြီးဘဝကတည်းက ပေါင်းလာတော့ ဒီလူ့အကြောင်း ကောင်းကောင်းသိတယ်၊ စပါးအစိတ်ကြေးလို့ ကြေးခေါ်တာက တို့ကိုစမ်းတာကွ၊ မတုရင် မတုနဲ့လို့ခနဲ့တာ'

'တုမှ မတုသေးဘဲ ဦးလေးရာ၊ နိုင်ချင်သူ အရှုံးပေးတော့ နလုံးမအေးဘူးလား'

'မအေးဘူး'

ဦးလေးဖြစ်သူက ဒေါသတကြီး ထအော်လိုက်ရာ ထွန်းပဖျတ်ခနဲ လှည့်ကြည့်လိုက်သည်။ ခွေးချင်းကိုက်ချင်တောင် ကိုယ့်ခွေးက အနိုင်ရစေချင်သည်။ ဘောလုံးအသင်းချင်း ယှဉ်လျှင်လည်း ကိုယ့်အသင်းက နိုင်ချင်းမှန်းသိသာသည်။

'ခေါင်းရှုပ်ခံ တွေးမနေပါနဲ့ ဦးလေးရာ၊ နောင်များမှ ကန်ကြတာပေါ့လို့ အကြောင်းပြန်လိုက်မယ်'





'နေ… နေ… နေဦး၊ မင်းကလည်း လောရန်ကော ထွန်းပရာ၊ ဒီကိစ္စက ရိုးရိုးစင်းစင်း မတွက်နဲ့၊ ဒါက ရွာသိက္ခာ၊ ရွာဂုဏ်ဒြပ်နဲ့ ဆိုင်တယ်၊ ပြီးတော့ ငါ့သိက္ခာနဲ့လည်း ဆိုင်တယ်ကွ'

'ဘာဖြစ်လို့လဲ ဦးလေး'

'ဟ… မင်းမတွေးမိဘူးလား၊ ငါက ဟိတ်နဲ့ဟန်နဲ့ ဘောလုံးအသင်းထောင်တယ်၊ လေ့ကျင့်ပေးနေတယ်၊ ဒီကောင်တွေကို လခသဘောမျိုးပေးခိုင်းနေတယ်ဆိုတော့ မထည့်ဝံ့နေဘူးလား'

'ထည့်ဝံ့တယ်ထင်လည်း ထင်ပါစေပေါ့'

'အဲဒါ ပြဿနာပဲ ထွန်းပရေ၊ လုပ်ထားတာက ထည့်ထည့်ဝါဝါ၊ တကယ့်တကယ်တော့ ဗလာချာ၊ ခွေးလေးခုန်လို့ ဖုန်မထပါဘူးလို့ ထင်သွားမှာပေါ့'

'ဒီလိုဆို ဘာလုပ်မယ်လို့ စိတ်ကူးလဲ'

'ကန်မယ်၊ လောင်းမယ်ကွာ၊ တို့လူတွေနဲ့ တွေ့ချင်တယ်'

'ဘယ်တော့လဲ ဦးလေး'

'ခု… ခုပဲ လိုက်ခေါ်'

တစ်ခုခုဖြစ်လျှင် သွေးဆူတတ်သည့် ဦးလေးအကြောင်း သိထား၍ ရွာထဲထွက်ခဲ့သည်။ ရွာလယ်လမ်းမတွင် တွေ့သည့် ခောင်မောင်သွင်ကို အကျိုးအကြောင်းပြောပြီး မြောက်ပိုင်းမှ အသင်းသားတွေ ခေါ်ခိုင်းလိုက်သည်။ ကိုယ်တိုင်ကတော့အေးမောင်နှင့်လှတင်ဆီပြေးလိုက်သည်။ နာရီဝက်သာသာတွင် လူစုံတက်စုံ စုမိသွားသည်။

'မင်းတို့ကို စိန်ခေါ်တဲ့လူ ပေါ်လာပြီဟေ့'

သူကြီးက သွေးတိုးစကားပြောပြီး အရိပ်အခြေကြည့် အကဲခတ်နေသည်။ တစ်ဦးတစ်ယောက်မှ နှုတ်တုံ့မပြန်တော့ မျက်စပစ်လျက် ပြုံးလိုက်သည်။

'ဘယ်လိုလဲ၊ မကန်ဝံ့ကြဘူးလား'



www.burmeseclassic.com

www.burmeseclassic.com



'ဘာလို့မကန်ဝံ့ရမှာလဲ သူကြီးရာ'

လှတင်က မခံချင်စိတ်နှင့် ထပြောလိုက်သဖြင့် သူကြီးက ပြုံးသည်။ ခေါင်းတဆတ်ဆတ်ညိတ်လျက် လှတင်ပခုံးကို ပုတ်သည်။

'ငါက လှတင်စိတ်ဓာတ်မျိုး ကြိုက်တယ်၊ သူလည်းခြေနှစ်ချောင်းကိုယ်လည်းခြေနှစ်ချောင်း၊ ဘာမယှဉ်ပြိုင်ဝံ့ရမှာလဲ၊ ယောက်ျားတွေပဲကွာ ဘယ်နှယ်လဲ'

ပြိုင်ဝံ့ပါတယ်ဟု အားလုံးက တက်တက်ကြွကြွဆိုလာသည်။

'ဟုတ်ပြီ၊ ဒါဆို ကန်မယ်လို့ အကြောင်းပြန်လိုက်ရုံပဲ၊ အဲ... ဒါပေမဲ့ အလောင်းအစားတော့ ပါတယ်'

'ဗျာ'

'တို့များကို အထင်သေးပြီး စပါးအစိပ်ကြေးတဲ့၊ ဘောလုံးကန်တာကန်ပါ၊ လောင်းကြေးထပ်စိန်ခေါ်တာတော့ ငါမကြိုက်ဘူး၊ ဘယ်နှယ်လဲ မင်းတို့လောင်းဝံ့လား'

သူကြီး ဦးစံပက သူ့လူများကို ဝေ့ဝဲကြည့်ပြီး မေးလိုက်သည်။ အသံမထွက်ပြန်။

'နိုင်ရင် အစိပ်ရမယ်၊ ဆယ့်တစ်ယောက်စီ ကန်မှာဆိုတော့ နိုင်ရင် တစ်ယောက်နှစ်တင်း၊ ရှုံးရင် နှစ်တင်းစီပေးရမယ်'

'အဲဒါတော့ သဘောမတူဘူး သူကြီး၊ ကျုပ်တို့က အပျော်ကန်ချင်တာ'

'အေးလေ၊ မင်းက အပျော်ကန်ချင်ပေမဲ့ ဟိုက ကြေးထပ်ချင်တာကိုး၊ နိုင်မယ်ထင်ရင် ချိန်းလိုက်ရုံပဲ'

'ကျွန်တော်တို့က ဘောလုံးလည်း ကန်ရဦးမယ်၊ ရှုံးကြေးလည်းပေးရဦးမယ်ဆိုရင်တော့ မကန်ပါနဲ့ သူကြီးရာ'

စံလှ စကားကို ဆုံးအောင်နားမထောင်ဘဲ လက်ကာတားလိုက်သည်။ မကန်ဝံ့ဘူးဆိုသည့် စကားမျိုး သူကြီးက မကြားချင်။





'ကဲ... မင်းတို့အားလုံး ငါမေးမယ်၊ ဘောလုံးမကန်ဝံ့ဘူးလား'

'ကန်ဝံ့ပါတယ်'

'နိုင်မယ်မထင်ဘူးလား'

'ထင်ပါတယ်၊ ကန်ရင်တော့ နိုင်အောင်ကန်မှာပါ'

'နိုင်အောင်ကန်ရင် ကြေးမထပ်ရဲစရာ မရှိဘူး၊ ကဲထားတော့ ဘောလုံးကန်မယ်၊ နိုင်ရင်မင်းတို့ရမယ်၊ ရှုံးရင် ငါခံမယ်၊ သူကြီးဦးအောင်ပွင့်ကို မခံချင်လွန်းလို့ ရွာသိက္ခာမကျစေချင်လို့ မင်းတို့ကန်ကြလို့ ပြောချင်တယ်၊ ဒါပဲ'

သူကြီး ဦးစံပက ထွန်းပကို ချက်ချင်းပင် ဒိုးနှယ်လွှတ်လိုက်တော့သည်။

'ဘကြီး... ကိုလှတင်နဲ့ ကျွန်မ ကွာရှင်းပေးပါ'

ငိုကြီးချက်မနှင့် ရောက်လာသည့် သောင်းကြည် စကားကြောင့် စိတ်ပျက်သွားသည်။

ဘောလုံးကိစ္စကို အာရုံစိုက်နေကတည်းက ရပ်မှ ရွာမှုကိစ္စကို မှတ်တင်နှင့်လွှဲထားသည်။ မှတ်တင်က ကာလသားခေါင်း၊ ဆယ်အိမ်မှူး၊ သာရေးနာရေးအသင်းအတွင်းရေးမှူး၊ ရပ်ရွာအပေါ် သြဇာတိက္ကမရှိသည်။ တော်ရုံတန်ရုံကိစ္စ မှတ်တင်နှင့်သာပြီးငြိမ်းသည်။ သောင်းကြည် ပြဿနာကို မှတ်တင် ရှင်းရဟန်မတူ။ ကလေးတစ်ယောက်လက်ကဆွဲ၊ တစ်ယောက်ကို ရင်ခွင်ပိုက် ခေါ်လာပြီး ရှေ့ရောက်မှ ဟီးချငိုသည်။ စိတ်ရှိလက်ရှိ ငိုပြီး ပြောလိုက်ပုံကြောင့် သူကြီးဦးစံပ စိတ်ပျက်သွားသည်။



www.burmeseclassic.com

www.burmeseclassic.com



လှတင်က အသင်းတွင် အားထားရသူ။ မကြာခင်ကန်ကြတော့မည့် ဒိုးနွယ်ရွာ ရွှေပေင်းယုန်အသင်းနှင့်ပွဲတွင် လှတင်မပါ၍ မဖြစ်။ လှတင်က တစ်သင်းလုံးကို မောင်းနှင်နိုင်စွမ်းသည်။ ထိန်းကျောင်းနိုင်သည်။

လှတင်နှင့်သောင်းကြည်က ဘာပြဿနာဖြစ်သည်မသိ။

'ပြောပါဦး၊ ဘာဖြစ်လို့လဲ၊ ရန်ဖြစ်သလား'

'အဟင့်... ရန်... ရန်တော့မဖြစ်ပါဘူး ဘကြီး'

'ဒါဆို ဆဲလား၊ ရိုက်လား'

'အဲလိုလည်း မလုပ်ပါဘူး'

'လှတင်က ဘာဆိုးနေလဲ၊ ပွင့်ပွင့်လင်းလင်းပြော၊ ပြောပြမှ ဖြေရှင်းလို့ရမှာပေါ့'

ပြောပြဆိုမှ သောင်းကြည်က ငိုချင်းချနေပြန်သည်။ သောင်းကြည်နှင့် အပြိုင် ရင်ခွင်တွင်းမှ ကလေးပါ လိုက်ငိုနေ၍ သူကြီးအိမ်မှာ ကျွတ်ကျွတ်ညံနေသည်။

'ကဲ... ဘာဖြစ်တယ်ဆိုတာ ပြောပါဦး'

'ဘကြီး လူက သားမှန်းမယားမှန်းမသိဘူး၊ သူ့စိတ်ထဲမှာ ဘောလုံးတစ်ခုပဲရှိတယ်၊ ဘောလုံးကန်နေရင် ပျော်နေတာပဲ'

'ဟော'

ဘောလုံးကို ချစ်မြတ်နိုးသည့် လှတင်ကို ဘောလုံးချစ်ခြင်းကြောင့် ကွာလိုကြောင်း ပြောလာသည့် သောင်းကြည်ကို မမြင်ဖူးသည့် သတ္တဝါတစ်ဦးပမာ ကြည့်မိသည်။

'ဘကြီးလူက အလုပ်လုပ်ချင်စိတ် မရှိဘူး၊ ဘောလုံးကန်ဖို့ပဲ တွေးနေတာ'

'ဩော်... ဟုတ်လား၊ အလုပ်မလုပ်ဘဲ ဘောလုံးကန်နေလို့ ကွာချင်တယ်၊ ဒီလိုလား'





'ဟုတ်... ဟုတ်ကဲ့'

'ဒါဆို လှတင်က ငွေရှာမပေးဘူးပေါ့'

'ရှာတော့ရှာပေးပါတယ်'

'သူ့လုပ်ခရတဲ့ စပါးရော အိမ်မရောက်ဘူးလား'

'ဒါလည်း ရောက်ပါတယ်'

'ဟင်... ဒါဆို ဘာလိုလို့လဲ သောင်းကြည်၊ ကဲ... နင့်ကို ငါမေးပါဦးမယ်၊ လှတင် သူရင်ငှားလုပ်တော့ တစ်မိုးဘယ်လောက်ရလဲ'

'စပါး ငါးဆယ်ပါ'

'ဟုတ်ပြီ၊ နွေမှာ ခေါ်နိုင်းရင်ရော'

'သုံးဆယ်၊ သုံးဆယ့်ငါးလောက် ရပါတယ်'

'ဒါဆို တစ်နှစ်မှာ ရှစ်ဆယ့်ငါးတင်း ရတာပေါ့'

'ဟုတ်ကဲ့'

သောင်းကြည်က ယိုကျသည့် နှာရည်ကို ညှစ်လျက် လွှင့်လိုက်ပြီး လက်ခေါက်ဖြင့် သန့်ရှင်းလိုက်သည်။ သူကြီး ဦးစံပသည် ပြဿနာမရှိ ပြဿနာရှာသည့် သောင်းကြည်ကို စိတ်ပျက်သွားသည်။

'ဟုတ်ပြီ၊ ဘောလုံးကန်တာ အလုပ်လို့မယူဆပေမဲ့ နင်တို့ စပါးတစ်ရာရတယ်၊ ဝါသနာပါတဲ့ အားကစားလည်း လုပ်နိုင်တယ်၊ ဝမ်းစာလည်း အဆင်ပြေတယ်၊ ဒါမှ အလုပ်လုပ်စေချင်တယ်ဆိုရင် လှတင်ကို အသင်းကထုတ်လိုက်ပြီ'

'ရှင်'

'ဟုတ်တယ်လေ၊ လူငယ်တွေ စိတ်မချမ်းသာတဲ့ အလုပ် ငါ မလုပ်ဘူး၊ အဆင်ပြေတယ်ထင်တဲ့ အလုပ်သာလုပ်ကြ'

သူကြီး ဦးစံပသည် ပြတ်ပြတ်တောင်းတောင်း စကားဆိုပြီး သောင်းကြည်တို့ သားအမိကို ကျောခိုင်းလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



‘ဘ… ဘကြီး၊ ဟိုဒင်း… အဲလိုမဟုတ်ပါဘူး၊ ကိုလှတင်က ဘောလုံးအပေါ် သံယောဇဉ်ကြီးပါတယ်’

‘ဟ… သံယောဇဉ်ရှိလို့ ဘောလုံးဖက်အိပ်နေလို့မရဘူးလေ၊ အလုပ်လုပ်ရမှာပေါ့၊ ကဲ… ကဲ… သွားတော့ လှတင် လာစရာမလိုတော့ဘူးလို့သာ ပြောလိုက်’

သောင်းကြည် ဆက်မငိုတော့ဘဲ ငူငူငေါင်ငေါင်နှင့် ပြန်သွားသည်။ သောင်းကြည်နှင့် လှတင်လည်း မကွာဖြစ်တော့။ လှတင်လည်း ဘောလုံးအသင်းမှမထွက်ဖြစ်တော့။ အားလုံးအဆင်ပြေသွားပြီဟု နောက်မှ သိရသည်။ ယုယုယယကြင်ကြင်နာနာ နေလိုသည့် သောင်းကြည်ဆန္ဒ ပြည့်စုံသွားမှန်း သိလိုက်ရသည်။



## အခန်း(၆)

ဒိုးနွယ်ရွာအသင်းနှင့် ကန်မည့် ဘောလုံးပွဲကို ရွာရှိလူကုန်အားပေးရမည်ဆိုသဖြင့် မိုးမလင်းခင်ကလည်းက တစ်ရွာလုံး ရှုစိရှုစိဖြစ်နေပြီ။

ကလေးတွေက မိုးလင်းလင်းချင်း ရွာလယ်လမ်းမကြီး၌ စုနေပြီ။ လူကြီးအသင်းတွင် ဘောလုံးအသစ်တွေ ရောက်လာ၍ မူလလက်ဟောင်းဘောလုံးကို လူကြီးတွေက စွန့်ထားသည်။ ထိုဘောလုံးနှင့် ခြေစွမ်းပြနေသည်မှာ ဖုံတလုံးလုံး။

‘ဟဲ့… သောင်းကြည် လင်းချစ်မ ဒါက ဘယ်လဲ’

‘ကျုပ်လည်း ဘောလုံးပွဲ လိုက်မှာပေါ့’

‘သောင်းကြည်ရယ်… အဲဒီကလေးနှစ်ယောက်နဲ့ ဘယ်လိုလိုက်မှာလဲ၊ ခရီးက နီးတာမှ မဟုတ်တာ’

‘ရတယ်၊ အကြီးကောင်ကို ကျောပိုး၊ အငယ်ကောင်ကိုချီပြီးသွားမယ်၊ မလိုက်လို့မဖြစ်ဘူး၊ ကိုလှတင်က ကျုပ်အသံကြားမှ အားရှိမှာ အရီးရဲ့’

ကလက်တက်တက် အမူအရာဖြင့် ပြောသည့် သောင်းကြည်ကို ကြည့်ပြီး ကြင်ဥ မျက်နှာရှုံ့လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



'ငါတို့မသိရင် ခက်မယ်၊ လင့်မျက်နှာ မမြင်ရရင် ရှုပိုးထိုးနေတဲ့ကောင်မ၊ လှတင်ကို မျက်စိအောက်အပျောက်မခံနိုင်တာ နင်'

'ဘာဖြစ်တုန်း၊ ကြည့်စရာရှိလို့ကြည့်တာ၊ တော့်မှာကြည့်ဖို့ ဘာရှိလဲ'

'ကောင်မ… လှတင်ရတာတောင် ငါအောင်သွယ်ကောင်းလို့၊ ခုမှကျေးဇူးကန်းစကားပြောနေတယ်'

'မကန်းပါဘူး၊ အောင်သွယ်ကောင်းရုံနဲ့တော့ ကိုလှတင်က မကြိုက်ပါဘူး၊ ကျုပ်ကလည်းချော့လို့ပါအဟိ'

'ဗိုင်းတာမ… ဒီက ကလေးတွေနဲ့ ဒုက္ခရောက်မှာစိုးလို့ ပြောနေတာ'

'ဟဲ့… ဒါနဲ့ ထွန်းပပြောတော့ လှည်းအစီးနှစ်ဆယ် စီစဉ်ထားတယ်၊ ဘောလုံးသမားတွေနဲ့ သူတို့ဇနီးတွေ စီးဖို့တဲ့'

'အဟုတ်… ဒါဆို ကျုပ်နဲ့ ကိုလှတင် အတူတူသွားရမှာပေါ့'

ဒေါ်ထွေးခင်က ကြားလာသည့် သတင်းပြောလိုက်၍ သောင်းကြည် အူမြူးသွားသည်။

'ဒါတော့ သူကြီး မတရားဘူး၊ ဘောလုံးသမားမယားတွေတော့ လှည်းစီးခွင့်ပေးပြီး တို့ကျတော့ ကုန်းကြောင်းလျှောက်တဲ့'

'မကျေနပ်ရင် ဘောလုံးသမားကောက်ယူပေါ့'

'ဟုတ်သားနော်၊ ဒီကိစ္စ ကြိုသိရင် ကိုစံမြကို ယူလိုက်ပါတယ်'

'အဟိ… ကိုစံမြနဲ့ မိကြင်ဥဆိုရင် လိုက်မလိုက် ဘင်္ဂလားကျွဲလင်မယားဖြစ်ကရော'

အသားမည်းမည်း၊ ဂိုက်တောင့်တောင့်၊ ကိုယ်လုံးကိုယ်ပေါက်





ညီသည့် ကြင်ဥနှင့် စံမြကို သောင်းကြည်က နောက်သည်။ ကြင်ဥက သောင်းကြည်ကျောကို လှမ်းရိုက်လိုက်ပေမဲ့ ရှောက်ထွက်ပြေးသည်။

'အရီး… ခုချက်ချင်း သူကြီး သွားပြောပေးတော်'

'ဟဲ့… ဘာကိစ္စ ငါက ပြောရမှာလဲ'

'စံမြနဲ့ ကျွန်မကို ချက်ချင်းလက်ထပ်ပေးလို့'

'ကောင်မ… ရှူးရှန့်ကော'

'အပေါက်… ရှူးတာရှူးတာ အရီးလေးထွေးခင်ရေ ကိုစံမြက သူ့ကို ကြိုက်မကြိုက်တောင် မသိဘူး'

သောင်းကြည်က လှမ်းနောက်၍ ကြင်ဥက အသံမထွက်ဘဲ ဆဲသည်။

'ဒီမယ် သောင်းကြည်၊ အိုပလာတိ အိုပလာတာ တစ်ပုဒ်မဆိုရဘူး ကျစေရမယ်'

'ဘာလဲဟဲ့ ကြင်ဥ၊ နင့်အိုပလာတိက'

'အပေါင်း… ကုလားကပေါ့ အရီးရဲ့'

'ကုလားက ကပြတော့ ကြိုက်ရောလား'

'ကြိုက်တာပေါ့၊ အရီး ကုလားကား မကြည့်ဖူးဘူးလား၊ ဗိုက်သားပေါ်အောင် ဝတ်ထားတဲ့ ကုလားမလေးက သီချင်းဆိုပြီး ခေါင်းခါတင်လှုပ် ရင်လှုပ်ကတာလေ'

'အေး'

'ဟောဒီလို တင်တစ်ခါလှုပ်ပြတာနဲ့ ကိုစံမြက ကြင်လေးရယ် တင်သေးတယ်၊ ဘဝင်မအေးဖွယ် ရင်လေးတယ်ဆိုပြီး ပစ်ကျရော'

ကြင်ဥက တင်ကိုလှုပ်၊ ရင်ကိုရမ်းကာ မျက်စလေးချိုကာ



www.burmeseclassic.com

www.burmeseclassic.com



နှိုက်ကာ ပြောပုံကြောင့် ပွဲကျသွားသည်။ ဘောလုံးပွဲလိုက်မည့် ရွာသူရွာသားတွေ သူကြီးအိမ်ရှေ့တွင် ရုံးစုရုံးစု ဖြစ်နေပြီ။ ထိုစဉ် ထွန်းပအိမ်ပေါ်မှ လှမ်းအော်သည်။

'ဘောလုံးသမားတွေနဲ့ သူတို့မိသားစုက လှည်းနဲ့သွားမယ်၊ လူပျိုတွေ လှည်းမှာ သက်ကြီးရွယ်အိုတွေ လိုက်လို့ရတယ်၊ ကျန်တဲ့လူတွေကတော့ ကိုယ့်အစီအစဉ်နဲ့ ကိုယ် သွားကြပါတဲ့'

'အဲဒါ မတရားဘူးဟေ့'

'ဘာလဲ ကြင်ဥ'

'တို့တော့ ကုန်းကြောင်းလျှောက်နိုင်းတယ်၊ မရဘူး၊ မရဘူး၊ ငါတို့လည်း ဘောလုံးသမားတွေနဲ့ အတူတူလိုက်မယ်၊ လှည်းမစီးရရင် နေပါစေ၊ လှည်းဘေးက လမ်းလျှောက်လိုက်မယ်'

'ဒုက္ခရောက်တာပေါ့ မကြင်ဥရာ'

'ရောက်ပါစေ၊ ကိုယ်လိုက်ချင်တဲ့လှည်းဘေးက ကပ်လိုက်ရင် အိမ်ထောင်ကျသွားရင် လှည်းစီးခွင့်ရရော'

စကားပြောလျှင် ပယ်ပယ်နယ်နယ် ပြောတတ်သည့် ကြင်ဥက သူ့ဝသီအတိုင်း ပြောလိုက်၍ ပွဲကျသွားသည်။

'ဟဲ့… ကြင်ဥ နင် တို့နဲ့ လိုက်မှာလား'

'တော်တို့က လှည်းပါလား'

'ညည်းလင်လှည်းပေးလို့ လှည်းပါရမလား၊ ဖြတ်လမ်းက ကုန်းကြောင်းလျှောက်သွားမှာ'

'မလိုက်ဘူးတော်၊ လှည်းဘေးကပဲ လျှောက်မယ်'

'ဟဲ့… ကောင်မ ဖြတ်လမ်းကဆို ညောင်ပင်သာဖြတ်၊ ရှမ်းစုရွာကျော်တာနဲ့ ရောက်ပြီ၊ လှည်းလမ်းက တကွေ့တစ်ပတ်ကြီး၊ ချင်းစု၊ သာယာကုန်း၊ ကြို့ပင်ဘက်က ကွေ့သွားရမှာ'





'ကွေ့ပစေတော်၊ ဟိုတောင်ကွေ့ကျမှ မောင်ပွေ့ခေါ်လည်း ကံပေါ်တာပေါ့'

ကြင်ဥ၏ အရွတ်အနောက်စကား နားထောင်ပြီး ရယ်ရယ်မောမောနှင့် ထွက်သွားကြသည်။ ကြင်ဥနှင့် ဒေါ်ထွေးခင်တို့ အုပ်စုသာ ယောင်ပေယောင်ပေနှင့် ကျန်ခဲ့သည်။ ထိုစဉ် အိုးတစ်လုံးကိုင်ဆင်းလာသည့် မြလေးစိန်ကို တွေ့လိုက်၍ ကြင်ဥက လက်တို့လိုက်သည်။

'အရီး… မြလေး မလိုက်ဘူးနဲ့တူတယ်'

'ဟုတ်မှာပေါ့'

'ပြုံးချိုကန်တာ လိုက်ကြည့်ချင်မှာပဲ၊ ဒါ အရီးဒေါ်ရွှေမှုံ လက်ချက်ပဲဖြစ်မယ်'

'အောင်မလေး မမေးဝံ့ပါဘူး၊ ဖေနဲ့ကိုတုတ်နေပါဦးမယ်၊ အဲဒါပဲ အရီးလေးရေ၊ နိုးကြောင်ခိုးဖှက် ချစ်ရတာမျိုးက သူများပျော်လို့ မပျော်နိုင်'

'ကြီးကြီးကျယ်ကျယ် ညည်းက ရည်းစားဘယ်နှယ်ယောက်ထားဖူးလို့လဲ'

အရီးထွေးခင်အမေးကို ကြင်ဥက ခပ်တည်တည်နှင့် သက်နှစ်ဖက်ထောင်ပြလိုက်သည်။

'ဆယ်ယောက် များလှချည်လား'

'ဘယ်ကလာ ဆယ်ယောက်ရှိရမှာလဲ၊ ရည်းစားအကြောင်း မပြောနဲ့ ဗလာနတ္ထိ ဘာမှမရှိလို့ ပြောတာ'

'အဟက်… ဟက်… ညည်းကတော့လေ ပေါတိပေါချာနဲ့ ဒီတစ်သက်လင်ရဖို့ကိန်း မမြင်ဘူး'

'အထင်မသေးပါနဲ့ အရီးရယ်၊ ဘောဲ့ပွဲက ပြန်လာရင် လင်တစ်ယောက်ရစေရမယ်'



www.burmeseclassic.com

www.burmeseclassic.com



'မဖြစ်နိုင်တာအေ'

'ဖြစ်ကိုဖြစ်ရမယ် အရီး၊ ကျွန်မမှာ အကြံရှိပါတယ်'

'အင်း… ပြောစမ်းပါဦး'

'ကျွန်မတို့အသင်းနဲ့ ဒိုးနွယ်အသင်းကန်ရော ကန်တော့ ကျွန်မတို့က နိုင်ရော၊ နိုင်တော့ ဘောလုံးသမား မယားတွေက သူတို့ ယောကျ်ားတွေကို ဂုဏ်ပြုမွှေးမွှေးပေးရော'

'ပေးတော့'

'ကျုပ်ကလည်း ပြေးသွားပြီး ကိုစံမြကို မွှေးမွှေးပေးလိုက်တော့ ရကရောပေါ့'

ဟန်နှင့်ပန်နှင့် အတည်ပေါက်ပြောနေသော ကြင်ဥစကားကြောင့် အုန်းခနဲ ထရယ်လိုက်သည်။ အားလုံးက ရွှင်ရွှင်လန်းလန်း တက်တက်ကြွကြွ။ ပျော်စရာကောင်းလှပေသည်။

ရိုးပြတ်ရိတ်၊ မြေးကြမ်းတုံးခုတ်၊ ဂျုတ်နှင့်တိုက်ထားသည့် ဖြစ်ကတတ်ဆန်း ဘောလုံးကွင်းကြည့်ပြီး စိတ်ပျက်သွားသည်။

'ကိုအောင်ပွင့် ကွင်းက အန္တရာယ်ဖြစ်လောက်တယ်'

'အဟ… ဟ… လယ်ကွင်းကြီး လယ်ကွင်းကြား ကစားလာတဲ့ လူတွေပဲဗျာ ကစားတတ်မှာပါ'

'ကျိုးပဲ့ကုန်မှာစိုးလို့ပါ'

သူကြီး ဦးစံပ စကားကို စိတ်မဝင်စားဟန်ဖြင့် ပတ်ဝန်းကျင်ကို ဝေ့ဝဲကြည့်နေသည်။ လူအုပ်ကြီးက ကြောက်ခမန်းလိလိ။ ရိုးပြတ်တွေ ထိုးထိုးထောင်ထောင် ရှိနေသေးသည့် လယ်ကွင်းတွေထဲ ထိုင်သူထိုင်၊ ရပ်သူရပ်၊ ပွခြစ်နေသည့် နေရောင်ကို အံတုရပ်နေသည်။





ကလေးတွေကတော့ ရိုးပြတ်ခင်းတွေထဲ ပြေးလွှားလျက်။

'ဘယ်လိုလဲ တော်တော်လေ့ကျင့်လာလား ကိုစံပ'

'ဒီလိုပါပဲ၊ အတွေ့အကြုံရှိအောင်သာ ခေါ်လာတာ၊ လေးငါးခြောက်နှစ်ကစားဖူးတဲ့ ခင်ဗျားကလေးတွေကို ဘယ်ယှဉ်နိုင်မှာလဲ'

'အဟက်… ဟက်… ဒါကြောင့်လည်း တစ်လုံးသရေပေးတာပေါ့၊ ကျုပ်အသင်းကို တစ်ဂိုးတည်း ရှုံးရုံနဲ့ ခင်ဗျား ဘာမှမထိခိုက်ပါဘူး'

'ပိုးစိုးပက်စက် မရှုံးအောင်တော့ ကန်ရမှာပေါ့'

'ဒါပေါ့ ကိုစံပရဲ့၊ ကဲ… ကြေးထပ်ထည့်ချင်သေးလား'

'တော်ပါပြီဗျာ'

'တစ်ဂိုးကျောဗျာ… ကျုပ်အသင်းကို တစ်ဂိုးတည်း ရှုံးရင် ကျုပ် ရှုံးသေးတယ်၊ ဘယ်နှယ်လဲ၊ အစိပ်လောက် ထပ်ထည့်ရအောင်'

'အဟ… ငါ့လူ ဒီလောက်သွေးမကြောင်ပါဘူး၊ စိန်ခေါ်ရင် ဘွာမခတ်တတ်တဲ့လူက ခုမှ အကြောက်ပေါ်နေတယ်'

ရိသဲ့သဲ့ ကစားဆိုသဖြင့် သူကြီးဦးစံပ ဒေါထသွားသည်။ သူကြီးဖြစ်နေ၍ ဟန်ဆောင်ထိန်းထားရသော်လည်း မျက်နှာအမူအရာ ပျက်လာသည်။

'တိုးချင်ရင်လည်း တိုးတော့ဗျာ'

'ဒါဆို လောင်းကြေးငါးဆယ်ပေါ့'

'ဒါပေါ့'

'ဒီလိုဆိုပွဲစခိုင်းလိုက်ရအောင်၊ ကျေးစာဥသူကြီးဦးမြိုင်ကသည်း ဒိုင်လုပ်ချင်လှပြီ'

ဦးအောင်ပွင့်က ပွဲစရန် လှုံ့ဆော်လိုက်သည်နှင့် ရွှေလင်းယုန် ဘောလုံးသမားများ ကွင်းထဲဝင်လာသည်။ လင်းယုန်ကြီးတောင်ဖြန့်



www.burmeseclassic.com

www.burmeseclassic.com



ပျံနေသည့်ပုံပါ ဂျာစီအင်္ကျီများ ဝတ်ထားသည့် ဘောသမားများက ကြွနေသည်။ ရွနေသည်။ ကွင်းထဲတွင် ပြေးလိုက်လွှားလိုက် ခုန်ပေါက်လိုက်နှင့် မျက်စိရှုပ်အောင် လုပ်နေသည်။

စီပိုင်းရွာ ဘောလုံးသမားများကို အေးမောင်က ခေါင်းဆောင်လျက် ကွင်းထဲဝင်လာသည်။ 'စီပိုင်းရွာအသင်းတဲ့ဟေ့'ဟု ပါလာသည့် ရွာသားများက အော်ပေမဲ့ ကစားသမားများကမူ ပွဲရှိန်နေပုံရသည်။ သူကြီးဦးစံပ လူလုံးပြလျက် သူ့လူများကို လက်ထောင်ပြလိုက်သည်။ အချင်းချင်းနားလည်သည့် အချက်ပြစကား။ လောင်းကြေးငါးဆယ်ဖြစ်သွားကြောင်း လှတင်က အသိပေးသည်။

နှစ်ဖက်ဘောလုံးသမားများကို ဒိုင်ဖြစ်သူက အနည်းငယ် ရှင်းပြပြီး ဘောလုံးပွဲစလိုက်သည်။

သူကြီး ဦးစံပနှင့် ဦးအောင်ပွင့်က နေရောင်ကို ကျောပေးလျက် ထိုင်ရင်း ကစားပုံကို လေ့လာနေသည်။

အလေ့အကျင့်ကောင်းသော ရွှေလင်းယုန်အသင်းသားများ ခြေထောက်ထဲ၌သာ ဘောလုံးရှိနေသည်။

နှစ်ဖက်ပရိသတ်များက ကစားသမားများကို အော်ဟစ်အားပေးနေသည်။ အထူးသဖြင့် ရွာခံပရိသတ်က အော်ဟစ်ခုန်ပေါက်အားပေးနေသည်။

အပေးအယူလုပ်ပြီး ထိုးဖောက်လာသည့် ဘောလုံးကို နောက်တန်းဘယ်လူစံလှ ဆီးတားသည်။ ကျုံထွက်လာသည့် ဘောလုံးသမားကိုစံမြက ဖြတ်တားသည်။ စံလှက နောက်ပတ်ပြေးပြီး ဂိုးစည်းရှေ့မှာ ရပ်ခံသည်။ အတင်းအဖိခံထားရသည့်အတွက် အေးမောင်က နောက်တန်းဆင်းကူသည်။ တစ်ဖက်ရှေ့တန်းက နောက်တန်းကို လိမ်လျက် ဂိုးပေါက်ထဲ ကန်သွင်းလိုက်သည်။ ဂိုးသမားက လှလှပပကာကွယ်သွားနိုင်သည်။





ဦးစံပက မတ်တပ်ရပ်ပြီး လက်ခုပ်တီးအားပေးသည်။ အော်သံပေါင်းစုံက ကွင်းတစ်ခုလုံး ခြိမ့်ခြိမ့်ညံနေသည်။ တစ်ခါတစ်ရံ ဘောလုံးဆွဲပြေးလျှင် နှစ်ဖက်ပရိသတ်တွေ အော်ပုံက ကျိုးပြုံသည့်အလား။

'ဘယ်လိုလဲ ကိုစံပ၊ ဆန္ဒရှိရင်တော့ ကြေးထပ်ထည့်လေ၊ တစ်ဂိုးကြောပေးတယ်ဆိုတာ နည်းတဲ့အခွင့်အရေးမဟုတ်ဘူး'

'တော်ရောပေါ့ဗျာ၊ အပြင်းပြေ အပျော်တမ်းလုပ်တာပဲ'

'ခင်ဗျားအတွက် ပြောတာပါ၊ တိုးချင်သဆို လက်တို့လိုက်'

စကားကောင်းနေစဉ် ဂိုးဟု အော်သံပေါ်လာ၍ ဦးစံပ ကဲကြည့်လိုက်သည်။ တစ်ဂိုးရှုံးပြီဟု သိလိုက်သည်။

'ကိုစံပ ခင်ဗျားဘာမှ မဖြစ်သေးပါဘူး၊ စပါးအစိပ်တောင် အနိုင်ရှိပါသေးတယ်'

'ရပါတယ်၊ လောင်းကြေးဆိုတာက အားထုတ်စေချင်လို့ လုပ်တာပဲ'

'ဒါဆို နောက်ထပ်ငါးဆယ်ဗျာ'

'တော်ပါတော့ ကိုအောင်ပွင့်ရာ၊ ခင်ဗျားလူတွေက စီးနေတာတဲ့၊ ကျုပ်ကလေးတွေက အတွေ့အကြုံနည်းသေးတယ်'

ပြောဆိုနေစဉ်မှာပင် ပထမပိုင်းပြီးသွား၍ ဦးစံပက သူ့လူတွေဆီ ပြေးသွားသည်။

'မင်းတို့ ဒီအတိုင်း ထောင့်ခံထား၊ သင်းတို့ရှေ့တန်းစံလှကို ချော်နိုင်ဘူး၊ အေးမောင်ကလည်း ရှေ့တက်တာ မလောနဲ့ စံမြနဲ့ စံလှကူပေး'

'စိတ်ချပါ သူကြီး၊ ခုနဂိုးတောင် အဝေးကလှမ်းကန်သွားလို့ ခံလိုက်ရတာ'



www.burmeseclassic.com

www.burmeseclassic.com



'ကိစ္စမရှိဘူး၊ ခုချိန်ထိ စပါးအစိတ်နိုင်နေသေးတယ်၊ မနိုင်လို့ ရှုံးသွားလည်း ကိစ္စမရှိဘူး၊ ဟော့ကောင် လှတင်'

'ဗျာ… သူကြီး'

'မင်း နောက်ဆံတင်းနေပုံပဲ၊ သောင်းကြည်အော်သံကြားတိုင်း လှည့်ကြည့်နေတယ်'

'တစ်ခါတည်းပါ သူကြီးရဲ့၊ ဘာများဖြစ်လို့လဲဆိုပြီး ကြည့်မိတာ'

'ကဲ… ကဲ… ပြန်သွား၊ ပြန်သွား၊ အတတ်နိုင်ဆုံး လုံခြုံအောင် ထိန်း၊ စံလှကလည်း ဘောလုံးရတာနဲ့ ပြုံးချိုဆီ ရိုက်တင်၊ ပြုံးချိုပြေးအားကို သင်းတို့နောက်တန်း မမီဘူး'

ဒုတိယပိုင်း စသည်နှင့် အားပေးသည့် ပရိသတ်က ပို၍ လှုပ်ရှားလာသည်။ ဒိုးနွယ်ရွာသူတို့က အသင်းနာမည် ထုတ်ဖော်ပြီး ကြွားလုံးထုတ်နေသည်။ 'တူနိုင်မယ်မထင်ကြနဲ့၊ ကိုးဆယ်ဆကွာ လိမ့်မယ်' သီချင်းကို လက်ခုပ်တီးလျက် သံပြိုင်ဆိုနေသည်။

'ရေနွေးကြမ်းသောက်ဦး ကိုစံပ၊ လက်ဖက်ပါမြည်း၊ စိတ်မပူပါနဲ့ဗျာ'

'မပူပါဘူး'

'မပူဘူးလို့သာ ပါးစပ်ကပြောနေ၊ ရင်တော့ခုန်နေတယ် မဟုတ်လား'

'ကျုပ်ကို သွေးနည်းတယ်ထင်လို့လား ကိုအောင်ပွင့်၊ ခင်ဗျား နိုင်မယ်ထင်ရင် နောက်ထပ် ငါးဆယ်ထိုး'

'တကယ်နော်'

'ယောကျ်ားတွေပါ'

'စိမ်လိုက်'





ဦးအောင်ပွင့်က လက်ကမ်းပေးပြီး အသိအမှတ်ပြုသည့်အနေဖြင့် ပြန်နှုတ်ဆက်လိုက်သည်။ နှုတ်ဆက်၍မှ မပြီးခင်မှာပင် ရွှေလင်းယုန်အသင်းတောင်ပံကစားသမား ဆွဲပြေးလာသည်။ စံလှ လျှောတိုးဖျက်သည်။ လွဲချော်သွားသဖြင့် လွတ်လွတ်ကျွတ်ကျွတ် ဆွဲပြေးလာပြီး ဂိုးရှေ့ကန်တင်ပေးလိုက်သည်။ စံမြ အပြေးအလွှား ခေါင်းတိုက်ကာ ကွယ်လိုက်သည်။ သို့သော် တိုက်ချက်လွဲပြီး ကိုယ့်ဂိုးကိုယ်ပြန်သွင်းမိသွားသည်။

စံမြ စိတ်မကောင်းဟန်ဖြင့် ခေါင်းကြီးအောက်စိုက်လျက် ငိုင်နေသည်။ သူကြီးဦးစံပ ထိုင်ရာမှထလျက် စံမြ… စံမြ စိတ်ဓာတ်မကျနဲ့၊ ဘာမှမဖြစ်ဘူးဟု အော်ဟစ်သတိပေးလိုက်သည်။

နှစ်ဂိုး ရှုံးနေပြီ။ တစ်ဖက်စောင်းနင်း အဖိခံထားရသဖြင့် အသင်းသားများ စိတ်ဓာတ်ပျက်ပြားသွားပုံရသည်။ လှတင်ကို လှမ်းခေါ်ပြီး စိတ်ဓာတ်မကျရန်နှင့် စိတ်အေးအေးကစားရန် သတိပေးလိုက်ရသည်။

ဘောလုံးကို အလျင်အမြန် ကောက်တည်ပြီး အချက်ပေးခရာသံကြားလိုက်သည်နှင့် ပြုံးချိုက နောက်တန်းရှိ စံလှထံ ကန်ပို့လိုက်သည်။ စံလှဆီ ဘောလုံးရောက်သွားသည်နှင့် ပြုံးချို တဟုန်ထိုးပြေးသည်။ နောက်လှည့်မကြည့်ဘဲ ပြေးသည်နှင့် သူ့နောက်တန်းလူနှစ်ယောက်က ပြုံးချိုကို အစောင်းလိုက်ကပ်သည်။ စံလှက ညာအစွန်လူ မောင်မောင်သွင်ထံ ကန်တင်ပေးလိုက်သည်။ မှတ်ကြီးနှင့် သန်းထိုက်က ဂိုးရှေ့ကို ပြေးဝင်သည်။ မောင်မောင်သွင်က တစ်ချက်ခေါက်ပြီး ညာခြမ်းအတိုင်း ဆွဲပြေးသည်။ ဂိုးရှေ့ကန်တင်သလိုလိုနှင့် ဂိုးပေါက်ထဲ ကန်သွင်းလိုက်ရာ မထင်မှတ်ဘဲ ဂိုးဝင်သွားသည်။

စီပိုင်းရွာသားတွေ ဝုန်းကြမ်းဆန်သွားသည်။ ပုဆိုးတွေချွတ် မြှောက် ပဝါပစ်တင် ကွင်းကို ပတ်ပြေးပြီး စီပိုင်း စီပိုင်းဟု အဆက်



www.burmeseclassic.com

www.burmeseclassic.com



ပြေပြတ်အောင်ဟာစ်သည်။ မနေ့တစ်နေ့ကမှ အသင်းဖွဲ့စည်းပြီး မပြောပလောက်သည့်လေ့ကျင့်မှုသာရှိသည့် အသင်းက ဤမျှမြန်မြန်နည်း ဂိုးသွင်းမည်မထင်ခဲ့။ နှစ်ဂိုးပြတ် သုံးဂိုးပြတ်အနိုင်ရနိုင်သည့် တွက်ထားရာ တစ်ဂိုးချေပခံလိုက်ရ၍ သူကြီးဦးအောင်ပွင့် ဒေါကန်သွားသည်။ ကွင်းစည်းနားပြေးသွားပြီး တစ်ဦးချင်းနာမည်ခေါ်ဆဲဆိုနေသည်။

ပွဲသိမ်းခရာမှုတ်ချိန်တွင် နှစ်ဂိုးစီးဖြင့် သရေကျသွားသဖြင့် သူကြီးဦးအောင်ပွင့် ကန်သင်းရိုးကို လက်သီးဖြင့် ပစ်ထိုးလေတော့သည်။

သူကြီးဦးစံပ ခေါင်းဆောင်သည့် စီပိုင်းရွာသားများကမူ တစ်လမ်းလုံး အတိုင်းအဆမရှိ ပျော်ရွှင်နေသည်။ ရွှေလင်းယုန်အသင်းလို အတွေ့အကြုံရှိသည့် အသင်းကို ဖက်တုယှဉ်ပြိုင်နိုင်သဖြင့် သူကြီးဦးစံပ လက်သီးလက်မောင်းတန်းနိုင်သွားတော့သည်။

'ဟဲ့… ကြင်ဥ၊ ညည်းက အဲဒီလှည်းပေါ် အခန့်သားတက်နေရအောင် ညည်းကဘာတုန်း'

'အလိုတော်… အရီးတို့ပဲ စီးခိုင်းပြီး'

'မရဘူး၊ ဆင်း… ဆင်း၊ ဂိုးသွင်းကောင်းတဲ့ ကိုကိုနား မထိုင်ရဘူး'

'ထိုင်မှာပဲ'

'ဟယ်တော် ဖွတ်တရွတ်ပါလား၊ ဘယ်လိုလဲ စံမြ၊ နင်က ထိုင်ခွင့်ပေးမှာလား'

'ဟာ… ဗျာ၊ ကျုပ်က ဘာပြောတာလဲလို့၊ အေးလေ ထိုင်ပါစေပေါ့'





ဘောလုံးပွဲအပြီးတွင် အပျော်ရည်ဖုံးလျက် ပျော်တပြုံးပြုံးဖြစ်နေကြချိန် ကြင်ဥက စံမြစီးမည့် လှည်းတွင် အကျသားတက်ထိုင်နေသည်။ ဘောလုံးသမားနှင့် မိသားစုသာ အတူစီးခွင့်ပေးထားရာ ကြင်ဥနေရာယူထားပုံကြောင့် ဒေါ်တွေးခင်က လှမ်းနောက်သည်။ ငှဲ့ပွင့်လင်းလင်းပြောတတ် ပျော်ပျော်ရွှင်ရွှင် နေတတ်သည့် ကြင်ဥက အပြန်ခရီးသက်သာပြီးရော သဘောပိုက်လျက် အလိုက်သင့်ပြောပြီးလှည်းစီးလိုက်လာသည်။

'ဒီနေ့ ဂိုးသွင်းတဲ့အထဲမှာ ကိုစံမြ အကောင်းဆုံး'

'ဟော… အဟဲ… ဟဲ'

'တော်လုပ်လိုက်ပုံက ပက်လက်ကိုလန်သွားတာပဲ'

'ဟာ'

'အဟုတ်တော့၊ ဟိုဘက်ကကောင်လေး သယ်ဝင်လာတာကို စံလှက တားတယ်၊ မရဘူး၊ ဒီကောင်လေးက ဖိုးဆိုဦးတည်ပြေးလာတော့ ကိုစံမြ လုပ်လုပ်လို့ ကျုပ်က အော်တယ်လေ'

'အေး'

'ဟိုက ရိုက်တင်လိုက်တဲ့ဘောလုံးကို တော်ကခေါင်းခုန်တိုက်ချလိုက်တာ ဂိုးသမားဖမ်းတောင် မဖမ်းလိုက်နိုင်ဘူး၊ ဇော့ာင်းချက်ကထောင်းထွက်ရော'

'အပြီး… ဟီး… ဟီး… ငါကလည်း မဝင်အောင်ကာကွယ်လိုက်တာပါ၊ ဘယ်လိုလုပ် လွဲသွားလဲ မသိဘူး'

'အဲဒါကြောင့် ပြောတာ၊ အော်အားပေးရင်း ပတ်လက်လန်သွားရော၊ ဒါနဲ့ အဲလိုဖြစ်သွားတော့ တော့်စိတ်ထဲ ဘယ်လိုဖြစ်သွားလဲ'

'အင်း'

ကြင်ဥက နှုတ်သွက်အာသွက် မေးနေပေမဲ့ စံမြက ဘာပြော



www.burmeseclassic.com

www.burmeseclassic.com



ရမှန်း မသိ။ သူ့အမှားကြောင့် ဂိုးပေးလိုက်ရသည်ကို ပြန်ပြောရမှာ အားမရှိအောင်ဖြစ်နေသည်။

'စိတ်ပျက်သွားတာပေါ့'

'ထင်သားပဲ၊ ခေါင်းကြီးအောက်စိုက်ပြီး မယားပူမိနေတဲ့ပုံနဲ့လေ'

'ဟာ… နင်ကလည်း'

'ဘာနင်ကလဲလည်း အဲဒီပုံပဲ'

'အဲဒီပုံတော့ မဟုတ်နိုင်ပါဘူးဟာ၊ မယားပူမိရအောင် ငါ့မှာမှ မယားမရှိတာ'

'အဲတော့'

ကြင်ဥ စကားမှားသွားမှန်း ချက်ချင်းသိလိုက်သည်။ လျှာလေးထုတ် ခေါင်းလေးပုလျက် ရှက်သွားဟန်ဖြင့် မဝံ့မရဲပြန်ကြည့်သည်။

'ငါကလည်း အဲဒီကိစ္စ ပြောမလို့ပါ'

ကြင်ဥရင်ထဲ ထိတ်ခနဲဖြစ်သွားသည်။

'မြေပုံရာကင်းမှောက်ဆိုမလား'

'အင်း'

'နူရာဝဲစွဲလို့ ပြောရမလား'

'ပြောပါ'

'ဒီလိုဟာ သူကြီးက စပါးတစ်ရာကြေးလောင်းထားပြီလို့ အချက်ပြုတယ်'

'အင်းပါ'

'ပထမပိုင်းက တစ်ဂိုးရှုံးနေတယ်'

'သိပါတယ်'





'ပြန်ချေပဖို့ ကြိုးစားနေချိန် ငါလုပ်လိုက်တာ သောက်တရွဲဖြစ်သွားတော့ စိတ်ပျက်သွားတာပေါ့'

'ဟုတ်သားပဲ'

'ဒုက္ခဖြစ်ပါတယ်ဆို ဒုက္ခထပ်ဝင်လာသလိုပေါ့ဟာ၊ ဒါပေမဲ့ ငါ့စိတ်ထဲမှာ နိုင်ရမယ်လို့ ယုံကြည်ထားတယ်'

'ပြောပါဦး'

'နိုင်လာတယ်လေ၊ စပါးတစ်ရာရလာပြီ'

'သိသားပဲ၊ ပြောပါဦး'

'ငါ့စကားဆုံးပြီလေ'

ကြင်ဥက စိတ်ပျက်လက်ပျက် အမူအရာဖြင့် စံမြကို ငေးကြည့်နေမိသည်။ မျှော်လင့်သည့်စကားမကြားရရင် ထထုချင်စိတ်ဝင်ပေါက်လာသည်။

'မိကြင်ဥ… နင်ပြောထားတယ်နော်၊ နိုင်ရင်ဘယ်လိုလုပ်မယ်ဆို'

'ဟာ… အရှိးလေးကလည်း'

'ကောင်မ… တို့ကိုမညာနဲ့ ကတိပေးထားသလို လုပ်'

လှည်းအောက်က လိုက်လာသည့် ခေါ်တွေးခင်တို့က မစသာမနောက်သာ စနေသည်။ ကြင်ဥ အော်ငိုလိုက်ချင်သည်။

'သူတို့ဘာပြောတာလဲ ကြင်ဥ'

'မသိဘူး'

'ဟာ… မသိတာတော့ မဟုတ်လောက်ဘူး၊ ဘောလုံးပွဲနိုင်လာရင် လုပ်မယ်ဆိုတဲ့၊ ဘာလုပ်မယ်ပြောထားလို့လဲ'

'တော့်ကိုဖက်နမ်းမယ်လို့ ပြောထားတာ တော်ရေ'

ဟု ဒေါသဖြစ်ဖြစ် အော်ပစ်လိုက်ချင်သော်လည်း အားတယ်



www.burmeseclassic.com

www.burmeseclassic.com



လက်တွေ့က မအော်ရဲ။ ရှက်ရွံ့စိတ်ဖြင့် ခေါင်းငုံ့နေလိုက်သည်။ ထိုအခိုက်မှာပင် လှည်းက တမူပေါ်တက်သွားပြီး ပြုတ်ကျရာ ဂျိုင်းခနဲ မြည်သွားသည်။ ကြင်ဥက အမေ့ဟု အထိတ်တလန့်အော်ပြီး ယိုင်ကျသွားသည်။ စံမြက အစိုးရိမ်တကြီး လှမ်းပွေ့ထားလိုက်သဖြင့်သာ…

'ဟေး… အဲဒီလိုမှပေါ့'

ဒေါ်ထွေးခင်တို့အုပ်စုက ဝိုင်းလှောင်သဖြင့် ကြင်ဥ ရှက်ရှက်နှင့် ရုန်းထွက်လိုက်သည်။ သို့သော် လှည်းဆံချောက်ထဲထပ်မံပြုတ်ကျသွားပြန်ရာ စံမြ၏ ရင်ခွင်ကျယ်ကြီးထဲ ကြင်ဥ ရောက်သွားပြန်တော့သည်။



## အခန်း(၇)

ဗျို့ဟစ်လိုက်သဖြင့် တစ်ရွာလုံး စုရုံးလာကြသည်။

လူကြီးများအပိုင်းက ဘိသိက်ဆရာ သြဘာသောင်းဦးရှင်ကြီး တင်သည့် ဆရာကျောင်း၊ မရမတ်ဆရာတင်ဟု နာမည်တွင်နေသည့် လူပြန်တော်ဦးတင်မောင်၊ ဓာတ်ဗိန္ဓောဆရာကြီး ဆရာလင်း၊ သူကြီး ဦးစံပက လူကြီးများနှင့် မပတ်သက်လျှင် ညရေးညတာ သွားရလာရ ခက်သဖြင့် ဖိတ်လေ့မရှိ။ သည်တစ်ခါတော့ မပါမဖြစ်ကိစ္စဖြစ်၍ မှတ်တင်ကို ဖိတ်ခိုင်းသည်။ ဗိန္ဓောဆရာကြီး ဆရာလင်းက မြေးမလေး အကူအညီဖြင့် မီးခွက်လေးကိုင်ပြီး ရောက်လာသည်။

ကာလသား ကာလသမီးကတော့ အထူးပြောစရာ မလို။ မှတ်တင်နှင့် ဒေါ်ဂွက်မတို့ အသိပေးလိုက်ရုံသာ…။

ခုနစ်နာရီထိုးအရောက်ဟု အကြောင်းကြားထားသဖြင့် ခြောက်နာရီကျော်ကတည်းက တဖျောက်ဖျောက် ရောက်လာသည်။ သူကြီးအိမ်ရှေ့ရှိ မန်ကျီးပင်ရိပ်တွင် သင့်သလို ဝိုင်းဖွဲ့ထိုင်နေကြသည်။ ခုနစ်ရက်ခုနစ်လီ ပြောသော်လည်း မရိုးနိုင်သည့် ဘောလုံးပွဲအကြောင်းက တစ်ထောင့်တစ်ညပုံပြင်ပမာ။



www.burmeseclassic.com

www.burmeseclassic.com



'မှန်တာပြောရရင် ကိုယ့်အသင်းကို အထင်မကြီးမိတာတော့ အမှန်ကွ၊ ဟုတ်တယ်လေ၊ ဒိုးနွယ် အသင်းဆိုတာက မြို့အနောက်ခြမ်းမှာ ပြိုင်စံရှားမဟုတ်လား၊ နွားပေါက်စက နွားသိုးနဲ့ ပြိုင်ဖို့သလို မျိုးဖြစ်နေတာကိုး'

'အဲဒါ ဘောလုံးရဲ့သဘာဝကို ခင်ဗျားမှ မသိတာကိုး'

'အဟာ... မသိလို့ပါ ဆရာကြွက်သိုးရယ်၊ ပြောပြပါကွယ်'

တူအရီးက ဘောလုံးပွဲအကြောင်း စကားချီနေ၍ နားထောင်နေသူတွေ ပြုံးသည်။

ကြွက်သိုး၏ ဦးလေးဝမ်းကွဲတော်သည့် ဘသက်က နတ်အိုးကွဲ။ ဘာတစ်ခုမှ မသိတာလည်းမရှိ။ မလုပ်တတ်တာလည်းမရှိ။ ဟိုစပ်စပ် ဒီစပ်စပ် အကုန်တတ်သည်။ အသုံးချမရသည်ကလွဲပြီး ပညာရပ်အားလုံး သူတတ်သည်။ သူလိုလူမျိုးကို ဘုရားစင်ပေါ်တင်လို့လည်းမရ။ အောက်ပစ်ထားလို့လည်း မဖြစ်။

ဘောလုံးအသင်းထောင်တော့ မလိုလားသည့်ဘက်မှာ သူပါသည်။ အကြောင်းပြချက် အမျိုးမျိုးနှင့် ရှုံ့ချပုံက သူကြီးဦးစံပပင် အလကားလူ။ တကယ်တမ်း အသင်းဖွဲ့၊ စိတ်ပါလက်ပါ လေ့ကျင့်နေတော့ လိုလားသည့်ဘက်ပြောင်းထိုင်သည်။ ယောင်ခုံကို နေ့တိုင်းရောက်သည်။ မတောက်တစ်ခေါက် ပညာလေးထုတ်ပြသည်။ သူ့ကိုပဲ အသင်းနည်းပြခန့်ရတော့မလိုလို။ ခုလို အောင်မြင်သည်ဆိုတော့ သူက အသင်းရှေ့မှ ထီးထီးမားမားရပ်ပြသည်။

'အဲဒီနေ့ပွဲမှာ ခြေအပေါ်ဆုံးက အေးမောင်ပဲ'

'အဟဲ... ပေါ်မှာပေါ့၊ အေးမောင်က ခြေအိတ်မှ ဝတ်မထားတာ'

'မင်း အဘ'

သူ့စကားကို အရှိန်းဝင်ဖောက်သည့် ပေစီအား ဆဲသည်။





ပေစီက စကားအစီးမခံ။ ကိုယ်လိုဘောလုံးပွဲလိုက်မလာ။ ကိုယ်လိုမျက်ဝါးထင်ထင် မမြင်ရ။ ကိုယ်လို အသံပြာအောင် အော်ဟစ်အားမပေးပါဘဲလျက် အကြားနှင့် ရမ်းတုတ်နေ၍ ကလိလိုက်ခြင်းပင်။

'ဒီနေရာမှာ သမ္ဘာစကားပြောတယ်'

'ဘာလဲဗျ သမ္ဘာဆိုတာ'

'ဝါပေါ့ကွာ'

'ဝါဆိုတာ မိတ္တီလာဘက်မှာ စိုက်တာမျိုးလား'

'ဟော့ကောင်... ပေစီ၊ မင်းလုပ်ပုံက ထောင်တန်တဲ့စကားရယ်ပေါ့'

'အဟူး... လုပ်မနေပါနဲ့ ဦးဘသက်ရာ၊ ခင်ဗျားက နတ်အိုးကွဲမှန်း လူတိုင်းသိပါတယ်'

'အောင်မာ... မင်းက၊ ဟော့ကောင် ပေစီ မင်းထက်တတ်တယ်'

'ဘာတတ်တာလဲ'

'ဘာမဆိုကွာ၊ ဘာယှဉ်ချင်လဲပြော၊ နီးထိုးမလား၊ လွှဲခွဲမလား၊ ကွန်းစီးမလား၊ ကြိုက်တာပြော၊ မင်းအားသန်တာပြိုင်မယ်'

'တကယ်'

'ဆယ်ကယ်၊ စိန်ခေါ်ရင် တိမ်ပေါ်ထိလိုက်မယ်'

'ဒါဆို နွားရေးသင်းပြိုင်မယ်'

'ဟာကွာ'

'ဝက်ဖွေးဥဖောက်မယ်'

'တော်စမ်းပါကွာ'

'မတော်နဲ့၊ ခင်ဗျား ဘယ်လောက် ပညာစုံတယ်ပြောပြောရေးဥနဲ့ ပတ်သက်လို့တော့ ပေစီကို မမှီစေရဘူး၊ ရေးသင်းဆရာလို့သောင် နာမည်ခံထားတာဗျ၊ အေး... ခင်ဗျားသိအောင် ပြောပိုက်ဦး



www.burmeseclassic.com

www.burmeseclassic.com



ယ်၊ ကျုပ်က တိရစ္ဆာန်တွေ ဖေ့သင်းတာသာ ကျွမ်းကျင်တာမဟုတ်ဘူး၊ လူလည်းရတယ်'

'အံမယ် ဟုတ်မှလုပ်ပါ လက်ဖြူရပ်တွင်း ပျက်ပါ့မယ်'

'ဟုတ်လို့ ဟုတ်တယ်ပြောတာ၊ ဟိုတလောကတောင်ကျောင်းက ကိုရင်ကြီး ဒေါ်သော်တာရဲ့သား ကိုရင်ကြီးဗျာ'

'အေး'

'မရမ်းပင်ပေါ်တက်တော့ ကြက်ပေါင်ပုံကျလို့ ဖေ့တစ်ခြမ်းပါသွားတာ ကျုပ်ပဲ ကိုင်ပေးလိုက်တာ'

'ဒါဆို ကိုရင်ကြီးက ဖေ့တစ်ခြမ်းတည်းပေါ့'

'ဘာတစ်ခြမ်းမှ မရှိတော့ဘူး၊ ကျန်တဲ့ဟာပါ ထုတ်ပစ်လိုက်တယ်၊ ဟုတ်တယ်လေ၊ ဘာလုပ်မှာလဲ၊ ကိုရင်ကြီးက ရဟန်းခံမှာ၊ တစ်သက်လုံး သာသနာ့ဘောင်နေမှာ မလိုပါဘူး'

ဦးဘသက်နှင့်ပေစိ စကားနိုင်လုသည်ကို နားထောင်ရင်း စောင့်ကြ၍ မပျင်းရိကြ။ ခဏနေတော့ သူကြီးနှင့် သူကြီးတူ ထွန်းပတို့ ဆင်းလာသည်။ မှတ်တင်က လသာမှန်အိမ်ထွန်းယူလာပြီး မန်ကျီးကိုင်းတွင် ချိတ်ပေးလိုက်သဖြင့် တစ်ဝန်းလုံး လင်းထိန်နေသည်။

သူကြီးသမီး မြလေးစိန်နှင့် လှလေးစိန်က အစည်းအဝေးလာသူတွေကို ဆေးလိပ်လိုက်ကမ်းသည်။ ဖခင်ကြီး၏ ပါရမီဖြည့်ဆည်းပေးသည့် သမီးများဖြစ်၍ သူကြီးက ပစားပေးသည်။ အကြီးဆုံးမခင်လေးစိန်က ခုတော့ ပွဲမတိုးတော့။ ကလေးမအေဖြစ်သွားပြီမို့ ပွဲမထုတ်တော့ပေ။

'ကိုင်း… ဆေးလိပ်လည်းသောက်၊ ပြောတာလည်း နားထောင်၊ သင့်မသင့်လည်း အကြံပေးကြပေါ့'

သူကြီးက စကားပလ္လင်ခံလိုက်သည်နှင့် ကြွက်စီကြွက်စီညံနေသည့် လူအုပ်ကြီး ငြိမ်သွားသည်။





'ဘောလုံးပွဲအကြောင်းတော့ လူတိုင်း သိပြီးပါပြီ'

'ဟုတ်ပါတယ်၊ ကြားရဖန်များလို့ နားတောင်အီနေပြီ'

'အဲဒီပွဲမှာ ကိုအောင်ပွင့်ဆီက စပါးတစ်ရာရတာလည်း ကြားလောက်ရောပေါ့'

'ဒါလည်း ကြားပါတယ်'

'ဒီစပါးတစ်ရာကို အောင်ပွဲခံတဲ့ ဘောလုံးသမားတွေ ခွဲပေးဖို့ အစက စိတ်ကူးထားတယ်'

'အင်း… ပြောပါဦး ကိုရင်စံပ'

ပရမတ်ဆရာတင်က 'အခုဘာလုပ်ဖို့ စိတ်ကူးရသလဲ'ဟူသော အဓိပ္ပာယ်နှင့် စကားထောက်လိုက်သည်။

'ဒါဟာ သူတို့စွမ်းအားကြောင့် ရတာဖြစ်ပေမဲ့ တကယ်တော့ တစ်ရွာလုံးရဲ့ အားပေးမှုကြောင့်လို့ မြင်တယ်၊ ဒီတော့ တစ်ရွာလုံးအကျိုးရှိမဲ့ အလုပ်လုပ်ဖို့ ဆုံးဖြတ်လိုက်တယ်'

'ကျွန်တော် ကြားဖြတ်ပြောခွင့်ပေးပါ သူကြီး'

'အင်း… ပြောပါ မောင်အေးမောင်'

'သူကြီးပြောတဲ့ လောင်းကြေးကိစ္စက ကျွန်တော်တို့နဲ့မဆိုင်ပါဘူး၊ ရှုံးရင် သူကြီးကပေးရမယ်၊ အခုနိုင်တော့ အဲဒီနိုင်တာ သူကြီးပဲ ခံစားသင့်ပါတယ်၊ သူကြီးဆန္ဒရှိသလို လုပ်ခွင့်ရှိပါတယ်'

အေးမောင်က ဖြစ်သင့်သည်ကို ပြောပြီး ထိုင်လိုက်သည်။ သူကြီးက ကျေနပ်ပြုံးတစ်ချက်ပြုံးလိုက်သည်။

'ဝမ်းသာပါတယ်၊ ကျွန်တော်လည်း ရချင်စိတ်၊ ယူချင်စိတ်နဲ့ လုပ်ခဲ့တာမဟုတ်ဘူး၊ တစ်ခုခုလုပ်ပေးမယ်လို့ စဉ်းစားရင်း ဟိုနေ့က မောင်အေးမောင်ရဲ့ သားနှစ်ယောက်ကို ချောင်းခုံမှာ တွေ့မိတယ်၊ စကားပြောဖြစ်တယ်၊ အဲဒီမှာ စိတ်ကူးသစ်ပေါ်လာတော့တယ်'



www.burmeseclassic.com

www.burmeseclassic.com



သူကြီးစကားကို နားထောင်ရင်း ရမ်မိရပ်ဖများက စိတ်ဝင်စားဟန်ဖြင့် နားစွင့်နေသည်။

'ဒီလိုပါ မောင်အေးမောင်ရဲ့ သားနှစ်ယောက်က ရှင်ပြုသင့်တဲ့ အရွယ်ရောက်ပြီ၊ မပြုရသေးဘူး၊ အဲလို ရှင်မပြုရသေးတဲ့ ကလေးတို့အသင်းမှာ ဘယ်လောက်ရှိလဲလို့ စာရင်းကောက်ခိုင်းတော့ လေးငါးယောက်ရတယ်'

'ဒါဆို ကလေးတွေ ရှင်ပြုပေးမယ်ပေါ့'

'ဟုတ်ကဲ့ ဆရာကျောင်း၊ ရှင်ပြုပေးချင်တယ်၊ ဒါပေမဲ့ ဒီကလေးတွေတင်မဟုတ်ဘူး၊ ရွာထဲက ရှင်မပြုနိုင်သေးတဲ့ ကလေးတွေပါ ပြုပေးချင်တယ်'

'ကောင်းတဲ့အကြံအစည်လား သူကြီးရဲ၊ သာဓုခေါ်ပါတယ်'

'ဟုတ်ကဲ့ ဆရာတင်၊ ဒီအနိုင်ဟာ တစ်ရွာလုံးရဲ့အနိုင်လို့ ခံယူထားတော့ တစ်ရွာလုံး အကျိုးရှိတဲ့ အလုပ်လုပ်ချင်တယ်'

'သူကြီးသဘောထားကို အားလုံးနားလည်ပါတယ်၊ မှန်တာပြောရင် ဘောလုံးအသင်းဖွဲ့တုန်းကတော့ မဟုတ်တာလုပ်တယ်လို့ ထင်မိခဲ့တယ်ဗျ'

ဘိသိက်ဆရာဩဘာသောင်းက သူ့မူလက အမြင်နှင့်လက်တွေ့အကျိုးရှိပုံကြောင့် အမြင်ပြောင်းလဲခဲ့ပုံကို ရှည်ရှည်ဝေးဝေး ရှင်းပြသည်။ သူကြီးထားရှိသော စေတနာအပေါ်လည်းဝမ်းမြောက်မိကြောင်း ပြောပြသည်။

'ဒါဆို အများသဘောတူတယ်ဆိုတော့ အလှူပွဲဖြစ်ပြီလို့ သတ်မှတ်ပါတယ်၊ လူကြီးများက ရက်ကောင်းရက်မြတ်ရွေးပေးပါ၊ ကာလသား ကာလသမီးတွေက ဘာကျွေးသင့်တယ်ဆိုတာ ညှိနှိုင်းပါ၊ မိဘများက ရှင်ပြုလိုတဲ့ စာရင်းပေးပါ၊ သင်္ကန်းပရိက္ခာထည့်ပြီး အလှူ





ဒကာခံယူချင်လည်းထည့်၊ မထည့်နိုင်လည်း ကျွန်တော် တာဝန်ယူပါတယ်'

'နေဦး ကိုရင်စံပရဲ့၊ ခင်ဗျားစပါးတစ်ရာနဲ့ အလှူဖြစ်ပါ့မလား'

'ကျန်တာလိုတာ ကျွန်တော် တာဝန်ယူပါတယ်'

'သူကြီးစေတနာကို ချီးကျူးတင်ပါတယ်၊ အဲဒီအလှူမှာလိုတဲ့ အုန်းသီး ကျွပ်လှူမယ်၊ လိုအပ်တဲ့အချိန် ခြံထဲက အုန်းသီးလာချဗျာ၊ အလှူဝင်ပါရစေ'

လူပြန်တော် ဆရာတင်က တတ်နိုင်သည့်ပစ္စည်း တာဝန်ယူလိုက်သည်နှင့် ဆေးပေါ့လိပ် အလှူဝင်သူ၊ မြေပဲအလှူဝင်သူ၊ မုန့်ဆီကြော်တာဝန်ယူသူများ တစ်ယောက်ပြီးတစ်ယောက် ပေါ်လာသည်။

'အဲဒီအလှူမှာ ဒိုးနွယ်သူကြီး ဦးအောင်ပွင့်တော့ ဖိတ်သင့်တယ်၊ သူက အလှူရှင်စစ်စစ်ဗျ'

ကာလသားခေါင်း မှတ်တင်၏ မှတ်ချက်စကားကြောင့် ရယ်စရာလေးဖြစ်သွားသည်။

'ဖိတ်မှာပါ၊ ရပ်နီးရပ်ဝေးက မိတ်ဆွေတွေကို အကြောင်းပြုမှာပါ'

'သူကြီးဖိတ်တာတော့ ဟုတ်ပါပြီ၊ ဟိုက လာပါ့မလား၊ ဘောလုံးပွဲရှုံးလို့ ကန်သင်းခုံကို လက်သီးနဲ့ပစ်ထိုးတဲ့ မျက်နှာ ကျုပ်က ခုထိမြင်ယောင်တုန်း'

'အဟက်… ဒါက သူ့ဘာသာ အထင်ကြီးတာလေ စံလှရေ၊ တို့ကိုမမှုတော့ နောင်တရသွားမှာပေါ့၊ အဲဒါကြောင့် ရှေးလူကြီးတွေပြောတာ'

'ဘာပါလိမ့်'

'မြွေပွေးကို ငယ်တယ်ဆိုပြီး အလမ္ပာယ်မပြုနဲ့ဆို



www.burmeseclassic.com

www.burmeseclassic.com



'ပြတော့'

'မြွေပွေးခဲလို့ သေလိမ့်မယ်တဲ့'

'ငါတော့ အဲလိုမနိုင်းချင်ဘူး'

'ပြောစမ်း'

'စီပိုင်းကို ငယ်တယ်ဆိုပြီး ရန်မစနဲ့'

'စတော့'

'သရေကျလို့ မွဲတတ်တယ်လို့'

သူကြီးဦးစံပ အိမ်ဝန်းထဲတွင် ပြုလုပ်သော အလှူမင်္ဂလာအကြို ညနိုင်းမှုက ပျော်ရွှင်မှုအပေါင်းဖြင့် ပြီးဆုံးသွားခဲ့သည်။

စီပိုင်းရွာ စုပေါင်းအလှူပွဲက ခြိမ့်ခြိမ့်သဲသဲ။

မောင်ရှင်လောင်း ဆယ့်ငါးပါး ရှင်လောင်းလှည့် နတ်ပြသည့် အလှူအဖိတ်နေ့က ပျော်စရာ အကောင်းဆုံး။ အထူးသဖြင့် ပြုံးချိုနှင့် မြလေးစိန်တို့အဖို့ တစ်သက်မမေ့နိုင်သည့်နေ့။ ပျော်ရွှင်စရာများနှင့် ပြည့်နှက်နေ၍ အလှူဒကာ ဦးစံပလည်း မေ့နေသည်။ အလှူ့အစ်မ ဒေါ်ရွှေမှုံလည်း လစ်လျူရှုထားသည်။ အလှူ့ဒကာများဟု သတ်မှတ်ခံရသည့် ဘောလုံးသမားများက နေရာတိုင်းတွင်မျက်နှာပန်းလှနေသည်။ အခွင့်ထူးရထားသည့် ဘောလုံးသမားများ ဒီးလွှား ဒီးလွှား ပြေးလွှားနေချိန်တွင် ပြုံးချိုနှင့်မြလေးစိန်က အခွင့်အရေးရနေသည်။

'ပျော်နေလား အလှူ့အစ်မ'

'ဟင်း... မနောက်ပါနဲ့ ကိုချိုရယ်၊ ဒီက အလှူ့အစ်မ မဟုတ်ပါဘူး'

'ဟောဗျာ... အလှူဒါယကာ သူကြီးဦးစံပဆိုတာ မြလေး အဖေလေ'





'အဖေတော့ အဖေပေါ့'

'အဖေ့အလှူဆိုတော့ သမီးအလှူလည်းဖြစ်ပြီပေါ့ မြလေး ရယ်'

'ဟင့်အင်း... သူများကတော့ အဲလိုမခံယူဘူး'

'အဲ... ဒါဆို မြလေးကို အလှူ့အစ်မဘွဲ့ထပ်ပေးလိုက်မယ်'

'ပြောပြန်ပြီ'

'ပြောတာမဟုတ်ဘူးလေ၊ အလှူဒါယကာ မောင်ပြုံးချိုလို့ ဖိတ်စာထဲမှာ ပါတယ်မဟုတ်လား'

'ပါသားပဲ'

'ဒါဆိုရင် ကွက်လပ်ဖြစ်နေတဲ့ အလှူဒါယိကာမနေရာမှာ မြလေးဝင်ယူလိုက်ပေါ့'

'ကြည့်ပါလား'

မြလေးစိန်က ပြုံးချို မျက်နှာကိုကြည့်ပြီး ရှက်လေဟန်ဖြင့် တိုးတိုးရယ်ပြီး ရင်အုံကိုထုလိုက်သည်။ ပြုံးချိုက မြလေး၏လက်ကို ဖမ်းဆွဲလျက် ရင်ခွင်တွင်း ဆွဲသွင်းလိုက်သည်။ အလိုက်သင့်ပါလာသည့် မြလေးကိုယ်လုံးလေးကို အားနှင့်သိမ်းဖက်လိုက်ပြီး ပါးပြင်ကို နမ်းပစ်လိုက်သည်။ သို့သော် နမ်းခွင့်မရလိုက်။

'အလှူဒါယကာ ဦးပြုံးချို၊ ဦးပြုံးချို ခင်ဗျာ ရှင်လောင်းလှည့်ပါတော့မယ်၊ အားလုံးစုံနေပြီမို့ ကြားရာနေရာက အမြန်ဆုံးကြွခဲ့ပါ'

ကာလသားခေါင်း ကိုမှတ်တင်အသံက ဓာတ်စက်ထဲမှ ကျယ်လောင်စွာ ပေါ်လာသည်။ မျက်မှောင်ကြီးကြုတ်လျက် စိုက်ကြည့်နေသည့် ကိုမှတ်တင် မျက်နှာကြီး အထင်းသားပေါ်လာသည်။

'ဟော့ကောင် ပြုံးချို မင်းတို့ ဘယ်နေရာမှာ အကြည်စိုက်နေ



www.burmeseclassic.com

www.burmeseclassic.com



တယ်ဆိုတာ ငါသိတယ်၊ လူပုံလည်မှာ ဘွားခနဲ အမိမခံရခင် လာခဲ့ကြ၊ ထွက်ခဲ့ကြ'

အိမ်နောက်ဘက်ရှိ စပါးကျီထောင့်ကို အမှီပြုဘျက် ကြည့်နေသည့် ချစ်သူနှစ်ဦးမှာ အထိတ်တလန့်အမူအရာဖြင့် ရင်ချင်းခွာလိုက်သည်။ တစ်ယောက်နှင့်တစ်ယောက် မျက်နှာရိပ် မျက်နှာကဲပြလျက် လူချင်းခွဲလိုက်သည်။ ပြုံးချိုသည် စပါးကျီနောက် ခြံစည်းရိုးမှ ဖောက်ထွက်ပြီး တစ်ဖက်ခြံထဲ ကူးလိုက်သည်။ ခြံစည်းရိုး တိုးသံကြား၍ အိမ်ထက်က ဟဲ့… ဘယ်သူတုန်းဟု လှမ်းမေးသော ဒေါ်ကြီးဒေါ်စိန်ခင်ကို အသံပေးလိုက်သည်။ လူလုံးပြလျက် 'ဒေါ်ကြီး အလှူဝတ်ဆံလှည့်တော့မယ်လေ'ဟု လောကွတ်ပြုစကားဆိုပြီး ရွာလယ်လမ်းမဘက် ပြေးထွက်ခဲ့သည်။

'အလှူဒါယကာ ဦးပြုံးချို'

'ရောက်ပြီ ကိုကြီးမှတ်တင်ရေ'

'မင်းက ဘယ်သွားနေတာလဲ'

ဘယ်သွားနေတာလဲဟု အများကြားလောက်အောင် မေးလိုက်သော်လည်း 'ငါ သိတယ်'ဟူသော အကြည့်ကြောင့် ဆလံသလိုက်သည်။

'အဟက်… တိုက်ပုံအင်္ကျီမရှိလို့ ငှားနေတာ'

'ဘာ… တိုက်ပုံအင်္ကျီလိုက်ငှားနေတယ် ဟုတ်လား၊ ဘယ်မလဲ အဲဒီတိုက်ပုံ'

'အပြီး… ကိုကြီးအသံကြားတော့ ပြေးထွက်လာတာနဲ့ မေ့ခဲ့ပြီ'

'မေ့ရင် သွားပြန်ဝတ်'

'ဗျာ… အဲ… ဟိုဒင်း… မဝတ်တော့ပါဘူး ကိုကြီးရာ၊ ရှိတာနဲ့ပဲ လိုက်ပါတော့မယ်'





ကိုမှတ်တင်က အစီးဒေါ်ရွှေမှုကြားကောင်းအောင် ဟန်ဆောင်မေးသည်။ ပြုံးချိုက ပါးစပ်ထဲရှိရာ ဖြေလိုက်တော့ ကမောက်ကမ အကြောင်းသိသူများက ပြုံးစိစိ။

ကြင်ဥက 'လူမိတာ နာပါသရှင်၊ ပူဇိကာ မူလကျိုမရယ်'ဟူသော ငိုချင်းကို ပြုံးချိုကြားရုံဆိုလိုက်သည်။ ပြုံးချိုလည်း ပြန်လှည့်ကြည့်ပြီး 'တိုင်လိုက်မယ်'ဟု စံမြကို လက်ညှိုးထိုးပြလျက် နောက်လိုက်သည်။ ပြုံးချိုက သန်းဌေးလှမ်းပေးသည့် ပရိက္ခရာကို ကမန်းကတန်း လွယ်လျက် လူတန်းထဲ ဝင်ရပ်လိုက်သည်။

'ဟော့ကောင်… မင်းကြောမှာ ပင့်ကူမျှင်တွေ ပုတ်ပစ်ဦး'

သန်းဌေးက 'ငါသိတယ်'ဟူသော အဓိပ္ပာယ်နှင့်ပြောလိုက်သည်။ ရှက်ရယ်ရယ်လျက် ပျာယာခတ်နေစဉ် မြလေးစိန်က ကွမ်းတောင်လေးကိုင်လျက် ဆင်းလာသည်။ ချိတ်လုံချည်အပြာဝမ်းဆက်၊ သစ္စာပန်းခက်လေး ပန်ထားသည့် မြလေးစိန်အလှက ပြုံးချိုကို မူးမေ့သွားအောင် ဖမ်းစားလိုက်ပြန်သည်။

အိုးစည်ဒိုးပတ်အကတွေဖြင့် မြိုင်မြိုင်ဆိုင်ဆိုင် ထွက်လာသည့် အလှူဝတ်ဆံလှည့်ပွဲက ရွာလယ်လမ်းမမှထွက်၊ ရွာဦးနတ်စင်ဝင်ကန်တော့၊ ဆရာတော်ကျောင်းဝင်၊ ထိုမှ အလှူမဏ္ဍပ်ပြန်ဝင်ရုံသာဖြစ်သော်လည်း နှစ်နာရီလောက် စီတန်းလျှောက်ရသည်။

အလှူဝတ်ဆံလှည့်ရင်း အခွင့်သာတိုင်း ခိုးကြည့်ရသော အရသာက ကြဲဖူးမှ ခံစားနိုင်သည်။ အကြည့်ချင်းဆုံတိုင်း ရင်သိမ့်သိမ့်ခုန်ရသည့်ဘဝကို တစ်သက်လုံး သိမ်းဆည်းထားချင်သည်။

အလှူဝတ်ဆံလှည့်ပြီး မဏ္ဍပ်ထဲ၌ ထမင်းကျွေးသည်။ ဗလာဟင်းချို၊ ငပိချက်၊ ပဲတီချဉ်နှင့် စားရပေမဲ့ မြိန်မှမြိန်၊ ကောင်းမှကောင်း။ ထိုနေ့က မြလေးစိန် လာထည့်ပေးသည့် ပဲတီချဉ်က စားဖူးသမျှအစာထဲတွင် အကောင်းဆုံးဟု ထင်မိသည်။



www.burmeseclassic.com

www.burmeseclassic.com



‘အကြွေးပေးရဦးမယ်နော်’

ဟင်းလာထည့်ပေးသော မြလေးစိန်ကို တီးတိုးကပ်ပြောလိုက်သည်။ မြလေးစိန်က အံ့အားသင့်သည့် အကြည့်နှင့်ကြည့်သည်။

‘ဘာအကြွေးလဲ’

မသိဟန်ဆောင်လျက် မြလေးစိန်က မေးသည်။ ပြုံးချိုက နှာမှုတ်သံပေးလျက် နှာခေါင်းကိုပွတ်ပြလိုက်သည်။

‘သေလိုက်’

‘အေးပါ၊ ညကျရင် ချောင်းခုံမှာတွေ့မယ်’

‘သေလိုက်’

မြလေးစိန်က ရယ်မောပြောပြီး အနားမှ ခပ်သွက်သွက်ထွက်သွားသည်။ ပြုံးချိုသည် ပျော်ရွှင်ကြည်နူးသည့် အပြုံးဖြင့် ခေါင်းငုံ့လျက် ထမင်းကိုသာ ငုံ့လျက်ငုံ့လျက် လွေးနေမိတော့သည်။



## အခန်း(၈)

သန်းစိန်၊ သံချောင်း၊ အောင်မင်းသိမ်းတို့ သုံးယောက်တွဲနှင့် တွေ့လိုက်ကတည်းက စိတ်ထဲထင့်ခနဲ ဖြစ်သွားသည်။ ထန်းတဲက ပြန်လာကြ၍ မူးနေလောက်ပြီဟုလည်း တွက်မိသည်။ ထန်းရည် ရောင်းနေစဉ်ကမှ သူသည် သန်းစိန်နှင့် သံချောင်း၏ နိုင်းဖတ်။ ကိုယ့်ဆီ လာအားပေးတော့လည်း လုပ်မပေး၍မဖြစ်။ သူတို့ဆီက ပိုက်ဆံရမှ မိသားစုဝမ်းရေးပြေလည်မည်။ ပိုက်ဆံကျအောင် ဖော်ရွေ ရမည်။ အလိုက်သိရမည်။ တာဝန်ကျေရပြီ။ ‘ဟော့ကောင် ပြုံးချို’ဟု ခေါ်သည်နှင့် ခင်ဗျာဟုထူး။ ထူးသံမဆုံးမီ ရောက်အောင်ပြေးသွားရ သည်။

နဂိုကပင် အနိုင်ကျင့်ချင်စိတ်ရှိပြီး ပိုက်ဆံပေးသောက်တာ ဟူသော မာနက ဝင်နေတော့ အောက်မကျို့၍မဖြစ်။ အလိုက်သင့် မဆက်ဆံ၍မဖြစ်။

သူကြီးဦးစံပထံရောက်သွားကတည်းက ထန်းတောနှင့်ကင်း သွားသည်။ ထန်းရည်လည်း လည်မရောင်းတော့။ ကိုယ်တိုင်ထန်းရည်



www.burmeseclassic.com

www.burmeseclassic.com



မရောင်းတော့သလို ဖခင်တို့လည်း ထန်းမတက်တော့ရန် တိုက်တွန်းသည်။ အသက်အရွယ်ရပြီဖြစ်သည့် ဖခင်ကြီးကို အန္တရာယ်များသည့် ထန်းတက်သည့်အလုပ်စွန့်ဖို့ ပြောသည်။

'အင်း… သိက္ခာမရှိ၊ လူ့အောက်ကျတဲ့အလုပ်ကို ငါလည်း မလုပ်ချင်တော့ပါဘူး၊ ဒါပေမဲ့ ဒါလေးက ဝမ်းစာလေ'

'ဝမ်းစာအတွက် သားလုပ်ခဖြည့်ပေးပြီပဲ အဖေရာ'

'အေး… သားပြောတာ မှန်တယ်၊ စပါးရှစ်ဆယ်၊ တစ်ရာရလို့ ဝမ်းစာဖူလုံခဲ့တာ၊ ကြောင့်ကြဖို့ မလိုတော့တာ မှန်ပါတယ်၊ ဒါပေမဲ့ မင်းညီမလေးတွေလည်း အရွယ်ရောက်လာပြီ၊ ဝတ်ချင်စားချင်ပြီ၊ အပိုဝင်ငွေလေးတွေရတော့ ဆင်နိုင်တာပေါ့ကွာ'

ဖခင်ကြီး၏ အကြောင်းပြချက်က ခိုင်လုံတော့ ဆက်မပြောသာ။ ကိုယ်တိုင်ကလည်း သည့်ထက်ပေးကမ်းနိုင်ခြင်းမရှိတော့ သည်းခံလိုက်ရသည်။

ဘောလုံးအသင်းဖွဲ့စက ပြောလောက်အောင် အလုပ်မရှိသေး။ ထန်းတဲမှာပဲ နေပြီး ကစားချိန်ကျမှ ကွင်းထဲသွားသည်။ အချိန်ပိုရှိတော့ ကိုယ်တိုင် ထန်းရည် ထမ်းမရောင်းတော့သော်လည်းထန်းအလုပ်နှင့် သိပ်မကင်းကွာ။ အနည်းဆုံးတော့ လယ်ကွက်ထောင်၊ ရသည့်ကြွက် ကိုင်ပေးပြီး ကင်ပေးရသည်။ ကြွက်ကင်က ထန်းသမားအကြိုက်။ အဆီတဝင်းဝင်းနှင့်မွှေးပျံ့နေသည့် ကြွက်က မြင်လျှင်မမြီးချင်သူမရှိ။ ကြွက်ကင်တစ်ကောင် နှစ်ရာ။ ရှိသလောက်ကုန်သဖြင့်အားထည့်ကူညီရသည်။

နေ့တိုင်း တနေ့တစ်ခေါက် ပုံမှန်ရောက်သည့် သန်းစိန်တို့နှင့်က မဆက်ဆံလည်းမရ။ မမူးခင် ပြောလို့ဆိုလို့ ကောင်းပေမဲ့ မူးလာလျှင် ရစ်သည်။ အနိုင်ကျင့်သည်။ ဖခင်ကြီး အနားမှာရှိလျှင် ဖခင်





ကြီး၏ အရှိန်ကြောင့် အနိုင်မကျင့်ဝံ့ပေမဲ့ ဖခင်ကြီး ထန်းပင်ပေါ်ရောက်နေလျှင် အနိုင်ကျင့်မြဲကျင့်သည်။

ကိုယ့်အပေါ် အနိုင်ကျင့်သည်ကို သည်းခံခွင့်လွှတ်နိုင်ပေမဲ့ အရွယ်မရောက်သေးသည့် ညီမလေးတွေကို ရိလျှင် ပြုံးချိ စိတ်ဆိုးသည်။

'ဒါမျိုးမပြောနဲ့၊ ခင်ဗျားတို့လည်း ညီမတွေ ရှိနေတာ၊ ကိုယ်ချင်းစာမှပေါ့'ဟု ပြောလျှင် စကားလျောချသွားသည်။ ပြဿနာမဖြစ်ချင်တော့ ဒီအခြေအနေကိုလည်း ဖခင်ကြီးအသိမခံချင်။ သိလျှင် သန်းစိန်နှင့် သံချောင်း သက်သာမည်မဟုတ်။ စကားနည်းသလောက် လက်မြန်သည့် ဖခင်ကြီးတော့ ကြောက်ကြသည်။

ကိုယ့်အပေါ် နိုင်လိုမင်းထက် လုပ်တတ်သည့် သန်းစိန်တို့နှင့် အောင်မင်းသိန်းက ပေါင်းနေသည်။ အောင်မင်းသိန်း စိတ်ထားဘယ်လိုရှိသည်ကို မြလေးစိန် ပြောပြထားသည်။ ကိုယ်ထိလက်ရောက်စော်ကားသည့် အောင်မင်းသိန်းကို လက်သီးစာကျွေးပစ်ချင်သည်။ အောင်မင်းသိန်းလို လူဗလံလေးကို အချိန်မရွေး နှိပ်ကွပ်ပစ်နိုင်သည်။ သို့သော် မြလေးစိန်အတွက် ရန်သတ္တုပြုသည်ဆိုလျှင် 'မင်းနဲ့ဘာဆိုင်လို့လဲ'ဟု အမေးခံရမည်။ ကိုယ်က ဘယ်လိုဖြေမည်နည်း။ သူလည်း ပြောပိုင်ခွင့်ရှိသည်။ တောင်းဆိုပိုင်ခွင့်ရှိသည်။ ပိုင်ဆိုင်ခွင့်မရှိသေးတော့ ဝင်မပြောသာ။

မိမိ၏ ရန်သူဟု သတ်မှတ်ထားသော အောင်မင်းသိန်းက သံချောင်းတို့နှင့်ပေါင်းမိနေပြီ။

မတွေ့ချင်၍ ရှောင်သွားလည်းမဖြစ်။ ရင်မဆိုင်ချင်၍ မျက်နှာလွှဲသွားလည်းမဖြစ်။ ပြဿနာမရှာပ် ရှာပ်အောင် အောင်မင်းသိန်းက အစဆွဲထုတ်သည်။



www.burmeseclassic.com

www.burmeseclassic.com



'ခုလိုချိန်မှာ ရာဇသင်္ကြန် အမတ်ကြီးစကား သတိသွားရတယ် အစ်ကိုတို့ရာ'

'ပြောစမ်း'

'ပန်းပွတ်သည်ရဲ့သားမြေးတွေ ကောင်းစားနေတော့ ပန်းကလပ်ပဲနဲ့ စားနေရတယ်တဲ့'

'မင်းစကားက ဘာဆိုင်လဲ'

'ဒီနေ့ ကြွက်ကင်နဲ့ မမြိန်ရဘူးလေ၊ ထန်းသမားသားတွေ ကြီးပွားနေတော့'

ဒေါသထောင်းခနဲ ထသွားသည်။ 'ဟေ့ကောင်… အောင်မင်းသိန်း မင်း ဘာစကားပြောတာလဲ'ဟု လည်မျိုညှစ်ပစ်လိုက်ချင်သည်။ ဒေါသကို ချုပ်တီးလျက် စူးစူးရဲရဲကြည့်လိုက်မိသည်။

အောင်မင်းသိန်းစကားကို သဘောပေါက်သွားဟန်ဖြင့် သန်းစိန်နှင့် သံချောင်းက ခွက်ထိုးခွက်လန် ရယ်သည်။ မကျေမနပ်ဖြစ်နေသည့် ပြုံးချိုမျက်နှာကို လက်ညှိုးထိုးပြီး လက်ခုပ်လက်ဝါးတီးရယ်သည်။ ကိုယ့်ခန္ဓာကိုပင် မနိုင်လောက်အောင် ယိမ်းထိုးနေသည့် သန်းစိန်နှင့် သံချောင်းကို ထိုးချလိုက်ချင်သည်။ သုံးယောက်တစ်ယောက်ဆိုသော်လည်း မနိုင်စရာအကြောင်းမရှိ။ အမူးနှင့်အကောင်းက ဘယ်လိုယှဉ်ယှဉ်။ သို့သော် သည်တစ်ပွဲနိုင်သော်လည်း ရန်ငြိုးရန်စက မငြိမ်းနိုင်။

'အဟ… ယောက်ဖကြီး ဒေါသထနေပုံကချစ်စရာ၊ အဲဒီဒေါသမျက်နှာလေးက နမ်းပစ်ချင်စရာ၊ နေဦး… နေဦး၊ ငါ နမ်းမယ်'

သန်းစိန်က မခံချင်မှန်းသိလျက် ယောက်ဖဟုခေါ်သည်။ ညီမလေးတွေ ထိသဖြင့် ဒေါသက မထိန်းနိုင်။ အတင်းပွေ့ဖက်နေသည့် သန်းစိန်ကို ဖယ်ထုတ်ပြီး ဆောင့်တွန်းလိုက်သည်။





သန်းစိန်သည် ပက်လက်လန်လျက် လှည်းလမ်းကြောင်းထဲ ပစ်တျသွားသည်။

'မင်း ဘာလုပ်တာလဲ ပြုံးချို'

'ကျုပ် ဘာလုပ်လို့လဲ၊ နံနံစော်စော်နဲ့ဖက်တာ မခံချင်လို့ တွန်းလွှတ်လိုက်တာ'

'ဘာကွ၊ နံနံစော်စော်၊ အဲဒီစကားမျိုးမင်းနှမအေးပြုံးကတောင် မပြောဘူး၊ ကိုသံချောင်းက မွှေးတယ်တဲ့'

'ခွေးမသား'

သံချောင်း၏ စော်ကားမော်ကားလုပ်မှုကို မခံနိုင်၍ လက်သီးနှင့် ထိုးရန်ပြင်လိုက်ချိန် ခွမ်းခနဲအသံကြားလိုက်ပြီး လူလည်းမူးနောက်မှေးမှောသွားသည်။ မျက်စိထဲတွင်မူ အောင်မင်းသိန်း၏ ရွံ့ရှာဖွယ်မျက်နှာ သန်းစိန်၏ စက်ဆုတ်ဖွယ်ပုံရိပ်တို့က တရိပ်ရိပ်ပေါ်နေသည်။

ပြုံးချို ဘယ်ပုံတဲရောက်နေသည်မသိ။ အမေနှင့်ညီမငယ်အေးပြုံးက စိုးရိမ်သည့် မျက်နှာတွေနှင့်ကြည့်နေသည်။

'အစ်ကို… အစ်ကို… သတိရပြီလား'

'အေး… သတိရပြီ၊ အမေကော'

'ရှာထဲသွားတယ် အစ်ကို၊ စောစောလေးကပဲ မြလေးစိန်တို့ ညီမပြန်သွားတယ်၊ ရိုက်သွားတဲ့ အောင်မင်းသိန်းနဲ့ သံချောင်းတို့ကို သူကြီးက ခေါ်မေးနေသတဲ့'

'ငါ ဘာမှမဖြစ်တော့ပါဘူး၊ နေဦး ဒီကိုငါဘယ်လိုရောက်လာတာလဲ'

'အဖေ… ထမ်းလာတာလေ'

'ဟင်'

ညီမငယ်ပြောပြချက်အရ သံချောင်းတို့နှင့် ရင်ဆိုင်တွေ့နေ



www.burmeseclassic.com

www.burmeseclassic.com



သည်ကို ထန်းပင်ပေါ်က မြင်ကြောင်း၊ သာမန်နှုတ်ဆက်စကားပြော နေသည်ထင်၍ ကြည့်နေသေးကြောင်း၊ ရှန်းရင်းဆန်ခတ်ဖြစ်မှ ရန်ဖြစ် မှန်းသိ၍ ထန်းပင်ပေါ်က အလျင်စလို ဆင်းရကြောင်း၊ ထန်းလှီးဓား ကိုင်ပြီး အသံပေးပြေးလာသည်ကိုမြင်၍ အောင်မင်းသိန်းတို့ထွက်ပြေး ကြောင်း၊ မေ့လဲနေသည့်သူ့ကို အဖေကိုယ်တိုင် ထမ်းပိုးလာပြီး အမေ့ ကိုအပ်ထားခဲ့ကာ ရွာထဲလိုက်သွားကြောင်း သိရသည်။

ပြုံးချို စိတ်ညစ်သွားသည်။ ဤပြဿနာမီးက တော်တော် နှင့်ပြီးမည်မထင်။ သန်းစိန်နှင့် သံချောင်းကလည်း မိမိအပေါ် မကျေ လည်နိုင်။ အဖေကလည်း အောင်မင်းသိန်းကို ခွင့်လွှတ်နိုင်မည် မဟုတ်။ ရှေ့ဆက်ဖြစ်မည့် ပြဿနာများတွေက်ပြီး စိတ်ပူသွားသည်။ အထူးသဖြင့် အောင်မင်းသိန်း ပေါက်တက်ကရပြော၍ သူနှင့်မြလေး စိန် အကြောင်း သိသွားလျှင်…

ပြုံးချို ခေါင်းထူထလိုက်လျှင်…

'အစ်ကို… ဘာလုပ်မလို့လဲ၊ တုံးလုံးလှဲနေပါလား'

'ငါ သက်သာသွားပါပြီ'

'သက်သာလည်း ဒီမှာပဲ အနားယူနေစမ်းပါ'

'မဟုတ်သေးဘူး အေးပြုံး၊ ဟိုဒင်း… မြလေးစိန်နဲ့ ပြဿနာ က'

'အဲဒါ ဘာမှမပူနဲ့၊ မြလေးစိန် လာသွားလို့ ကျွန်မတို့ သိထား ပြီ၊ အစ်ကို သတိရတဲ့အကြောင်း ညီမလေး သွားပြောပေးမယ်'

'နင်တစ်ယောက်တည်းသွားတာ စိတ်မချပါဘူး အေးငြိမ်းရာ'

'ကဲပါ သားရယ်၊ နားနေ၊ အမေကိုယ်တိုင် သွားပေးမယ်'

အမေကပါ စိတ်ပူနေ၍ အပူရပ်ကို ထိန်းလိုက်ရတော့သည်။





ညနေ နေဝင်ရီတရောချိန်တွင် မြလေးစိန်တို့ ညီအစ်မနှင့် မကြင်ဥ ရောက်လာသည်။ မကြင်ဥက ခေါင်းမှဒဏ်ရာကို ကြည့်ပြီး ဖေနှင့် ကိုင်တုတ်သည်။

'ဒီအရက်သမား ထန်းရည်သမားလုပ်တာ ခံရတယ်လို့ ပြုံးချို ရယ်၊ ဘောလုံးကန်သလို ပစ်ကန်လိုက်ရောပေါ့'

'အောင်မင်းသိန်းက ဘောလုံးမှမဟုတ်တာ မကြင်ဥရယ်'

ဟု ခပ်ပေါ့ပေါ့ပြောလိုက်သည်။ စိတ်ပူပန်နေသူတွေ သောက အေးစေလိုဟန်ဖြင့် တိုးတိုးရယ်လိုက်သည်။

အလိုက်သိသည့် ခယ်မချောနှင့် မကြင်ဥက စကားအနည်း ငယ်သာပြောပြီး ညီမအေးငြိမ်းနှင့်အတူ ရှောင်ထွက်သွားသည်။ တဲ အတွင်း ဘယ်သူမှမရှိတော့။

မြလေးစိန်က ဆွဲထူပေး၍ ငုတ်တုတ်ထိုင်လိုက်ရင်း အရှိန် လွန်သွားဟန်ဖြင့် ပါးကိုနမ်းလိုက်သည်။

'အကြွေးဆပ်တာ'

'ဟင်း… ဒီလောက်နာကျင်နေတာ ဒီစိတ် ကူးနိုင်သေး သယ်'

'ဟိုနေ့ကတည်းက အောင့်အည်းထားရတာ'

'သတိဝီရိယထားပါ ကိုချိုရယ်၊ ကြားလိုက်တော့ ထူပူသွား ဘယ် သိလား'

'သိနေတယ်လေ'

'အဖေက တော်တော်စိတ်ပူသွားတာ၊ အခြေအနေသွားမေး စမ်းဆိုပြီး အဖေလွှတ်လိုက်တာ'

'တကယ်'

'ညာရမလား၊ ကိုကြီးကိုထွန်းပကိုလည်း သွားကြည့်ခိုင်းနေ



www.burmeseclassic.com

www.burmeseclassic.com



တာ၊ ကိုကြီးက မြလေးပူပန်နေမှန်းသိလို့ မြလေးလွှတ်လိုက်တာ၊ ကျွန်တော် ကိစ္စလေးရှိနေလို့ဆိုပြီး လမ်းဖွင့်ပေးလိုက်တာ'

ပြုံးချို ဝမ်းသာသွားသည်။

ခြေဆင်းထိုင်နေရာမှ ငုတ်တုတ်ထထိုင်ပြီး လက်အုပ်ချီလိုက်သဖြင့် ရုတ်တရက် ကြောင်သွားသည်။ ပြုံးချိုက အရှေ့ဘက်မျက်နှာမူပြီး ဦးကုန်းချလိုက်သည်။

'သမက်လေး၏ အလိုကိုသိသော ယောက္ခမကြီး ကျန်းမာပါစေ၊ ချမ်းသာပါစေ၊ သမက်အကောင်းစားလေး အကျိုး ဆက်ထက်ထမ်းပိုး ကြည့်ရှုနိုင်ပါစေ'

မြလေးစိန်ထံမှ ရယ်သံလွင်လွင်လေးထွက်လာသည်။

'အဲဒါက ဘယ်လိုဖြစ်တာလဲ'

'ယောက္ခမကြီးကို ကျေးဇူးတင်နေတာ၊ အဲလိုမှန်းသိရင် စောစောက အရိုက်ခံလိုက်ပါတယ်'

'ပြောပြီ'

'အဟုတ်… ယောက္ခမကြီး သဘောထားသိသွားတော့ ရင်ထဲဘယ်လိုဖြစ်သွားမှန်းတောင် မသိဘူး၊ ဒီအဖြစ်မျိုးကြုံအောင် လုပ်ပေးတဲ့ အောင်မင်းသိန်းကို ထမင်းခေါ်ကျွေးရဦးမယ်'

'နောက်တစ်ခါဆို ခေါင်းရှစ်စိတ်ကွဲသွားအောင် ရိုက်ခိုင်းမယ်'

'တကယ်'

'အဖြစ်သည်းလို့ ပြောတာ'

'အင်း… ဒီအဖြစ်မျိုး ဖြစ်လိမ့်မယ်တော့ တွေးမိသားမြလေးရဲ့'

'ဟင်… အဟုတ်'





'လွန်ခဲ့တဲ့နှစ်ရက်က အိပ်မက်မက်တယ်၊ အိပ်မက် မကောင်းကတည်းက စိတ်လေးနေတာ'

'ဟုတ်လား၊ ဘယ်လိုမက်လို့လဲ ပြောပါဦး'

'အိပ်မက်ထဲမှာ ကိုယ်က မြလေးတို့အိမ်ပေါ်တက်လာတာ၊ လှေကားထိပ်ကနေပြီး ပိတ်ဖြူစင်ကြယ်ဝတ်ထားတဲ့ ပုဂ္ဂိုလ်က ဆီးတားတယ်၊ မင်းတက်မလာနဲ့လို့ ပြောတယ်၊ ဒါနဲ့ ကိုယ်က ကျွန်တော် ပြုံးချိုပါ၊ သူကြီးရဲ့ ဘောလုံးသမားပါလို့ ပြောတာမရဘူး၊ မတက်နဲ့လို့ ခေါင်းခါတယ်၊ ကိုယ်က ထပ်တလဲလဲ တောင်းပန်ပေမဲ့ တက်ခွင့်မပေးဘူး၊ ကိုယ်လည်း စိတ်ဆိုးမာန်ဆိုးနဲ့ ဇွတ်တက်ဖို့လုပ်တော့ ကိုယ့်ရင်ဘတ်ကိုဆောင့်တွန်းချလိုက်တာ အိမ်ပေါ်က တလိမ့်ကောက်ကွေးကျသွားတယ်'

'ဟယ်'

'အိပ်မက် ဘယ်လောက်မြင့်လဲ မသိဘူး၊ တော်တော်နဲ့ အောက်မရောက်ဘူး၊ ပထမတော့ ကိုယ်က အော်မိသေးတယ်၊ အဲ… ဆက်ကျနေတော့ ကြောက်စိတ်ပြေသလိုလိုဖြစ်ပြီး ဘေးပတ်ဝန်းကျင်ကို ကြည့်တော့ တိမ်တိုက်တွေကို ဖြတ်ဆင်းနေတယ်'

'ဟယ်… အသည်းယားစရာကြီး'

'အဲဒီတိမ်တိုက်တွေလွန်ပြီး ဆက်ကျလိုက်တာ တောတောင်တွေကို မြင်ရတယ်၊ လယ်ကွင်းတွေမြင်ရတယ်၊ အဲလိုကျနေရာက ခေါ့မရဲနဲ့ ကြည့်လိုက်တော့ ဘာတွေ့တယ်ထင်လဲ'

'ဘာတွေ့လဲ'

'ရေကူးဝတ်စုံနဲ့ မိန်းကလေး'

'သွား… ညစ်စုတ်ပတ်တယ်'



www.burmeseclassic.com

www.burmeseclassic.com



'အဟုတ်ပြောတာ၊ အဲဒီကောင်မလေးက အသားကလည်း ဖွေးနေတာပဲ'

'ဟင်းနော်'

'ကိုယ်လုံးကိုယ်ပေါက်ကလည်း မယ်ဗမာ ရှုံးတယ်'

'တော်ပြီ'

'အဲလောက်လှတဲ့ မိန်းကလေးမျိုး တစ်ခါမှ မမြင်ဖူးဘူး၊ ပြောရရင်တော့ တစ်ခါမြင်တာနဲ့ ချစ်သွားတယ်၊ ဒါနဲ့ ကိုယ်က ချစ်ပါရစေလို့ ပြောတော့ သူက ခေါင်းခါတယ်'

မြလေးစိန်က နှုတ်ခမ်းလေးစူလျက် စိတ်ဆိုးဟန်ပြသည်။

'ကိုယ်ကလည်း အားမလျှော့ဘူး၊ ကြိုက်ပါရစေလို့ ထပ်ပြောတော့ ခေါင်းခါပြန်တယ်'

'ကောင်းတယ်'

'ဒါပေမဲ့ ကိုယ် အားမလျှော့ဘူး၊ မင်းကို တကယ်ချစ်တာပါ၊ ရာသက်ပန်ပေါင်းမှာပါ၊ သေတပန်သက်တစ်ဆုံးပေါင်းမှာပါလို့ ပြောတော့ သူက ပြုံးလာတယ်'

'ဟင်း'

'ကိုယ့်အချစ်ကို လက်ခံတဲ့သဘောပြတော့ အဲဒီမိန်းကလေးကို နာမည်ဘယ်လိုခေါ်လဲလို့ မေးလိုက်တယ်'

'ဘာပြောလဲ'

'မြလေးစိန်တဲ့'

ပြုံးချိုက မြလေးစိန် နားနားကပ်ပြီး တစ်လုံးချင်း ခပ်တိုးတိုး ပြောလိုက်သည်။

အစတွင် ကြောင်အမ်းအမ်းဖြစ်နေပြီးမှ မြလေးစိန်က-

'ဟင်း… ကိုချို မကောင်းဘူး'ဟု ပြောလျက် ရင်ခွင်ထဲ





တိုးဝင်လာသည်။ ပြုံးချိုက မြလေးစိန်၏ ကိုယ်လုံးလေးကို ထွေးထွေး ထားလိုက်သည်။

'အဲဒါပဲ အေရေ၊ ဒီကိစ္စမျိုးက သေကောင်ပေါင်းလဲဖြစ် လည်း ဇောက ထန်တတ်တယ်'

မကြင်ဥက တမင်အသံမြှင့်၍ အချက်ပေးလိုက်မှ လူချင်း ခွာလိုက်သည်။ ထိုနေ့က ကြုံတွေ့ရသော အချစ်၏ ချိုမြိန်သော အရသာကို ပြုံးချိုမေ့နိုင်တော့မည် မထင်တော့။



www.burmeseclassic.com

www.burmeseclassic.com

## အခန်း [illegible]

ပြိုးချို မပါဘဲ ချိန်းပွဲတစ်ပွဲ ကန်ဖြစ်သည်။

ပြိုးချိုအစား အေးမောင်စိန်ကို အထောင်တိုက်စစ်ထားပြီး ဤအပြောင်းအလဲပဲ ကစားသည်။ တစ်ဝိုးဝိုးမရှိဖြင့် ရှုံးသော်လည်း လောင်းကြေး စပါးတစ်ရာ့ငါးဆယ် ရလိုက်ပြန်သည်။

သူကြီး ဦးအောင်ပွင့် ဆွေ့ဆွေ့ခုန်နေသည်။

တတိယခြောက် ချိန်းဆိုသည်ကို ငြင်းလိုက်ပြီး ကုန်းပေါ်စု သူကြီး ဦးမြိုင်၏ သိန်းငှက်အသင်းနှင့် ကန်သည်။ မိဂိအသင်း၏ ခြေစွမ်းခြေစမြင်ထားသည့် ကုန်းပေါ်စုအသင်းက အထင်မသေးဝံ့။ ပွဲကြည့်ကောင်းအောင်ဆိုပြီး အစိတ်ကြေးသာ လောင်းလိုက်သည်။ တစ်ဝိုးနှင့် ကပ်နိုင်လိုက်ပြန်သည်။

ရွှေလင်းယုန်နှင့်သိန်းငှက်အသင်းကို ခြေရည်တူကစားနိုင်သဖြင့် သူကြီး ဦးစံပ ဘဝင်ကျသွားသည်။ အသင်းသားများကလည်း ကိုယ့်ကိုယ်ကိုယ် အထင်ကြီးစိတ် ဝင်လာသည်။ ပြိုင်လျှင်နိုင်ရမည် ဟူသော အတွေးက ခိုင်မာလာသည်။





'ထွန်းပ'

'ဗျာ… ဦးလေး'

'တို့လည်း နဂါးမှန်းသိအောင် အခေါက်ထောင်ပြဖို့ အချိန်ကျပြီ'

'ခင်ဗျာ'

'မြို့နယ်ဥက္ကဋ္ဌဒိုင်း ဝင်မယ်ကွာ'

'အဲ… ဖြစ်ပါ့မလား ဦးလေး၊ ကျွန်တော်တို့လူတွေက ထန် ဖူးတယ်ဆိုရုံပဲ၊ ဒိုင်းမှန်းလို့ မရဘူးနော်'

'ဟ… ငါ့တူက အတွေးတော်တော်ခေါင်တာပဲ၊ မြို့နယ် ဥက္ကဋ္ဌဒိုင်း ဝင်မယ်ဆိုတာ ဒိုင်းမျှော်ပြီး ဝင်တယ်ထင်လား'

'ဒါဆို'

'ဂုဏ်သိက္ခာ… ဂုဏ်သိက္ခာ'

ထွန်းပ ငြိမ်နားထောင်နေလိုက်သည်။

သူကြီးဦးစံပက စကားမဆက်သေးဘဲ အတန်ကြာတွေးနေသည်။ လှလေးစိန်လာချပေးထားသည့် ရေနွေးကြမ်းကို တစ်ခွက် ငုံ့သောက်လိုက်ပြီးမှ 'အင်း' ဟု အသံပြုသည်။

'ဒီလိုကွာ၊ တို့မြို့အနောက်ဘက်မှာ ဘောလုံးအသင်းဖွဲ့ထားတာ ဒိုးနွယ်နဲ့ ကုန်းပေါ်စုရှိတယ်'

'ရန်အောင်မြေရှိသေးတယ် ဦးလေး'

'အေး… အဲဒီသုံးသင်းနဲ့ တို့အသင်းဆိုရင် လေးသင်းရှိ တယ်၊ ဒီအသင်းတွေထဲက မြို့နယ်ပြိုင်ပွဲဝင်ဖူးတာ'

'သုံးသင်းလုံး ဝင်ဖူးတယ် ဦးလေး'

'အေး… အဲဒါပဲ၊ မြို့နယ် မဝင်ဖူးတာ တို့ရွာပဲရှိတယ် ပြောရရင် တို့အသင်းက သူတို့ထက်နောက်ကျနေတယ်'

'မကျပါဘူး ဦးလေးရာ၊ လက်တွေ့ကန်ကြည့်ပြီးပြီပဲ'



www.burmeseclassic.com

www.burmeseclassic.com



'အေးပါ၊ ကန်တာတော့ ကန်ဖူးတာပေါ့၊ မြို့နယ်ပြိုင်ပွဲ၊ တကယ်တမ်းဝင်ဖူးတာမှ မဟုတ်တာ၊ ပြောရရင် မင်း ဘယ်လောက်တော်တော် စာရင်းမဝင်ဘူး'

'ဒါကြောင့် ပြိုင်ပွဲဝင်မယ် ဆိုပါတော့'

'အေး··· မင်း မြို့နယ် အားကာနဲ့ သွားတွေ့၊ ဥက္ကဋ္ဌဒိုင်းဝင်ဖို့ ဘာတွေလိုလဲ၊ စည်းမျဉ်းစည်းကမ်း ဘာရှိလဲမေးခဲ့၊ ထွေထွေထူးထူးမရှိရင် စာရင်းပေးခဲ့ကွာ'

'ဟုတ်ကဲ့'

'ဪ··· မင်းသွားရင် အေးမောင်ခေါ်သွား၊ ဒီကောင့်ကို အသင်းခေါင်းဆောင် တာဝန်ပေးထားတော့ နောက်နောင် ဒီကိစ္စတွေ လုပ်တတ်အောင်လေ့လာပါစေ'

သူကြီး ဦးစံပ မှာသည်ကို တစ်ခုချင်းရေးမှတ်နေစဉ် အိမ်အောက်က ခေါ်သံကြား၍ အသံပြုလိုက်သည်။

'ကျွန်တော်ပါ ဘကြီး၊ မောင်မောင်သွင်ပါ'

'အေး··· လာလေကွာ၊ အပေါ်တက်ခဲ့'

မောင်မောင်သွင်က ရောက်လာလာခြင်း အမင်္ဂလာသတင်းတစ်ပုဒ်ယူလာသည်။ ဘောလုံးသမား မင်းသူ အမေဆုံးသည့်သတင်း။

'ဦးလေး သွားမှကောင်းမယ်'

'အေး··· သွားရမှာပေါ့၊ အသုဘကိစ္စဆိုတော့ မစောင့်ရှောက်လို့မရဘူးလေ၊ ဟဲ့··· လှလေးစိန်'

'ရှင် အဖေ'

'အဖေ ခေါင်းပေါင်းတဲ့ သဘက်ပေးစမ်း၊ ပြီးတော့ ကာလသမီးခေါင်းခေါင်းဆောင်သွားပြော၊ သန်းထိုက်အမေကြီးဆုံးလို့ တိုင်ပင်စရာရှိတယ်၊ ရွာတောင်ပိုင်းလာကြ၊ ခေါ်သင့်တဲ့လူခေါ်ခဲ့လို့ပြော၊ မြလေးစိန်ရော'





'ရေခပ်သွားတယ်'

'ဟင်း··· ခိုင်းစရာရှိရင် ရှာမရဘူး၊ သမီးမိန်းကလေးတွေ မွေးထားရတာ ဘာတစ်ခုမှ အဆင်မပြေဘူး၊ အာကိုးအားထားလည်း မရဘူး'

'အဖေကလည်းလေ ဆူဖို့ပဲသိတယ်၊ သမီး ဘာလုပ်ပေးရမလဲပြော'

'ဟင်း··· နင်ကပိုဆိုးတယ် ခင်လေးစိန်ရေ၊ သားနှစ်ယောက်နဲ့ ထွေးလုံးရစ်ပတ်ဖြစ်နေတာနဲ့ အချိန်ကုန်နေတာ၊ ငါ ပြောလို့ပြောတာမဟုတ်ဘူး၊ လဲလို့ရရင် လဲချင်တယ်'

'လဲမနေနဲ့ အဖေရေ၊ သားလိုချင်ရင် သမီးတွေသာ လင်မြန်မြန်ပေးစားလိုက်'ဟု ပြောလိုက်ချင်သည်။ သည်သို့ပြောလျှင် 'နင့်လင် သောင်းဖေတင့်လိုကောင်မျိုးတွေရရင် ခက်မှာပေါ့'ဟုအပြောခံရဦးမည်။

ခင်လေးစိန် ဘာမှမပြောဘဲ မီးဖိုချောင်ထဲ ပြန်ဝင်သွားသည်။

အမေကတော့ အေးနေပြီ။ ပြောမရ၊ ဆိုမရ၊ ကျိန်းမရသည့် လင်တော်မောင်ကို စိတ်ကုန်ပြီ။ ရွာဦးကျောင်းမှာပဲ နေ့စဉ်ဥပုသ်ဝင်နေသည်။ သားသမီးအပူလည်း မခံ၊ စီးပွားအပူလည်းမခံ၊ ရပ်ရေးရွာရေး အပူလည်းမခံ၊ အပူမှန်သမျှ ငြိမ်းအောင် အားလုံးကို ဥပေက္ခာပြုထားပြီ။

သူကြီး ဦးစံပက တူဖြစ်သူ ထွန်းပကို ပြောစရာရှိတာပြောပြီး မြို့လွှတ်လိုက်သည်။ အိမ်ပေါ်က အဆင်းတွင် ရောက်လာသော မှတ်တင်ကို ခေါ်၍ အသုဘအိမ်ဘက်သွားသည်။ ဦးစံပ ထွက်သွားပြီး တအောင့်ကြာမှ မြလေးစိန် ရောက်လာသည်။

'ညည်းရေတစ်ခေါက်သွားခပ်တာလည်း ကလေးတစ်ယောက်ရနေပြီထင်တာ'



www.burmeseclassic.com

www.burmeseclassic.com



'အစ်မက ပြောရောမယ်၊ ဒီမှာ ဘာဖြစ်လာလဲ မမေးဘူး'

'ဘာဖြစ်လာမှန်း ငါသိလို့ ပြောနေတာပေါ့၊ အချိန်ရမယ်၊ လူလစ်မယ်ဆိုရင် ပြုံးချိုနဲ့ ချိန်းတွေ့တာက လွဲပြီး ဘာရှိဦးမှာလဲ'

'ဟုတ်တယ် အစ်မရေ၊ ရေခပ်ရင်းချိန်းတွေ့ အေးအေးဆေးဆေး စကားပြောနေတုန်း ဟိုကောင် အောင်မင်းသိန်း ရောက်လာလို့ ပြဿနာဖြစ်ကြတာ'

'ဟယ်…၊ ဘာတွေဖြစ်ကုန်ပြီလဲ'

'ဘာမှမဖြစ်ပါဘူး၊ အောင်မင်းသိန်းက မူးပြီးရစ်တော့ ဘောလုံးသမားအုပ်စုက ပြေးလာပြီး သမလိုက်တာ သူတစ်ချက် ကိုယ်တစ်ချက်နဲ့ အသက်မထွက်သွားအောင် မနည်းထားရတယ်'

'အဲဒါ ပြဿနာနော်၊ အဖေ သိရင် အားလုံးအဆူခံရဦးမယ်၊ ကဲ… ကဲ… ညည်းပါ ရွာတောင်ပိုင်းလိုက်သွား၊ ဟိုမှာ လူစုနေတယ်'

မြလေးစိန်က ဖီးလိမ်းပြင်ဆင်ပြီး အိမ်ပေါ်က ပြန်ဆင်းသွားလေသည်။

ထွန်းပနှင့် အေးမောင် ပြန်အလာတွင် ဧည့်သည်တစ်ဦးပါလာသည်။ နှစ်ညအိပ်သုံးရက်ကြာသွားသဖြင့် အသုဘကိစ္စမမှီလိုက်၊ စည်စည်ကားကား ပြီးသွားသဖြင့် မင်းသူလည်း ကျေနပ်သွားသည်။ အသုဘစရိတ်သာမက ကူငွေလေး ပိုလာသဖြင့် ရက်လည်ဆွမ်းသွပ်မည့်အကြောင်းပြောသည်။

မင်းသူအမေကြီး ရက်မလည်မီ ကြားရက်တွင် အသင်းသားများနှင့် ဆရာဦးတင်မောင်ထွန်းကို မိတ်ဆက်ပေးသည်။





'ကဲ… ဟောဒီ ဆရာဦးတင်မောင်ထွန်းက မင်းတို့ကိုနည်းပြပေးမဲ့ပုဂ္ဂိုလ်…'

ကိုယ်လုံးကိုယ်ပေါက် တောင့်တောင့်၊ အသားညိုညို၊ ပါးရိုးကားကား၊ မျက်ခုံးထူထူနှင့် ယောကျ်ားပီသသည့် ဥပဓိရုပ်ပိုင်ရှင်ကို ကြည့်လိုက်မိသည်။

'ဆရာက စစ်ကိုင်းတိုင်း လက်ရွေးစင်ဟောင်း တပ်မတော် အငြိမ်းစားပါ၊ မောင်ထွန်းပနဲ့ မောင်အေးမောင် မြို့သွားစဉ် ဆရာလေးကိုတင်အောင်က မိတ်ဆက်ပေးလို့ သိရတာတဲ့၊ ကျုပ်ရဲ့အာသီသကို သိလို့လိုအပ်မယ်ထင်ပြီး အကူအညီတောင်းတာ'

'ဟုတ်ကဲ့၊ ဝမ်းသာပါတယ် ဆရာခင်ဗျာ'

အသင်းသားများက ကြိုဆိုနှုတ်ဆက်သဖြင့် ဆရာက နှစ်လိုဖွယ်ပြုံးလိုက်သည်။

'ကျွန်တော်လည်း မနေ့ကမှ ရောက်လာပေမဲ့ ရွာအသင်းရဲ့ အခြေအနေကို တော်တော်များများ သိထားပါပြီ၊ ချောင်းခုံမှာ လေ့ကျင့်နေတာလည်း ကြည့်ပြီးပါပြီ'

'ဘယ်လိုအခြေအနေရှိလဲ ဆရာ'

သူကြီးဦးစံပ အမေးကို ပြန်မဖြေဘဲ ခေါင်းညိတ်လျက် ပြုံးနေသည်။ ဘောလုံးသမားများက သူတို့နည်းပြ ဘာများမှတ်ချက်ပေးလေမလဲဟု ငံ့လင့်နေကြသည်။

'လက်တွေ့တော့ မဟုတ်ဘူး၊ ကြားဖူးနားဝရှိတာလေး သွားသတိရတယ်'

'လုပ်ပါဦး ဆရာ'

'တစ်ခါက အခုအခေါ် စိတ်ကျန်းမာရေးဆေးရုံမှာ ဘောလုံးပြိုင်ပွဲလုပ်သတဲ့'

'လူနာတွေလား ဆရာ'



www.burmeseclassic.com

www.burmeseclassic.com



'ဟုတ်ကဲ့ စိတ်ကျန်းမာရေးချို့တဲ့နေသူတွေပေါ့၊ သိပ်လည်း ရောဂါမဆိုး၊ ဝေဒနာမပျောက်သေးတဲ့လူတွေဖြစ်မှာပေါ့၊ ဒါဟာ ဘောလုံးပဲ၊ ကန်ရမှာဆိုတာတော့ သိထင်ပါရဲ့၊ ကျန်းမာရေး အခြေ အနေဆန်းစစ်တာလည်းဖြစ်ချင်ဖြစ်မှာပေါ့၊ ဆေးရုံအမှုထမ်းတစ်ဦးက ဒိုင်လူကြီးလုပ်ပြီး ဝေဒနာရှင်တွေ ကန်ခိုင်းတာ'

'အဲ··· အဲ··· စိတ်ဝင်စားစရာ'

'ပြောရရင် ဝေဒနာရှင်တွေ ကွင်းထဲဝင်လာ၊ ဒိုင်လူကြီးက ဟိုဘက်ဒီဘက် နေရာခွဲပေး၊ ပြီးတော့ ဘောပွဲစဖို့ အလယ်ဗဟိုမှာ ဘောလုံးကို တည်လိုက်တယ်၊ ဘောလုံးတည်ပြီးတာနဲ့ ဝေဒနာရှင် တစ်ယောက်က အုန်းခနဲမြည်သွားအောင် ပြေးကန်လိုက်တယ်၊ ဒိုင်လူ ကြီး ခရာမမှုတ်ရသေးဘူး'

ဘောလုံးသမားများ ပွဲကျသွားသည်။ သူကြီးဦးစံပက ခေါင်း တညိတ်ညိတ်နှင့် ပြုံးနေသည်။

'ခရာမမှုတ်ရသေးခင် ဦးဆုံးပြေးကန်လိုက်တဲ့ ဝေဒနာရှင်က မြောက်တက်သွားတဲ့ဘောလုံးကို ခါးထောက်ကြည့်ရင်း မိန့်မိန့်ကြီး ပြုံးနေသတဲ့'

'အဲလိုပဲ တခြားလူတွေက ရပ်ကြည့်ရင်း ညာဘာလက်ခုပ် တွေ တီးကြသတဲ့၊ အဲဒီမြောက်နေတဲ့ဘောလုံးဟာ တရိပ်ရိပ်နဲ့ ကျလာ ပေမဲ့ အဲဒီလူတွေက မလိုက်ဘူး၊ အဲ··· ဘောလုံးက တစ်ဖက်အသင်း ရဲ့ အနားကျတော့ အဲဒီဝေဒနာရှင်က ပြေးသယ်သွားပြီး ဂိုးရှုံးလိုက် တယ်'

'ဗျာ'

'ဟုတ်ပါတယ်၊ ကိုယ့်ဂိုးကို ကိုယ်ပြန်ရှူးလိုက်တာ'

'အဟား··· ဟား··· ဟား၊ စံမြ··· စံမြ'

'စံမြလား ဘာလားတော့ ကျွန်တော်လည်း နားမလည်ဘူး'





'မဟုတ်ဘူး ဆရာ' ဟု အစချီပြီး သူကြီးဦးစံပက ဘောလုံး ပွဲတစ်ပွဲတွင် နောက်တန်းလူ စံမြကိုယ်ဂိုးကို ခေါင်းတိုက်သွင်းမိတာ ကို လှောင်တာပါဟု ရှင်းပြလိုက်သည်။

'အဲ··· ကိုယ့်ဂိုးကိုသွင်းတဲ့လူက လက်ညှိုးလေးထောင်ပြီး တစ်ဂိုးရှုံးလိုက်ပြီဆိုတဲ့ ဟန်နဲ့ ခေါင်းလေးမော့ပြီး ပတ်ပြေးနေသတဲ့'

'လုပ်လိုက်ကွ'

မောင်မောင်သွင်က ရယ်ရင်းထအော်လိုက်သည်။

'အဲဒီလုပ်ရပ်ထက်ဆိုးတာက ဂိုးစောင့်တဲ့လူ၊ ဘောလုံးဝင် သွားတာကို သဘောကျပြီး ဂိုးကွ၊ ဂိုးကွလို့ ခုန်ပေါက်အော်နေတယ် ဆိုပဲ'

ဆရာဦးတင်မောင်ထွန်းပြောပြသည့် ဘောလုံးပွဲအကြောင်း နားထောင်ပြီး အုန်းအုန်းထရယ်ကြသည်။ သူကြီးဦးစံပက 'ကျုပ်လူ တွေ အဲသလောက်ဆိုးလား ဆရာ' ဟု မျက်နှာငယ်လေးနှင့်မေးသည်။

'အဟဲ··· အဲလောက်တော့ ဘယ်ဆိုးမှာလဲ သူကြီးရာ၊ ဆိုးရင် အားလုံးဆေးရုံရောက်ကုန်ပြီပေါ့'

အပြောကောင်းသည့် ဆရာဦးတင်မောင်ထွန်းနှင့် အသင်းသား များ တစ်ခဏချင်း အဖွဲ့ကျသွားသည်။

'ကျွန်တော် ပြောချင်တာက နည်းစနစ်ပိုင်း လိုအပ်တယ်လို့ ပြောချင်တာပါ၊ ဘောလုံးကန်တာက ဘောလုံးပြေးရာ စုပြုံလိုက်စရာ မလိုဘူး၊ သူ့နေရာနဲ့သူ၊ သူ့တာဝန်နဲ့သူ ကန်ရင် ဒီလောက်လည်း မပင်ပန်းပါဘူး'

'ဆရာ့ကိုပဲ အားကိုးရမှာပဲ၊ ကျွန်တော်တို့အသင်းက မြို့နယ် ဝင်မှာဆိုတော့ သူများနဲ့တန်းတူဖြစ်ချင်တယ် ဆရာ'

'အဲ··· နည်းစနစ်တွေ ကျေညက်လွန်းရင်လည်း ခွကျတာ လေး ရှိသေးတယ်'



www.burmeseclassic.com

www.burmeseclassic.com



'ပြောပါ၊ ပြောပါ ဆရာ'

ဘောလုံးသမားများက လိုလိုလားလားတောင်းဆိုသဖြင့် ဆရာတင်မောင်ထွန်း ပြုံးလျက် ခေါင်းညိတ်သည်။

'ဒီလိုဗျ၊ ဒါကတော့ စာအုပ်ထဲမှာဖတ်ရတာ၊ ဂျပန်ခေတ် စစ်တက္ကသိုလ်မှာ ဖြစ်ခဲ့တဲ့ တကယ့်ဖြစ်ရပ်ပါ၊ ဗိုလ်မှူးကြီးဟောင်း တင်မောင်ရေးပြထားတာ၊ ကျွန်တော်တို့မြန်မာနိုင်ငံမှာ ဂျပန်အုပ်စိုးစဉ်ပေါ့၊ မျိုးချစ်လူငယ်တွေက စစ်ပညာရချင်လို့ အဲဒီစစ်တက္ကသိုလ်မှာ တက်နေချိန်ပေါ့၊ တစ်နေ့တော့ ဂျပန်ဆရာတွေက မင်းတို့ ဘောလုံးကန်ရမယ်၊ မနက်ဖြန်ညနေကျရင် ခွဲ(၁)နဲ့ ခွဲ(၂) ကန်ရမယ်လို့ သတင်း ပေးသတဲ့'

'စစ်တပ်ထဲမှာပေါ့'

'ဟုတ်တယ်၊ သင်တန်းကျောင်းမှာ၊ ဘောလုံးကန်ရမယ်ဆိုတော့ တပ်ခွဲအလိုက် လူရွေးကြတာပေါ့လေ၊ မင်းက ရှေ့တန်း၊ မင်းက အလယ်၊ ဂိုးက ဘယ်သူ၊ အဲလို အချင်းချင်းရွေးလိုက်တယ်၊ ဂျပန်တွေ ရဲ့ပါးရိုက်ခံနေရတဲ့ ရဲဘော်လေးတွေက ငါတို့မြန်မာတွေ လူညံ့မဟုတ် ဘူး၊ တတ်သင့်တတ်အပ်တဲ့ပညာတွေ တတ်တယ်လို့ အစွမ်းပြမယ် ဆိုပြီး ညှိထားကြတာပေါ့၊ ဒါနဲ့ နောက်နေ့ ဘောလုံးကန်ချိန်ကျတော့ ဂျပန်တွေ ရောက်လာတယ်'

'ကန်နိုင်းတော့မှာပေါ့'

'ဟုတ်တယ်၊ အဲဒီမှာ အားကစားဂျာစီ၊ ဘောင်းဘီတွေ ဝတ်ထားတဲ့ ရဲဘော်တွေတွေ့တော့ ဒါဘာလုပ်တာလဲလို့မေးသတဲ့'

'အင်း'

'မြန်မာတွေက ဘယ်ခေမလဲ၊ ကျွန်တော်တို့က ဘောလုံးကန်မယ့်ဘောလုံးသမားတွေပါလို့ ရင်ကော့ဖြေသတဲ့၊ အဲဒီအဖြေလည်း





ကြားရော ဖြောင်... ဖြောင်း... ဖြောင်း...နဲ့မြည်သွားအောင် ပါးချ ဆဲဆိုပြီး ယူနီဖောင်းပြန်ဝတ်ခိုင်းတယ်'

'ဟင်... ဘောလုံးကန်မှာဆို'

'ဟုတ်တယ်လေ၊ ကန်ခိုင်းမှာ၊ ဒါပေမဲ့ အားကစားဝတ်စုံနဲ့ မဟုတ်ဘူး၊ အဲဒါ မြန်မာလူလည်ကျောင်းသားက မာစတာ ဘောလုံး ကန်ရမယ်ဆိုရင် ဒီအားကစားဝတ်စုံနဲ့ကန်မှဖြစ်မှာပေါ့လို့ စောဒက တက်တော့ ပါးချခဲ့ရပြန်ရော'

ဘောလုံးသမားများက ဆရာဦးတင်မောင်ထွန်း ပြောပြနေသည်ကို စိတ်ဝင်စားသွားသည်။

'ဆိုပါတော့ဗျာ၊ အဲဒီရဲဘော်တွေကို ဘောလုံးကွင်းဆီခေါ်သွား ကွင်းလယ်မှာ ဘောလုံးချပေး၊ ပြီးတော့ တပ်ခွဲ(၁) တောင်ဘက်(၂) မြောက်ဘက်လို့ ခါးက ဓားချွတ်ပြီး ညွှန်ပြလိုက်တယ်'

'ရော်...'

'အဟုတ်ပဲ၊ တပ်ခွဲတစ်ခွဲ တစ်ရာကျော် နှစ်ရာနီးပါးရှိတဲ့ ကွင်းထဲမောင်းသွင်းပြီး ကန်ကြလို့ ခိုင်းတာ'

'အဟား... ဟား... ဟား...၊ ဒီဂျပန်တွေ ဘောလုံးရော ကန်ဖူးလား မသိဘူး'

စံလှ၏ မှတ်ချက်စကားကြောင့် ဆရာတင်မောင်ထွန်း ပြုံးလိုက်သည်။

'တွေးစရာပေါ့၊ အဲဒီမှာ ခပ်လည်လည် ကျောင်းသားတစ်ယောက်က အရဲစွန့်ပြီး မာစတာ ဘောလုံးကန်တာ တစ်ဖက်ဆယ်တစ်ယောက်စီကန်ရတာပါလို့ ပြောတော့ ပါးချခံရပြန်ရော'

'ဒုက္ခပါလား'

'အမှန်ပဲ၊ ဘောလုံးအစွမ်းပြချင်တဲ့ မြန်မာရဲဘော်လေးတွေ ဒုက္ခကောင်းကောင်းဖြစ်တာ၊ ယူနီဖောင်း အပြည့်အစုံဝတ်ပြီး ဘောလုံး



www.burmeseclassic.com

www.burmeseclassic.com



တစ်လုံးကို လူလေးရာလောက် လုယက်ကန်ရဝ့်အဖြစ် တွေ့သောကြည့်၊ ဘောလုံးက ဘယ်နေရာမှန်းမသိဘူး၊ အချင်းချင်းဖိနပ်နဲ့ကန်၊ ကိုယ်လုံးနဲ့ပစ်တိုက်ပြီး လဲကျပြိုကျနဲ့ တစ်နာရီကျော်ကျော်လောက် ဒုက္ခဖြစ်ကုန်သတဲ့'

'အဟား… ဟား… ဟား၊ ကြုံမှကြုံရပလေ'

'ဘောလုံးကန်တတ်ပေမဲ့ အဲလိုတိုက်ပွဲဝင်စိတ် သိချင်တဲ့အဖွဲ့နဲ့ တိုးတော့ နာပြီပေါ့'

သူကြီးဦးစံပက ရယ်ရယ်မောမောနှင့် 'ကျွန်တော့်အသင်းတိုးတက်အောင်သာ သင်ပေးပါဆရာ' ဟု ပုံအပ်လိုက်သည်။ တစ်နှစ်စပါးတစ်ရာ့ငါးဆယ်နှင့် ဆရာဦးတင်မောင်ထွန်း စီပိုင်းရွာအသင်းနည်းပြဖို့ ရောက်လာလေတော့သည်။



## အခန်း[၁၀]

သမုဒ္ဒရာနှင့် နွားခြေရာ
ကေသရာနှင့်ဖားလတက်
ဝက်သားနှင့် ငပိဖုတ်
တဲခုတ်နှင့် ရွှေနန်းဆောင်
နေရောင်နှင့် ပိုးစုန်းကြူး
လူရူးနှင့် နတ်သား
ပတ္တမြားနှင့်မီးသွေးကျောက်
ထင်းပေါက်နှင့် ပျဉ်ယောင်
မြင်းမိုရ်တောင်နှင့် ဆီးစေ့မျိုး
ရွှေပုဆိုးနှင့် ဖျဉ်ကြမ်းထည်
ဟင်းရွက်သယ်နှင့် လှေသူကြီး
ရွှေထီးနှင့် ခမောက်စုတ်
မုန့်စီအုပ်နှင့် အိုးကင်းပုံ။

'ဘာလဲဟ'

'မသိဘူးလေ၊ ငါလည်း လာပေးလို့ ဖတ်ကြည့်နေတာ'



www.burmeseclassic.com

www.burmeseclassic.com



နွားဆွဲပြီး ပြန်လာသည့် ကြင်အုန်းကို လူငယ်လေးတစ်ယောက်က စာရွက်တိုလေး ပေးပြီးထွက်ပြေးသွားသည်။

'ဟဲ့… ကောင်လေး ဒါက ဘာလုပ်ရမှာလဲ'ဟု အော်မေးလိုက်တော့ 'ကိုထွန်းပ ပေးလိုက်တဲ့'ဟုသာ အော်သွားသည်။ ကြင်အုန်းက 'ဘာစာများပါလိမ့်'ဟု တစ်ခေါက်ဖတ်ကြည့်ပြီး ကိုယ်နှင့်မဆိုင်ဟု တွက်လျက် လုံးချေပြီး ပုဆိုးတွင် လိမ်ကျစ်ထည့်လိုက်သည်။ ပုလွေးချောင်းထဲရောက်တော့ နွားရေချရင်း ပြန်ဖတ်ကြည့်သည်။ ကြင်အုန်း စိတ်ဝင်တစား ဖတ်နေသည့်စာမှာ ရည်းစားစာဖြစ်လိမ့်မည်။ မဟုတ်မှလွဲရော။ မိသေးတာက ကြင်အုန်းကို ပြန်သည့် စာဖြစ်မည်ဟု တွက်ပြီး စပ်စုရန် ဖတ်ကြည့်သည်။ ဘာတွေရေးထားမှန်းမသိ။

'နေပါဦး၊ ဒီစာ ဘယ်သူလာပေးသွားတာလဲ'

'ကောင်လေးတစ်ယောက်ပါဆို၊ နွားကျောင်းသားထင်တာပဲ၊ အင်္ကျီဝတ်မထားဘူး၊ မည်းမည်းပြောင်ပြောင်နဲ့ ကောင်လေးပဲ'

'မင်းကလည်း ဘာစာလဲ၊ ဘယ်သူကပေးခိုင်းတာလဲလို့တော့ မမေးလိုက်ဘူး'

'ဟ… မင်းပထွေးက ပေးပြီးတာနဲ့ ပြေးထွက်သွားတာ'

'ပေးစမ်း… ပေးစမ်း၊ ငါဖတ်ကြည့်မယ်၊ အဲ… လိပ်စာလည်းတပ်မထား၊ ဆိုင်းလဲထိုးမထားဘူး'

'လိပ်စာက မလိုပါဘူး၊ ထွန်းပပေးလိုက်ပါဆိုတော့ ကိုထွန်းပကြီးနဲ့ ဆိုင်လို့ပေါ့၊ ဖတ်မနေနဲ့ကွာ၊ ပေးလိုက်ပြီးတာပဲ'

ကြင်အုန်းက စာရွက်ကို ပုဆိုးခေါက်ထဲ ပြန်ထည့်ဖို့လုပ်နေရာ ကုလားက လုယူလိုက်သည်။ စာရွက်ကို ပြန်ဖြံပြီး အသံထွက်ဖတ်လိုက်သည်။





'သမုဒ္ဒရာနှင့် နွားခြေရာ၊ ဘယ်လိုလဲဟ၊ သမုဒ္ဒရာထဲ နွားကဆင်းလို့ ခြေရာကျန်နေတယ်ပြောတာလား'

'အေးပေါ့၊ ဟာ… ဒီအဓိပ္ပာယ် မဟုတ်လောက်ပါဘူး'

'ဒီအဓိပ္ပာယ်မဟုတ်ရင် ဘာလဲ'

'ဒါတော့ ငါမသိဘူး၊ ဆက်ဖတ်ကြည့်ပေါ့'

'ကေသရာနှင့်ဖားလတက်တဲ့၊ ကေသရာဆိုတာ ဘာလဲ'

'ကေသရာဆိုတာ ကာသရေ'

'ဟာ… နင့်မေကလွှား၊ ကေသရာက ကာသရေလို့ပဲ'

'ဟုတ်တယ်လို့ ငါမပြောပါဘူး၊ စကားလိမ်နဲ့ရေးထားတယ်မှတ်လို့ ဆိုကြည့်တာ၊ မင်း မကြားဖူးဘူးလား၊ အငြိမ့်ထဲက လူပြက်တွေ ပြက်လုံးထုတ်တာလေ'

'ဘာတဲ့လဲ'

'လူရှင်တော်တစ်ယောက်က တိုင်တယ်၊ ဟဲ… အောင်းဆုတ်ဆိုရင် နောက်တစ်ယောက်က ဟဲ… အုတ်ဆောင်းလို့ ဆိုတာလေ'

'အေး… ဖြစ်လောက်တယ်၊ ဟဲ့… ယမောင်းဆိုရင် ဟဲ့… ယောင်းမ၊ ဟဲ့… မုန်းလုပ်ဆိုရင် မုန့်လုံး၊ အဲလိုအတိုင်အဖောက်လုပ်တယ်၊ ဒါဆိုဖြစ်လောက်တယ် ကုလား၊ ကေသရာဆိုတော့ ကာသရေ၊ ကိုင်း… ဖားတစ်လက်ဆိုတော့'

'ဖက်တလားပေါ့'

'အေး… ဆက်ဆိုကြည့်စမ်း'

'ဝက်သားဆိုတော့ ဝါးသက်'

'ငပိဖုတ်ဆိုတော့ ငပုတ်ဖိ'

'တဲစုတ်ဆိုတော့ စုတ်တဲ၊ ဟင်… ဆိုလို့မကောင်းဘူး'

နှစ်ယောက်သား ခေါင်းချင်းဆိုင် ဆိုကြည့်နေစဉ် [illegible]နုန်း



www.burmeseclassic.com

www.burmeseclassic.com



ဒိုင်းဒိုင်း အသံတွေကြောင့် လှည့်ကြည့်လိုက်သည်။ ရေချပေးသော နွားထဲမှ နွားသိုးတစ်ကောင်က အခြားအုပ်စုမှ နွားသိုးတစ်ကောင်နှင့် ဝှေ့နေသည်။

'ဟဲ့… ဟဲ့… နွား'

'ဟေ့ကောင်… ကြည့်ဝင်၊ ကြည့်ဝင်နော်၊ တစ်ကောင်နဲ့ တစ်ကောင် မာန်ဖီနေချိန် ဘာမှမမြင်ဘူး၊ မင်းပါ ဝှေ့သွားဦးမယ်၊ ထားလိုက်'

'ထားလိုက်လို့ ထိခိုက်ကုန်ရင် သူကြီးက ဆူနေဦးမယ်'

'နွားချင်းဝှေ့တာ အဆန်းလားကွာ၊ သိုထတဲ့နွားတွေ ဝှေ့တတ်တာပဲ၊ ဟော… ဟော… ဟိုနွားပြေးပြီ၊ မင်းကောင်ကို လိုက်ဆွဲ၊ လိုက်ဆွဲ'

ကြင်အုန်းက ရေထဲတဝုန်းဝုန်းပြေးဆင်းပြီး နွားနောက်လိုက်သည်။ ကုလားလည်း ချောင်းတစ်ဖက်ကမ်း တက်ခဲ့တော့သည်။

'တောက်… ဒါ သက်သက်ရန်စတာ'

ကြင်အုန်းလက်ထဲကစာ ထွန်းပဆီရောက်သွားသည်။ ထွန်းပက စာဖတ်ကြည့်ပြီး တစ်စုံတစ်ခု နားလည်သွားသည်။ ဦးလေးဖြစ်သူ လက်ထဲထည့်ပေးလိုက်သည်။

'ဒါ… ဦးအောင်ပွင့် တပည့်တွေဖြစ်မယ် ဦးလေး၊ ဦးပုည မေတ္တာစာထဲကစာပိုဒ်ကူးပေးလိုက်တာ၊ မတူရင်မတုနဲ့ဆိုတဲ့သဘောပဲ'

'အေး… ဒီလူတွေ ရှုံးမဲမဲနေတာကွ၊ ပါးတွေနားတွေကန် တော့ ကြေးရှုံးရှုံးသွားတာ နှစ်ခါရှိပြီလေ၊ ဒါကိုမကျေနပ်တာ၊ သင်းတို့ကို တို့က စိန်စခေါ်လိုက်ကွာ'





'နေဦး ဦးလေး၊ အသင်းကိစ္စ ဆရာတင်မောင်ထွန်းကို လွှဲထားတော့ သူနဲ့တိုင်ပင်တာ ကောင်းတယ်'

'အေး… ဒါ ဟုတ်တယ်၊ ကိုယ့်သဘောနဲ့ကိုယ် လုပ်ရင် သူ့ကို မလေးစားရာကျတယ်၊ ဟော… ပြောရင်း အဆင်သင့်ပဲ၊ ဆရာ ထိုင်ပါဦး'

တူဝရီးနှစ်ယောက် တိုင်ပင်နေစဉ် ဆရာတင်မောင်ထွန်း ရောက်လာ၍ နေရာပေးလိုက်သည်။ ရေနွေးကြမ်းပွဲကို တိုးပေးရင်း 'သောက်ဦးဆရာ'ဟု ပြောလိုက်သည်။ ဆရာတင်မောင်ထွန်းက ရေနွေးတစ်ခွက် ငှဲ့သောက်လိုက်သည်။

'ဘာတွေတိုင်ပင်နေတာလဲ သူကြီး'

'ဒိုးနွယ်သူကြီးက စိန်ခေါ်လာလို့ ဆရာ'

စာရွက်ပိုင်းလေးကို ဆရာတင်မောင်ထွန်း လက်ထဲထည့်ပေးလိုက်သည်။ ဆရာတင်မောင်ထွန်းက ဖတ်ကြည့်ပြီး ဘာတွေလဲဟု မေးသည်။ ထွန်းပက စာ၏သဘောရှင်းပြလိုက်ပြီး မခံချင်အောင် စကြောင်း ပြောပြလိုက်သည်။

'ဩော်… ရှင်းပြမှပဲ သဘောပေါက်သွားတယ်'

စာရွက်အား ကိုထွန်းပ လက်ထဲ ပြန်ထည့်ပေးလိုက်ပြီး စကား မဆိုဘဲ ရေနွေးကြမ်းဆက်သောက်နေသည်။

'ကျုပ်က စိန်ခေါ်ရင် ဘွာမခတ်ချင်ဘူး ဆရာ၊ ဒီအသင်းနဲ့ ကြေးခေါ်ပြီး ဆော်လိုက်ချင်တယ်'

'နေပါဦး'

'ဒီအသင်းက ငယ်နိုင်လို ဖြစ်နေတာပါ ဆရာ၊ ဘယ်အချိန် ထကန်ကန် နိုင်ပါတယ်၊ ဆရာ မရှိခင်ကတောင် နိုင်သေးတာ၊ အခု ဆရာရှိနေတော့ ခွေးနိုင်ဝက်နိုင် နိုင်မှာပါ'



www.burmeseclassic.com

www.burmeseclassic.com



သူကြီးစကားကို နားထောင်ပြီး ဆရာတင်မောင်ထွန်း ပြုံးလိုက်သည်။ ခေါင်းခါယမ်းပြီး သောက်လက်စရေနွေးခွက် ပြန်ချလိုက်သည်။

'ကျွန်တော်တို့ကန်ဖို့ အချိန်မကျသေးဘူး သူကြီး၊ အခုမှ အသင်းပုံစံချတုန်း ရှိသေးတယ်'

'ဗျာ… ဆရာပြောတာ နားမလည်ဘူး'

'ဒီလို သူကြီးရာ၊ အရင်ကလေးတွေကန်နေတာက ငါးသုံးနှစ်ပုံစံ။ သူတို့သိနေ၊ မြင်နေတဲ့အတိုင်း ကန်ကြတာ၊ အဲဒီစနစ်က ခေတ်နဲ့မညီတော့ဘူး၊ ကစားနည်းသစ်တွေ ထွင်ကစားတော့ အဲဒီစနစ်က အသုံးမဝင်တော့ဘူး၊ ဒီနေ့အများသုံးနေတဲ့ လေးနှစ်လေးပုံစံနဲ့ ကစားနိုင်ဖို့ လေ့ကျင့်ပေးနေတယ်'

'ဩော်… ဒါတော့ မသိဘူးဆရာ'

'အပြောင်းအလဲလုပ်တော့ ကလေးတွေ အထိုင်မကျဘူး၊ ကျွန်တော့်သဘောပြောရရင် အချိန်တော်တော်ယူရဦးမယ်'

'ဒါဆို မြို့နယ်ဥက္ကဋ္ဌဒိုင်းတောင် ပြိုင်လို့ရပါ့မလား'

'ပြိုင်လို့တော့ ရမှာပါ၊ အပြောင်းအလဲဆိုတာ ကစားကွက်ကြောင်နေမှာစိုးတယ်၊ အလိုမကြောင်အောင် တစ်ဦးချင်းတာဝန်၊ လှုပ်ရှားရမယ့်ပုံစံ၊ တစ်ယောက်နဲ့တစ်ယောက် အချိတ်အဆက်၊ ဒါတွေလုပ်ပေးနေတယ်၊ သူကြီး စိတ်လျှော့ထားပါ၊ ဒီအသင်းနဲ့ မြို့နယ်ပွဲမှာလည်း ဆုံကြမှာပဲဟာ'

'အင်း… ဆရာလေးက မလုပ်နဲ့ဆိုလည်း မလုပ်ပါဘူး၊ ကျုပ်ကတော့ စိန်ခေါ်ရင်တိမ်ပေါ်ထိ တက်လိုက်ချင်တဲ့လူ'

ဆရာတင်မောင်ထွန်းနှင့် သူကြီးတို့ အသင်းအနေအထားကို ဆက်ဆွေးနွေးကြသည်။ လိုအပ်ချက်တွေကို ဆရာတင်မောင်ထွန်းက





တင်ပြသည်။ သူကြီးက ဖြည့်ဆည်းပေးမည့်အကြောင်း ကတိပေးသည်။

'သူကြီးကိုပြောတဲ့ လိုအပ်ချက်တွေက အရေးပါတဲ့လိုအပ်ချက်မဟုတ်သေးဘူး၊ အဓိကလိုအပ်ချက်ရှိသေးတယ်'

'ပြောပါ ဆရာ၊ အားမနာပါနဲ့'

'ဘောလုံးကွင်းရှိဖို့ လိုတယ်၊ တကယ် ဟုတ္တိပတ္တိလုပ်ချင်ရင် ကစားလို့ရမယ့် ကွင်းတစ်ကွင်းအရင်ရှိဖို့လိုတယ်'

သူကြီးနှင့်ထွန်းပ အချင်းချင်းကြည့်လိုက်သည်။ ဘာပြောရမည်ကို စဉ်းစားနေသည်။

'အခက်အခဲ ရှိရင်တော့ နေပါစေ'

ဒီအချိန်မှာ ထွန်းပက ဝင်ပြောလာသည်။

'ဘောလုံးကွင်းကိစ္စနဲ့ပတ်သက်ပြီး တစ်ခုပြောချင်ပါတယ် ဆရာ၊ ဆိုင်မဆိုင်တော့ မသိဘူး'

'ပြောပါ ကိုထွန်းပ၊ ပြောပါ'

'ဟိုလေ… ကျွန်တော်တို့မှာ သဲသောင်ပြင်ဘောလုံးကွင်းရှိနေတာပဲ၊ အဲဒီနေရာမှာ အခိုင်အခံ့ ဂိုးတိုင်တွေစိုက်ပြီး ဘောလုံးကွင်းဧရိယာကို တိတိကျကျ နေရာသတ်မှတ်လိုက်ရင် ရတာပဲမဟုတ်လား'

'ရတော့ရတာပေါ့ဗျာ၊ ဒါပေမဲ့ တခြားရွာက ဘောလုံးအသင်းတွေနဲ့ ချိန်းပြီးကန်တဲ့အခါ ဒီလိုကွင်းမျိုးမှာ သူတို့ကန်တတ်မှာ မဟုတ်ဘူး'

'ဒါကတော့ ဆရာရယ်၊ သူတို့လည်း လေ့ကျင့်ပြီး ကြိုးစားကန်ရမှာပေါ့၊ ကျွန်တော် သိသလောက်တော့ ကမ္ဘာမှာတောင် သဲသောင်ပြင်ဘောလုံးပွဲတော် ရှိသေးတာပဲ'

အဲဒီအချိန်မှာမှ သူကြီးက တစခန်းထလာတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



'ဒါဆို ကျွန်တော်တို့ရွာဘောလုံးကွင်းက ကမ္ဘာ့အဆင့်အတန်း မှီတာပေါ့ ဆရာ၊ ဒီအတိုင်းပဲ ကောင်းပါတယ်'

'ဒီအတိုင်းပဲ မကောင်းဘူး သူကြီးရဲ့၊ ကမ္ဘာ့အဆင့်မီ ဘောလုံးကွင်းဆိုတာ မြေကြီးကွင်းမှာ မြက်ခင်းကို စံနစ်တကျ စိုက်ပြီး ညီနေအောင် မြက်ရိတ်စက်နဲ့ ရိတ်ရသေးတာ'

'ဒါဆို ရွှံ့တွေဗွက်တွေနဲ့ ကျုပ်တို့မြို့နယ်ဘောလုံးကွင်းက အဆင့်ရှိဘောလုံးကွင်းဖြစ်ဖို့ တော်တော်လိုသေးတာပေါ့'

'ဒါပေါ့ သူကြီးရဲ့၊ နောက်ပြီး ခုန ကိုထွန်းပပြောတဲ့ သဲသောင်ပြင် ဘောလုံးပွဲတို့ သဲသောင်ပြင် ဘောလုံးကွင်းတို့ ဆိုတာက အပျော်သဘောကစားကြတဲ့ ယာယီကွင်းတွေပါ၊ နောက်ပြီး သူကြီးရဲ့ဘောလုံးအသင်းက ခုဆို မြို့နယ်ဥက္ကဋ္ဌဒိုင်းကို ဝင်ကန်မယ့် အသင်း ဖြစ်သွားပြီ၊ အဲဒီကနေ တစ်ဆင့်ပြီးတစ်ဆင့် တက်ရင်နဲ့ အဆင့်မြင့် တန်းဝင်မယ့် ဘောလုံးအသင်းဖြစ်မလာဘူးလို့ ဘယ်သူမှ မပြောနိုင်ဘူး'

'အ… ဆင့်… မြင့်… တန်း'

ထိုစကားလုံးကို ဘောလုံးဂျာနယ်အဟောင်းများ ဖတ်ဖူး၍ သူကြီးနှင့်ထွန်းပတို့ သိကြသည်။ ထို့ကြောင့် ထိုစကားလုံးက သူတို့နှစ်ယောက်လုံးကို ဖမ်းစားတော့သည်။

'ဟုတ်ပြီ ဆရာ၊ အင်္ဂလန်က ဘောလုံးအသင်းတွေမှာလည်း ကိုယ်ပိုင်ဘောလုံးကွင်းတွေရှိကြတယ်လို့ ဂျာနယ်တွေထဲမှာ ကျွန်တော်ဖတ်ဖူးတယ်၊ ဒါမှ အိမ်ကွင်း အဝေးကွင်းဆိုပြီး ပြောရအောင် အင်္ဂလန်က ဘောလုံးကွင်းတွေမျိုး လုပ်ရမယ်၊ ဆရာပြောတာ ဟုတ်တယ် ဦးလေး၊ လုပ်… လုပ်'

'အဲဒီလောက်ထိ ကောင်းဖို့တော့ မလိုဘူးပေါ့ ကိုထွန်းပ





ရယ်၊ ကျွန်တော်တို့အတွက်ကတော့ လယ်မြေကို ပြုပြင်ပြီး အတန်အသင့် ညီညာတဲ့ ကွင်းဖြစ်ရင် တော်ပါပြီ'

'ဒါများ ဘာခက်သလဲ ဆရာရယ်၊ ကျုပ်မှာ လယ်မြေတွေ အများကြီးရှိတယ်၊ ဆရာကြိုက်တဲ့နေရာရယ်၊ ဘယ်လိုလုပ်ရမယ်ဆိုတာသာပြော၊ ဘောလုံးကွင်းဖြစ်သွားစေရမယ်'

သူကြီး ဦးစံပက တက်ကြွရဲရင့်ပြတ်သားစွာ ဆုံးဖြတ်လိုက်လေတော့သည်။

'ကိုစံပ… ကျုပ် မပြောတော့ဘူးလို့နေတာ၊ ရှင့်လုပ်ရပ်တွေ လွန်ပြီ'

တရားထိုင်ပြီး ပြန်လာသည့် သူကြီးကတော်က လေသံအေးအေးနှင့် ပြောသော်လည်း သဘောထားတင်းမာနေမှန်းသိသာသည်။ သူကြီးကတော် ဘာကိုရည်ရွယ်ပြောမှန်း သိသည်။

'နေဦး မရွှေမုံ၊ မင်းပြောချင်တာ လယ်ကွက်ကို ဘောလုံးကွင်းလုပ်တဲ့ ကိစ္စ မဟုတ်လား'

'ရှင် ဘာဖြစ်လို့ ပစ္စည်းတွေ ဖြုန်းတီးနေတာလဲ'

'ဟဲ့… မရွှေမုံ၊ မင်းလည်း တရားအလုပ်လုပ်နေသူ၊ ဘာဖြစ်လို့ ဒါနကို ပိတ်ပင်ချင်တာလဲ'

'ဘယ်လို… ဒါန၊ ဘောလုံးကွင်းလုပ်တာ ဒါနလား'

'သေရော မရွှေမံရာ၊ ငွေကုန်ကြေးကျခံ၊ စီပြောတီး လှူတာမှ ဒါနထင်လား၊ ဒါဟာ အများအကျိုးအတွက် ပြုတဲ့ ဒါနပေါ့၊ ပြောရရင် မပျောက်မပျက် ထာဝရတည်နေမဲ့ ဒါန၊ မင်းသိတဲ့ ဒါနနဲ့ မတူတိုင်း ဒါနမဟုတ်ဘူးလို့ မပြောရဘူး'



www.burmeseclassic.com

www.burmeseclassic.com



သူကြီးစကားကြောင့် သူကြီးကတော် ကြောင်ကြည့်နေသည်။ ပြောရမည့်စကားရှာသည်။

'ဒီမယ် မင်းမှာ မြေရှိလို့ ကျောင်းဝတ္တကမြေလှူတယ်၊ ငွေရှိတော့ကျောင်းဆောက်တယ်၊ ရည်ရွယ်ချက်က သာသနာတော် ထွန်းကားစေချင်လို့၊ ပြန့်ပွားစေချင်လို့၊ ဒီအတွက် ကုသိုလ်ရချင်လို့ လှူတာမဟုတ်လား'

'ပြောပါ' ဟူသော အကြည့်နှင့် တစ်ချက်လှည့်ကြည့်ပြီး တစ်ဖက်သို့ မျက်နှာလွှဲနေလိုက်သည်။

'အဲလိုပဲ မြေရှိလို့ စာသင်ကျောင်းအတွက် မြေလှူတယ်၊ ငွေတတ်နိုင်တော့ ကျောင်းပါဆောက်လှူတယ်၊ အဲဒါက ဘာကြောင့်လဲ၊ ကလေးတွေ ပညာဖြောင့်ဖြောင့်ဖြူးဖြူး သင်နိုင်ပါစေ၊ ပညာတတ်တွေဖြစ်ပါစေဆိုတဲ့ သဘောမဟုတ်လား၊ ဒီအတွက် ကုသိုလ်ရတယ်ဆိုပြီး မင်းကျေနပ်တယ်'

'အဲဒါ ကျေနပ်တယ်'

'အေး··· အခုလည်း မြေရှိလို့လှူတယ်ကွာ၊ တတ်နိုင်လို့ အားကစားကွင်းဆောက်တယ်၊ ဒီကွင်းရှိတော့ ကလေးတွေ ကစားနိုင်တယ်၊ ကျန်းမာရေးနဲ့ ပြည့်စုံတယ်၊ ကျန်းမာတော့ အသက်ရှည်တယ်၊ ဒါဟာ ဓိဝိတဒါနသဘော သက်ရောက်တယ်ဆိုတာ မင်း သဘော မပေါက်ဘူးလား'

'ရှင် စကားတတ်တိုင်း လျှောက်မပြောနဲ့'

'ငါ ဖန်တီးပြောနေတာ မဟုတ်ဘူး မရွှေမှုံ၊ မင်း မစဉ်းစားမိတဲ့အချက် ပြောပြတာ၊ တို့မှာ လယ်သုံးလေးငါးဧကလျှော့သွားလို့ ဘာဖြစ်မလဲ'

'ဘာဖြစ်ရမလဲ၊ ငါးဧကလျှော့ရင် အဲဒီငါးဧကကထွက်တဲ့ စပါးလျှော့ပြီပေါ့'





'မရွှေမှုံ··· မင်း ဆင်းရဲနေလား၊ ဒီက စပါးမရလို့ မင်းမွဲသွားလား၊ ဒီငါးဧကက စပါးနှစ်ရာလျှော့တယ်ထား၊ အဲဒီနှစ်ရာကို နှစ်စဉ်လှူသလိုဖြစ်နေတာ မင်းမတွေးမိဘူးလား'

'တော်ပြီ၊ ရှင် လုပ်ချင်တာတွေ လုပ်သာလုပ်၊ ရှင်ရှာထားတဲ့ ပစ္စည်း ရှင်ဖြုန်းတီးတာနဲ့ ကုန်မှာပဲ၊ ဒီမယ် ရှင့်မယ် သမီးမိန်းကလေးတွေ ကျန်ခဲ့တယ်၊ သူတို့အတွက် အမွေပေးဖို့ ရှိတယ်ဆိုတဲ့ ဖအေတစ်ယောက်ရဲ့တာဝန်ကို မမေ့နဲ့'

သူကြီးကတော်က ပြောမရသည့်အဆုံး သားသမီးတွေနှင့် လှည့်ရန်တိုက်ပေးသည်။

ဘေးက အကဲခတ်နားထောင်နေသည့် သမီးများကမူ ဖခင်လည်း မတားသာ။ မိခင်ကိုလည်း မဖျောင်းဖျနိုင်။

'မရွှေမှုံ··· မင်းစိတ်ထဲမှာ ဒါနကောင်းမှု ပြုထားတယ်လို့ သဘောသာ ထား၊ ဒီဒါနက အမြစ်မပြတ်သွားတဲ့ ဒါန၊ မင်းနဲ့ငါ သေသွားလည်း ဒီဒါနက ဆက်ရှင်သန်နေမှာ၊ ဟောဒီရွာရှိသမျှ ဒီရွာသူရွာသားတွေ ဆက်ပြီးဆက်ပြီး ရှိနေသမျှ ဦးစံပ၊ ဒေါ်ရွှေမှုံကောင်းမှုကြောင့် တို့များအားကစားကွင်းနဲ့ ဟန်ကျပန်ကျ ဖြစ်ခဲ့ရတာပါလားလို့ သာခုခေါ်နေမယ်'

'တော်ပါတော့ ဘောသင်းပိုင်ရှင်ကြီးရယ်၊ လုပ်ချင်တာသာလုပ်ပါတော့၊ ပရဟိတအကျိုးသယ်ပိုးသူကြီးရယ်၊ ရှင့်သားသမီးတွေက နောင်တစ်ချိန်မှာ အပြစ်ဆိုတာခံနိုင်ရင် ရှိတဲ့စည်းစိမ် အကုန်သာလှူပစ်'

သူကြီး ဦးစံပက ခပ်ဖွဖွရယ်လိုက်သည်။

သူကြီးကတော်ကမူ ဥပေက္ခာပြုသည့် သဘောဖြင့် ဘုရားခင်ရှေ့သွားပြီး ပုတီးစိပ်နေတော့သည်။ သူကြီးလည်း ပက်လက်ကုလား



www.burmeseclassic.com

www.burmeseclassic.com



ထိုင်ပေါ်ပြောင်းထိုင်ပြီး တည်ဆောက်နေဆဲ ဘောကွင်းကြီး မြန်မြန်ပြီးပြတ်ရေးအတွက် စဉ်းစားနေတော့သည်။

ထိုအခိုက်မှာပင် မြလေးစိန်က ဖျတ်ခနဲ အိမ်ပေါ်ကဆင်းခဲ့ပြီး မန်ကျီးပင်အောက်တွင် မှောင်ရိပ်ခိုစောင့်နေသည့် ပြုံးချိုထံ အပြေးတပိုင်းနှင့် ဆင်းလာခဲ့တော့သည်။



## အခန်း[၁၁]

အပျိုသိုးကြီး မကြင်ဥ ဖိတ်ကြားထားသဖြင့် ရွာတွင်းရှိ အပျိုဝင်ရော၊ အပျိုပေါက်ရော၊ အပျိုပိစိညှောင့်တောင့်ပါ စုရုံးရောက်နေကြသည်။

ကြင်ဥက ခြေသံချွတ်ခနဲ ကြား၍ ခေါင်းထောင်ကြည့်သည်။

‘မျှော်မနေစမ်းပါနဲ့ အစ်မကြီး မကြင်ဥရယ်၊ ဒီညီအစ်မနှစ်ယောက်က မလာတော့ပါဘူး’

‘လာမယ်လို့ သေသေချာချာ ပြောသွားတာ၊ သင်းတို့ညီအစ်မက ပိုသိချင် ကြားချင်နေတာ’

‘နေပါဦး အစ်မကြီး၊ အဲဒီဖျာလိပ်နတ် ဘယ်သူ’

‘မအောင်ဖြူ’

‘အဲဒီမအောင်ဖြူက တကယ်သိလို့လား’

‘ဟဲ့… နတ်ပါဆို သိတာပေါ့၊ ညည်း ဘယ်လိုထိန်ဝှက်ထားထား မအောင်ဖြူက သိတယ်’

‘တကယ်၊ ဒါဆို အစ်မကြီး ကြည့်ဖူးတယ်ပေါ့’

‘အေး… ကြည့်တော့ကြည့်ဖူးတယ်၊ ဒါပေမဲ့ ငါက ငယ်သေးတော့ ကိုယ်တိုင် မပါရဘူး၊ လူကြီးတွေမေးတာကို ဘေးကပ်နားထောင်ဖူးတာ၊ ဟောဟိုညီအစ်မနဲ့တူတယ်။ မီးထိုးပြလိုက်စမ်း’



www.burmeseclassic.com

www.burmeseclassic.com



အပျိုတွေစုပြီး မအောင်ဖြူနှုတ်မေးကြည့်မည်ဆို၍ မြလေးစိန်တို့ ညီအစ်မက သူတို့လည်း မေးပါရစေဟု တောင်းဆိုလာသည်။ သူတို့မတောင်းဆိုလည်း သူတို့ဇာတ်လမ်းကို သိချင်နေသော ကြင်ဥက တမင်ဖိတ်ကြားလိုက်သည်။

'ညည်းတို့ကလည်း နောက်ကျလိုက်တာ'

'အိမ်က စိတ်မချလို့ မနည်းပြောယူရတာ၊ ပထမပေးမလွှတ်ဘူး၊ မအောင်ဖြူနှုတ် မေးချင်လို့ပါဆိုမှ လွှတ်တာ ရှင်ရေ'

'ကဲ… ကဲ… စရအောင် ကြင်ဥရာ၊ ညည်းဟာ ပြင်ပြီးပြီလား'

'ပြီးပြီ၊ ဟောဟိုမှာ'

ဟောဟိုမှာဆို၍ မြလေးစိန်တို့ ညီအစ်မ လှည့်ကြည့်လိုက်သည်။ အခန်းထောင့်တွင် လုံချည်ပတ်ပေးထားသည့် ဖျာလိပ်တစ်လိပ်။ ဖျာလိပ်ကြီးမှန်းသိပေမဲ့ သရက်ထည်လုံချည်အနားကွက်ကြီးပတ်ပေးထား၍ ဘာလိုလိုထင်မိသည်။ အောက်ပိုင်းထဘီပတ်ထားပြီး၊ အပေါ်ပိုင်းတွင်ပိုးပဝါပေါင်းပေးထားသည့် မအောင်ဖြူကို ကြင်ဥက မလာသည်။

'ဟဲ့… မြလေးစိန်လာ'

'ကျုပ်က ဘာလုပ်ရမှာလဲ'

'မေးမယ်ဆို၊ ဖျားလိပ်နှုတ်မေးမဲ့သူက ဒီဖျားလိပ်ကို ကိုင်ရတယ်၊ ညည်းရယ်၊ ခင်စိန်ရယ်၊ တင်တင်ရယ်၊ အဲ… လှလေးစိန်ရော'

'ကျုပ် မကိုင်ဝံ့ပါဘူး'

'ဟဲ့… မေးတဲ့လူက ကိုင်ရတယ်'

အပျိုတွေ ခိုးကြောင်ခိုးဝှက်လုပ်သည့် ကိစ္စဆိုတော့ မီးတထိန်ထိန်နှင့်လုပ်၍မဖြစ်။ အခန်းတံခါးတွေ လုံအောင်ပိတ်၊ မီးခွက်လေး





တစ်ခွက်သာ ထွန်းထားကြသည်။ အားနည်းသည့် အလင်းရောင်ရှိသည့်အခန်းထဲ နေနေရသည်ပင် ရင်ထဲအေးနေသည်။

'လာအေ… မေးမဲ့လူတိုင်း ဖျာလိပ်အောက်ခြေက ကိုင်ထား၊ လဲမသွားစေနဲ့'

အပျိုတွေက ဝိုင်းထိုင်ပြီး မအောင်ဖြူကို အသက်သွင်းလိုက်သည်။

'အရှင်မ မအောင်ဖြူ၊ သမီးတို့က ရှင်မကိုပသပါ၏၊ ပူဇော်ပါ၏၊ သမီးတို့ရှိရာ ဤအိမ်ဂေဟာအတွင်းသို့ ကြွမြန်းလာပါ အရှင်မ'

ဖျာလိပ်ကြီးကို ထောင်ကိုင်ထား၍ လဲမကျအောင် ထိန်းထားရသည်။ ဟန်ချက်မညီသဖြင့် ဖျာလိပ်က လှုပ်နေသည်။

'အရှင်မ မအောင်ဖြူရှင့် ကျွန်မတို့ရှိရာ ဤဂေဟာအတွင်းရောက်ပြီဆိုက လှုပ်ပြပါ၊ ယမ်းပြပါ'

အားလုံးက ဖျာလိပ်ကို စူးစိုက်ကြည့်နေသည်။ နောက်ဘက်တွင် ထိုင်နေသည့် မိန်းကလေးတချို့ စိတ်မလုံသဖြင့် ရှေ့တိုးလာသည်။

'ဟော… ဟော… လှုပ်လာပြီ၊ လာပြီဟေ့၊ သာနေပြီ၊ အရှင်မ သိသာအောင် ခါယမ်းပြပါ'

ကြင်ဥစကားဆုံးသည်နှင့် ဖျာလိပ်ကြီးက ခပ်ကြမ်းကြမ်းခပ်ရမ်းရမ်း လှုပ်သည်။ ဖျာလိပ်ကိုင်ထားသည့် မိန်းကလေးများက ဝုန်းခနဲ ဖျာလိပ်ကျမသွားအောင် အားပြုထိန်းထားရသည်။

ဖျာလိပ်ကြီးက ယိမ်းထိုးနေသဖြင့် ရှင်မအောင်ဖြူ ဝင်လာပြီဟူသော အသိကြောင့် လှလေးစိန် လန့်လာသည်။ လူအုပ်ကြားအတင်းတိုးဝင်သည်။ စိန်ချစ်နှင့် ခင်လေးမွှန်လည်း နောက်ထဲမှနေ ဝံ့တော့။

'ကဲ… မေးချင်တာ မေးလို့ရပြီ၊ မြလေးစိန် မေးတော့'



www.burmeseclassic.com

www.burmeseclassic.com



'ဘာမေးရမှာလဲ၊ မသိဘူး'

'ဟဲ့… နင် သိချင်တာမေးလေ'

'ဟာ… မမေးရဲဘူး၊ ရှက်တယ်'

'ညည်းကလည်း ဒုက္ခပဲ၊ ဒီနေရာမှာ ရှက်ရမဲ့လူ ဘယ်သူမှ မပါတာ၊ တို့အချင်းချင်းတွေပဲရှိတာ၊ မေးစမ်းပါအေ'

'မမေးဝံ့ပါဘူး'

'ဒါဆို ငါမေးမယ်၊ ညည်းတို့ ငြိမ်နေ'

ငြိမ်နေဆိုပေမဲ့ စိတ်လှုပ်ရှားနေသည်။ ရှက်စိတ်ရော၊ ကြောက်စိတ်ပါ ရောထွေးပြီး လူတစ်ကိုယ်လုံး တုန်ယင်နေပြီ'

'အရှင်မ မအောင်ဖြူရှင့် အခုအရှင်မ အပါးရှိနေသူတွေမှာ ရည်းစားသနာရှိပါသလား၊ ရှိရင် ခေါင်းပုတ်ပြပါ'

ကြင်ဥ စကားမဆုံးမီပင် ဖျာလိပ်ကြီးက မြလေးစိန်ခေါင်းကို ဘုန်းခနဲ ရိုက်လိုက်သည်။ မြလေးစိန် လန့်အော်သည်။ အော်သံမဆုံးမီပင် ဖျာလိပ်နတ်က ဘုတ်ခနဲ ဘုတ်ခနဲ ရိုက်လိုက်ပြန်သည်။ ခင်စိန်နှင့် တင်တင်။ ကိုင်ထားသူ ငါးယောက်အနက် လှလေးစိန်နှင့် ကြင်ဥသာ ချန်လှပ်ပြီး ကျန်သူများ ရိုက်သွားသည်။

မြလေးစိန်နှင့် ပြုံးချိုကြိုက်နေမှန်း လူတိုင်းသိသည်။ ခင်စိန်ကလည်း သန်းဌွေးနှင့် သရီးသရည်ဖြစ်နေသည်။ တင်တင်ကတော့ ဘယ်သူနှင့်မှန်းမသိ။ မအောင်ဖြူနှင့် ကာယကံရှင်သာ သိမည်။ ရည်းစားရှိသူတွေကို မှန်အောင်ပြနိုင်၍ မြလေးစိန် အံ့သြသွားသည်။ ဖျာလိပ်ကြီးထဲတွင် မအောင်ဖြူနတ် အမှန်ပင်ရောက်နေပြီဟု တွက်လိုက်သည်။

လှလေးစိန်ကလည်း သူ့တွင် ရည်းစားမရှိမှန်းသိသည့် မအောင်ဖြူ၏ တန်ခိုးစွမ်းအင်ကို ယုံသွားသည်။

'အရှင်မ မအောင်ဖြူရှင့်… ရည်းစားရှိသူများကို ရိုက်ပြ၍ သိပါသည်။ ငါးယောက်အနက် နှစ်ယောက်ကျန်နေပါသည်။ ရည်းစားမရှိရိုးမှန်ရင် သိသာအောင် ရိုက်ပြပါ'

'ဘုတ်… ဘုတ်…'

ဖျာလိပ်ကြီးက လှလေးစိန်နှင့် ကြင်ဥကိုရွေးရိုက်ပြသွားသည်။ အံ့သြလောက်အောင်ပင် တုန်လှုပ်သွားသည်။ ကြင်ဥက 'တွေ့လား၊ ယုံပြီလား' ဟူသော အဓိပ္ပာယ်နှင့် ပြုံးလျက် မေးဆတ်ပြသည်။

'အရှင်မ မအောင်ဖြူရှင့်… ရည်းစားမရှိတာ မှန်ပါတယ်၊ တကယ်လို့ ဒီနှစ်အတွင်းမှာ ရည်းစားရနိုင်မလား၊ ရနိုင်မယ်ဆို ရမယ့်လူကို ပုတ်ပြပါဦး'

မအောင်ဖြူက ကြင်ဥခေါင်းကို ဘုန်းခနဲ ရိုက်ပြလိုက်သည်။

'အဟီး… ဟီး… ငါလည်း ဒီနှစ်ထဲမှာစွံမှာတဲ့၊ ဒါပဲ၊ ဒါပဲ၊ ဟဲ့… မြလေး မေးလေ၊ မေးချင်တာမေး'

'မမေးဝံ့ဘူး'

'ညည်းနှယ်အေ… အခွင့်အရေးရတုန်း မေးရတာ'

'ဒါဆို စိတ်ထဲက မေးမယ်'

'ဟာ… အဲလိုတော့ မမေးနဲ့အေ၊ ညည်းဘာမေးတယ်ဆိုတာ ငါသိချင်တယ်၊ အားလုံးကလည်း သိချင်မှာပဲ'

'အေးလေ၊ သိချင်တာပေါ့'

အားလုံးက ဝိုင်းတောင်းဆိုသဖြင့် မြလေးစိန် ခေါင်းငုံ့နေသည်။ အားလုံးက မေးပါ၊ ချစ်သူနဲ့ ညားမလား၊ မညားဘူးလား မေးကြည့်ပါဟု တိုက်တွန်းသည်။ မြလေးစိန်က ခေါင်းကြီးငုံ့လျက် တုန်ယင်နေသည်။

'ညည်းမမေးရင် ငါမေးမယ်'

'ဟင့်အင်း… မမေးနဲ့၊ မမေးနဲ့'







www.burmeseclassic.com

www.burmeseclassic.com



'ဟဲ့... မအောင်ဖြူကို ပင့်ထားပြီးမှ မမေးလို့ဖြစ်မလား၊ အများနဲ့ဆိုင်တာပဲ မေးမယ်'

'မေး... မေး အစ်မကြီး'

နောက်ပိုင်းမှ ထိုင်နေသူများက ဝိုင်းတောင်းဆိုကြသည်။ ကြင်ဥက အလေးအနက်ထားသည့် အမူအရာဖြင့် ဖျာလိပ်ကြီးကို စိုက်ကြည့်သည်။

'အရှင်မ မအောင်ဖြူ... ကျွန်မတို့ထဲက အပျိုစစ်သူဟုတ် မဟုတ် သိချင်ပါတယ်၊ အပျိုမစစ်တော့ဘူးဆိုရင် ခေါင်းပုတ်ပြပါ'

'ဘုတ်'

'မြတ်စွာဘုရား... ငါ့လာပုတ်ပြတယ်၊ ရည်းစားတောင် မရှိသေးတဲ့ဥစ္စာ'

'ထပ်မံခွဲခြားပြပါဦး'

'ဘုတ်... ဘုတ်'

'အဲ... နှစ်ကြိမ်တောင် ရိုက်ပြတယ်၊ အစ်မကြင်ဥ မှန်တာပြော'

'ဘုရားပေးပေး ကြမ်းပေးပေးပါအေ၊ မအောင်ဖြူ လူမှားလို့ ထင်တယ်၊ အရှင်မ မအောင်ဖြူ ကျွန်မ မေးနေတာ အပျိုမစစ်တော့တဲ့သူပါရင်၊ ခွဲခြားပြပါ'

'ဘုတ်... ဘုတ်... ဘုတ်'

'ဒါမဖြစ်နိုင်ဘူး၊ ငါက အပျိုစစ်စစ်၊ ရေတောင်မရောသေးပါဘူးအေ၊ ဟဲ့... မြလေးစိန် လာ နင်နဲ့ငါ နေရာချင်းလဲမယ်'

'အို... ဘာဆိုင်လို့လဲ၊ သူ့ဘာသာ ပုတ်ပြနေတာ'

'ညည်းစစ်မစစ် အစစ်ဆေးခံဝံ့ရမှာပေါ့'

'မဆိုင်တာပဲ'





'ကဲ... သွားလိုက်စမ်းပါအေ၊ သူက မအောင်ဖြူကို လှည့်စားချင်နေတာ၊ သတ္တိရှိရှိ အစစ်ခံလိုက်စမ်းပါ'

အားလုံးက ဝိုင်းတိုက်တွန်းသဖြင့် မြလေးစိန် ထသွားလိုက်သည်။ ကြင်ဥနှင့်နေရာချင်းလဲပြီး မေးလိုက်သည်။

'အရှင်မ မအောင်ဖြူ၊ ဘေးလူတွေ သံသယရှင်းအောင် တိတိကျကျ ရွေးချယ်ပေးတော်မူပါ၊ ကျွန်မတို့ ငါးယောက်ထဲက အပျိုစစ်ကိုရွေးပေးပါ အရှင်မ'

'ဘုတ်... ဘုတ်... ဘုတ်... ဘုတ်'

'ဟော... ဒါဆိုရှင်းပြီ၊ အစ်မကြင်ဥ ဝန်ခံတော့၊ အားလျှော့တော့'

'ဟဲ့... တင်တင်၊ ဒီရွာမှာ ငါမစွံလို့ ဒီအချိန်အထိ အပျိုကြီးဖြစ်နေတာ နင်တို့သိသားနဲ့'

'ကျွန်မတို့က အပြင်ဘန်းသရုပ်ပဲ သိနိုင်တာ အစ်မရယ်၊ အတွင်းစီးဖြစ်နေတာ ဘယ်လိုလုပ်သိမလဲ'

'တော်... တော် ကောင်မ၊ ဒီကိစ္စ ဒီမှာပဲ ရပ်ထားတော့၊ ဘေးတော့ မပေါက်ကြားကြပါနဲ့အေ၊ ငါ မှန်းထားတဲ့ စံမြကတောင် ငါ့ကို ပယ်သွားပါဦးမယ်'

'ကဲ... စံမြနဲ့ ရနိုင် မရနိုင် မေးကြည့်မယ်'

'မမေးဝံ့တော့ဘူးအေ၊ လှလေးစိန် ညည်းမေး'

'အို... ကျွန်မလည်း မမေးရဲပါဘူး၊ မေးစရာလည်း မရှိဘူး'

'ဟဲ့... မမေးဘဲ ဘာလာလုပ်နေလဲ၊ ကဲ... ရည်းစားရမရ မေးကြည့်'

'မမေးတော့ပါဘူး'

'ဒါဆို မြလေးစိန်မေး၊ ပြုံးချိုနဲ့ ညည်း ညားပြီးပြီလား မညားရသေးဘူးလားမေး'



www.burmeseclassic.com

www.burmeseclassic.com



'တော်ပြီ၊ ကျွန်မ မမေးတော့ဘူး၊ အရှင်မ မအောင်ဖြူ ပြန်ကြွလို့ရပါပြီ၊ ကြွတော်မူပါရှင်'

'ဟယ်… ဟဲ့… ဟဲ့… ညည်းတို့ဘယ်လိုလုပ်လိုက်တာလဲ၊ ငါ မေးဦးမှာပေါ့'

မကြင်ဥက ကဗျာကယာ တားသော်လည်း အားလုံးက လက်လွှတ်ချပြီး နောက်ဆုတ်သွားသည်။ မအောင်ဖြူ ဖျာလိပ်နတ်ကြီးကို ပွေ့လျက် ကြင်ဥတစ်ယောက်သာ ငိုမဲ့မဲ့ကြီး ကျန်ရစ်တော့သည်။ သူတို့အားလုံးက မကြင်ဥကို နှုတ်ဆက်ပြီးခပ်သွက်သွက်ပြန်ခဲ့ကြသည်။ အကယ်၍ ရှင်မ မအောင်ဖြူကိုယ်စား သူတို့လေးယောက်က အဖြေပေးလိုက်ကြောင်းသာသိလျှင် ဘယ်လောက်များ ဒေါပွလေမည်လားမသိ။

ရှင်မအောင်ဖြူ နတ်မေးပြီး ငါးရက်မြောက်နေ့တွင် စံမြကမကြင်ဥ နိုးပြေးသွားသည်။

ဂေါမစွဲ အပျိုကြီးနှင့် ဂေါမစွဲ လူပျိုကြီးတို့ ဆိုင်းမဆင့်ဗုံမဆင့် နိုးပြေး၍ သူကြီးဦးစံပနှင့် လူကြီးတွေ အံ့သြနေသော်လည်း အကြောင်းသိများက ပြုံးနေသည်။

'စံမြရာ… မင်း ဘယ်လိုလုပ်လိုက်တာလဲ'

'ကျုပ်လည်း အစီအစဉ်မရှိပါဘူး၊ ကြင်ဥက နိုးပါ နိုးပါလို့ တဖွဖွပြောနေတာနဲ့ အားနာပြီးနိုးလိုက်တာ'

'မင်းနိုးတာက အရေးမကြီးဘူး၊ မြို့နယ်ပြိုင်ပွဲစမှာက သုံးရက်ပဲလိုတော့တယ်'

'ရပါတယ် သူကြီး စိတ်မပူပါနဲ့၊ ကျုပ် ကန်မှာပါ'





'ဟာ'

'မိန်းမရခါ၊ မင်္ဂလာတောင် မဆောင်ရသေးတဲ့ လူက ဘောလုံးကန်မှာတဲ့လား'ဟု မေးချင်ပေမဲ့ ဦးစံပ မမေးဖြစ်။ ဆရာတင်မောင်ထွန်းနှင့် ပြေးတိုင်ပင်ရတော့သည်။

'ရပါတယ်၊ သူကန်မှာဆိုလည်း ကန်ပေါ့၊ ပြဿနာဖြစ်ရင် ထုတ်သုံးဖို့ အရန်လူတွေ မွေးထားပါတယ်'

'လုပ်ပါဦး ဆရာရယ်'

ဦးစံပ ပျာယာခတ်နေသော်လည်း စံမြက ခပ်အေးအေး ကြင်စဦးဇနီးသည်လေးနှင့်ပင် လူလုံးပြ လမ်းလျှောက်နေလိုက်သေးသည်။

'ဟော… အစ်မကြီး ကြင်ဥနဲ့ အစ်ကိုစံမြပါလား'

'အေး… နင်က ဘယ်သွားမှာလဲ ခင်စိန်'

'ဟိုဒင်း… ဖျာလိပ်နတ်'

'ခင်စိန်နှုတ်က ဖျာလိပ်နတ်မေးဖို့ ကိုကြီးစံမြရေ၊ ကျွန်မလည်း ဘယ်တော့စွံမလဲဆိုတာ သိချင်လို့'ဟု အစ်မကြင်ဥကို စလိုက်ချင်သည်။ မိုးချုန်းသံ ကြားရသဖြင့် လန့်သွားသည့် ကလေးငယ်၏ မျက်နှာမျိုး အစ်မကြင်ဥ မျက်နှာတွင် မြင်လိုက်၍ မစရက်တော့။

'ဘာတုန်းဟ၊ ဖျာလိပ်နတ်ဆိုပြီးရပ်ထားတာ'

'ဟိုဒင်းပါ၊ နတ်ကတော်ဒေါ်စာရ ဝယ်ထားတဲ့ နတ်ရုပ်တွေ ရွာမြောက်ပိုင်းမှာ ရောက်နေတယ်၊ ဖျာနဲ့လိပ်ထားတာ သွားသယ်ပေးစမ်းပါလို့ အကူအညီတောင်းထားလို့ သွားမှာ'

'ဟုတ်လား၊ ညည်းတစ်ယောက်တည်း နိုင်ပါ့မလား၊ တို့ကူသယ်ပေးရမလား'

'ရတယ် အစ်ကို၊ ချစ်စခင်စ ဒုက္ခမပေးချင်ပါဘူး'

'အဟဲ… ဟဲ… ဖြစ်ပါတယ်'



www.burmeseclassic.com

www.burmeseclassic.com



တစ်ဖက်သားကို အားနာတတ်ပြီး ကူညီချင်သည့် ကိုစံမြက အကူအညီပေးဖို့ တပြင်ပြင်။ မကြင်ဥကမူ စကားတွေ ရှုပ်မှာစိုး၍ လမ်းမြန်မြန်ခွဲချင်နေပြီ။ ကိုစံမြ လက်မောင်းကို ဆွဲကာဆွဲကာ ခေါ်နေသည်။ ထိုစဉ် ချောင်းရေခပ်ပြန်လာသော တင်တင်နှင့် ပက်ပင်းတိုးပြန်သည်။

'ဟယ်တော်... ဖျာလိပ်နတ်မင်းရဲ့ ဖူးစာဖတ်တွေပါလား'

'ဟဲ့... ကောင်မစုတ် တင်တင်'

မကြင်ဥက မျက်နှာပျက်ပျက်နှင့် ထပြောသည်။ ခင်စိန်က မပြောနဲ့ဟူသော အမူအရာဖြင့် မျက်လုံးမှိတ်ပြလိုက်၍ တင်တင် ရယ်သည်။

'လာပြန်ပြီ၊ နင်ကလည်း ဖျာလိပ်နတ်သွားသယ်မှာလား'

'ဟုတ်ဘူးတော့၊ မေးမှာ'

'ဘာကိုမေးမှာလဲ'

'အစ်ကိုတို့ကို အားကျလို့ပါ'

'အဟဲ... ဟဲ၊ ကောင်မလေး နောက်တတ်တယ်၊ သွားမယ် သွားမယ်'

'အေးပေါ့လေ၊ ပျော်နေချိန်ဆိုတော့၊ ဒါပဲနော်၊ အစ်ကိုတို့ မင်္ဂလာဆောင်ကျရင် ဖိတ်ရမယ်'

'ဟယ်... ဒါပြောစရာလား၊ မဖိတ်လည်း လာရမှာ'

'ဟုတ်တယ်၊ ပွဲဝင်ညကျရင် ကျွန်မတို့ ဖျာလိပ်နတ် လာမေးမယ်နော်'

'ဘာမေးမှာလဲ'

'ဟိုဒင်း... စွံပုံစွံနည်းလေး နည်းနာနိသယယူဖို့ပေါ့'

'ရတယ်၊ ရတယ်၊ စွံချင်ရင် နတ်မေးမနေနဲ့၊ ငါ့ဆီလာ'

'တကယ်လား'





'အဟား... ဟား... တကယ်ပေါ့ဗျာ၊ ဘယ်ပုံအစွံထုတ်ရမယ်ဆိုတာ ပြောပြမယ်'

နှုတ်ဆက်ပြီး ထွက်သွားချိန်တွင် ပုလွေးချောင်းထဲမှ တက်လာသည့် ပြုံးချိုနှင့် ခင်စိန်တို့အုပ်စု ပြန်ဆုံသည်။ ခင်စိန်က တင်တင့်ကို လက်တို့အချက်ပြလိုက်သည်။

'ဟဲ့... ပြုံးချို'

'ဟေ'

'နင်တို့ရော ဘယ်တော့လဲ'

'ဘာလဲဟ၊ နင်တို့နှစ်ယောက်က တောင်မေး မြောက်မေးနဲ့'

'အမယ်လေးနော်၊ ငါတို့က မမေးပါဘူး၊ နင့်မြလေးကသာ မေးနေတာ၊ နင် သိပြီးပြီလား၊ မြလေး ဖျာလိပ်နတ်မေးတာလေ'

'ဘာလဲ ဖျာလိပ်နတ်'

'ဟဲ့... ဖျာလိပ်နတ်မအောင်ဖြူတောင် နင်မသိဘူးလား၊ မြလေးက ပြောမပြဘူးလား'

'မသိဂါဘူး၊ ပြောမပြပါဘူး'

ခင်စိန်နှင့်တင်တင်က တစ်ဦးကိုတစ်ဦး အချက်ပြပြုံးပြုံးလိုက်သည်။ ကြိုတင်စီးဝါးကိုက်မထားသော်လည်း အကြံတူသည့် အလျှောက် ပြုံးချိုကို စတော့သည်။

'ဒီမယ် ပြုံးချို... ဖျာလိပ်နတ် မအောင်ဖြူဆိုတာ တို့အပျိုတွေအားကိုးသမှုပြုတဲ့နတ်ဟဲ့၊ ဂေါ်မစွံတဲ့ အပျိုကြီးတွေဆိုရင် နတ်ပင့်ပြီး ရည်းစားရနိုင်မလား၊ ဘယ်လိုလုမျိုးရမလဲ၊ ရုပ်ချောရဲ့လား၊ ဥစ္စာပေါရဲ့လား၊ ဘာဘာညာညာမေးတာပေါ့'

'မေးတော့'

'မအောင်ဖြူက ဖြေတယ်လေ'

'လူကိစ္စ နတ်က ဝင်ပါလား'



www.burmeseclassic.com

www.burmeseclassic.com



'ဟဲ့… ပါလို့ နင်တို့ကိုစံမြန့် မကြင်ဥ ညားပွားတာပေါ့'

'မဆိုင်လိုက်တာဟာ'

'ဆိုင်မဆိုင်တော့ မသိဘူး၊ မြလေးနဲ့အတူတူ မေးကြတာပဲ၊ မြလေးကတောင် မေးသေးတယ်'

'အဟုတ်'

ပြုံးချို စိတ်ဝင်စားသွားပုံရသည်။ မြလေး ဘာတွေမေးလို့ ဖျာလိပ်နတ်က ဘာတွေဖြေလဲဟု သိချင်သေနည်း။ အတင်းနသားပါ ယားမေးလျှင် လူရယ်စရာဖြစ်မည်မို့ အသာငြိမ်နေလိုက်သည်။

'မြလေးက မေးတယ်၊ ပြုံးချိုက တကယ်ချစ်တာ ဟုတ်ရဲ့လားတဲ့၊ အဲဒီတော့ ပြန်ဖြေတယ်၊ ဒါနဲ့နင်တို့ဘယ်တော့အိမ်ထောင်ပြု ဖြစ်မလဲတဲ့၊ ဒါလည်းပြန်ဖြေတယ်၊ နောက်ပြီး ကလေးဘယ်နှယောက် ရမလဲတဲ့'

'ဘယ်နှယောက်တဲ့လဲ'

'အဲဒါ နင်ကိုယ်တိုင်မေးကြည့်ပေါ့'

'ဟာ… နင်တို့သိထားလည်း ပြောလိုက်ပေါ့ဟာ'

'ပြောလို့ဖြစ်မလား၊ အဲဒါတို့ရဲ့လျှို့ဝှက်ကိစ္စပဲ'

'မသာမတွေ… လျှို့ဝှက်ကိစ္စတဲ့၊ ရွာလယ်လမ်းမပေါ်မှာရပ်ပြီး လူတကာလိုက်ပြောနေပြီး တော်ပြီဟာ၊ သွား… သွား… ငါ့အမေ နေမကောင်းလို့ ဆရာပင့်ရဦးမယ်'

'ဟင်… အရီးလေး ဘာဖြစ်တာလဲ'

'မသိပါဘူး၊ မူးတယ်၊ မူးတယ်ဆိုပြီး လဲကျသွားတာ၊ ငါသွားမယ်'

ပြုံးချို အပြေးတစ်ပိုင်းနှင့် ထွက်သွားသည်။ အပူရှိနေသူကို ဖေးကူရမည့်အစား သောကပွားအောင်လုပ်လိုက်မိ၍ စိတ်မကောင်း





တော့။ ဒီကိစ္စ မြလေးစိန်ကို အသိပေးသင့်သည်ဆိုပြီး ခင်စိန် ပြန်လှည့်ထွက်ခဲ့သည်။

မြလေးစိန်မှတစ်ဆင့် ပြုံးချိုသတင်းကြားရတော့ သူကြီးဦးစံပ မျက်လုံးပြူးသွားပြန်သည်။ ဘောလုံးသမားတွေ ဘယ်လိုဂြိုဟ်ဆိုးများ ဝင်နေပါလိမ့်ဟု တွေးမိသည်။ မကြာမီ ကန်ရတော့မည့် မြို့နယ်ဥက္ကဋ္ဌ ဒိုင်းတွင် အဓိကကျသည့် ကစားသမားများ မပျက်စေချင်။ လူစား ထိုးလေ့ကျင့်ဖို့ဆိုလျှင် ကြိုတင်ပြင်ဆင်ထားဖို့ ဆရာဦးတင်မောင်ထွန်း နှင့် တိုင်ပင်ရတော့မည်။



www.burmeseclassic.com

www.burmeseclassic.com

## အခန်း(၁၂)

အဖွင့်ပွဲဖြစ်သည့်အလျောက် ပရိသတ်က မောင်းနှင်းသိပ်ထားသည့်အလား ပြည့်ကျပ်နေသည်။

အသင်း ၁၂ သင်းလုံး ချီတက်အလေးပြုရ၍ မိမိနှင့် ယှဉ်ပြိုင်ရမည့်သူတွေအားလုံး မြင်ရသည်။

အဖွင့်ပွဲအဖြစ် ယမန်နှစ်က ဒိုင်းဆုရထားသည့် မြို့မအသင်းနှင့် စီပိုင်းရှာအသင်း ကန်ရသည်။ ယခုနှစ်မှ ဝင်လာသည့် အသင်းငယ်လေးနှင့်တွေ့ရ၍ မကန်ရသေးခင်ကတည်းက နိုင်ပြီဟု တွက်ထားပုံရသည်။

'သူကြီး အလောင်းအစား မလောနဲ့၊ စိန်ခေါ်လာလည်း ခေါ်သမဖြစ်နဲ့၊ စိတ်အေးထား၊ လောင်းသင့်ရင် ကျွန်တော် အချက်ပြမယ်'

မပြောလည်း လောင်းမည်ကို သိထားသဖြင့် ဦးတင်မောင်ထွန်းက လာအသိပေးသည်။ အသင်းများ ချီတက်အလေးပြုနေစဉ်မှာပင် ထွန်းပက စိန်ခေါ်မှုတစ်ခု သယ်လာသည်။





'တစ်လုံးအရှုံးတဲ့သူကြီး'

'စောင့်ကြည့်သေးတာပေါ့'

ဒိုင်းရထားသည့် အသင်းဖြစ်သည့်ပြင် အတွေ့အကြုံအရည်အချင်းက အဖက်ဖက်မှ သာနေ၍ အစီးနှင့်ဖွင့်သည်။ လောင်းချင်နေသော်လည်း မှာထားသဖြင့် သည်းခံစောင့်နေလိုက်သည်။

ပွဲစ ခရာမှုတ်သည်နှင့် မြို့မအသင်းသားများက တစ်ဖက်သတ် ဖိကစားထားသည်။ သူ့ခြေစောင့်ကြည့်ရင်း ကိုယ့်လူတွေအနေအထားကြည့်နေမိသည်။

စီပိုင်းရှာသူရှာသားများက အော်ဟစ်အားပေးနေသော်လည်း ကိုယ်ကသာခံနေရသည်။ ဘောလုံးကွင်းတစ်ဝက်ဖိထားပြီး ဘောလုံးက သူတို့ခြေထဲမှာပဲ ရှိနေသည်။

'နှစ်လုံးသရေ ပေးနေပြီ'

ထွန်းပကို လက်ပြခဲ့ပြီး ဦးစံပသည် ဆရာတင်မောင်ထွန်းနှင့် ဆွေးနွေးသည်။ 'ခဏသည်းခံစောင့်ပါ၊ အဲဒီကြေးဆိုရင် ကျွန်တော် လူစားလဲတဲ့အချိန်ဆွဲထားလိုက်'ဟု ဆိုလာသည်။ သူကြီးနေရာပြန်ရောက်သည်နှင့် နှစ်လုံးတစ်မတ်ရှုံးပေးကြောင်း ပြောလာသည်။ အောင့်အည်းမစောင့်နိုင်တော့။ စပါးတစ်ရာဖိုးဆွဲထားလိုက်သည်။

ဆွဲပြီး ငါးမိနစ်ပင် မကြာလိုက်။ တစ်ဖက်အသင်းက ဂိုးရှုံးသွားပြီ။ နှစ်လုံးတစ်မတ်ရှုံးဖြစ်၍ မရှုံးသေး။ နောက်တစ်လုံး အရှုံးခံရသည့်တိုင် တစ်မတ်နိုင်နိုင်သေးသည်။

ဆရာတင်မောင်ထွန်းက စံမြထုတ်လိုက်ပြီး အေးမောင်ကို နောက်ဆင်းခိုင်းသည်။ ညာအစွန်နောက်တန်း အေးမောင်နေရာ၊ တင်ထိုက်ဝင်ကစားခိုင်းသည်။ လူပြောင်းလိုက်သည်နှင့် လောင်းကြေးထပ်နိုင်သည်ဟုပြောထား၍ နောက်ထပ်ကျိတ်ဆွဲလိုက်ပြန်သည်။

ပထမပိုင်း တစ်လုံးရှုံးနေပြီ။ ခြေအနေအထားက သူကြီးနှင့်



www.burmeseclassic.com

www.burmeseclassic.com



ကလေး ကစားနေပုံမျိုး။ အသင်းသားတွေ ကစားနေပုံ အားမရ။ ‘ဘယ်လိုဖြစ်နေကြတာလဲ’ ဟု မေးလိုက်ချင်သည်။ နည်းပြကို မကျော်ချင်၍ စကားတစ်ခွန်းမှမပြော။ နည်းပြက အစားဝင်သည့် တင်ထိုက်၊ နေရာပြောင်းသည့် အေးမောင်တို့ကို ကစားရမည့် ပုံစံပြောပြနေသည်။ သူတို့ပြောပြီးနောက် ပြုံးချိုကို တီးတိုးမှာသည်။ ပြုံးချိုက ခေါင်းတညိတ်ညိတ်နှင့် ကစားကွက်မှတ်သားနေသည်။

ဒုတိယပိုင်းစသည်နှင့် မြို့မအသင်းကပဲ ဖိထားသည်။ အသင်းသားများက ပညာချင်းယှဉ်မရသည်ကို ညည်းညူသည်။

လှတင်မိန်းမ သောင်းကြည်ခင်မှာ အော်ရလွန်းလို့ အသံတွေ ပြာနေပြီ။ ကြင်ဥ၊ ဂျမ်းစိန်၊ တင်တင်နှင့် ခင်စိန်တို့က အုပ်စုဖွဲ့ အားပေးနေသည်။ အမျိုးသမီးများ သဲသဲလှုပ်လှုပ် အားပေးသည်ကို တစ်ဖက်အသင်းက ပြောင်နေသည်။

‘ဦးလေး… ထပ်ခေါ်နေပြန်ပြီ’

‘ဆွဲထားကွာ၊ စပါးငါးရာဖိုးထိ ငါလာမတိုင်ပင်နဲ့’

တစ်ဖက်သတ် အဖိခံထားရ၍ ဦးစံပ အားမလိုအားမရ ဖြစ်ပြီး အော်လွှတ်လိုက်သည်။

မြို့မညာအစွန်လူက ဘောလုံးသယ်လာပြီး တဟုန်ထိုးပြေးလာသည်။ လှတင် အတင်းလိုက်လာပြီး မသိမသာကိုယ်စောင်းတိုက်ချလိုက်သည်။ ဘောလုံးစံလှခြေထဲ ရောက်သွားသည်။ စံလှ မဆိုင်းဘဲ ရှေ့တန်းညာအစွန်လူ မောင်မောင်သွင်ထံ ကန်တင်ပေးလိုက်သည်။ မောင်မောင်သွင်ကို သူ့နောက်တန်းက ဆီးတားသည်။ မောင်မောင်သွင်က ဘောလုံးကို တင်ထိုက်ပြန်ပေးလိုက်သည်။ တင်ထိုက်က လှတင်ထံ ကန့်လန့်ဖြတ် ပေးသည်။ လှတင် ဆိုင်းမနေဘဲ ပြုံးချို၏ ပြေးလမ်းကြောင်းထဲ ထည့်ပေးလိုက်သည်။

သဲသောင်ခုံတွင် ကျင့်ထားသည့် ပြုံးချိုပြေးအားကို သူ့လူ





တွေ မတားနိုင်။ တစ်ယောက်ကို လိမ်ခေါက်လိုက်ပြီး ဂိုးပေါက်ထဲ ကန်သွင်းလိုက်သည်။

ဂိုး ဟူသော အော်သံက ကွက်ကွက်ညံသွားသည်။ တစ်ဖက်အသင်း အားပေးသူများ ပါးစပ်ဟောင်းလောင်းဖြစ်သွားသည်။

ပွဲပြီးသည်အထိ တစ်ဖက်တစ်ဂိုးစီဖြင့် သရေကျသွားသည်။ ဒိုင်းယူထားသည့် အသင်းကို ဖရိုဖရဲ ခုခံရင်း လောင်းကြေးယူသွားသဖြင့် မြို့မအားပေးသူများ လဒမှိုင် မှိုင်ကျရစ်ခဲ့တော့သည်။

‘ရှင်နည်းရာ အဂ္ဂလူထွက်’ ဟု ဥပမာပေးရလည်း မလေးနက်။

‘တော်လှ တော်လှဆိုမှ ငါသမီးယောင်းမမြင်းစီးထွက်’ လို့ ဆိုလျှင်လည်း သက်ဆိုင်မည်မထင်။

‘မင်းသားကြီး မလုပ်ရလို့ ပက်မကြီးထိုးဖောက်’ ဆိုသည့် အဓိပ္ပာယ်လည်းမဟုတ်။

‘အရေးထဲမှ အရာပေါ်’ သည်။

ပြိုင်ပွဲမစမီ အေးမောင်စိန်က လာတွေ့သည်။ သူ့ကို လုပ်ခတိုးပေးပါတဲ့။ အသင်းကိစ္စအတွက် အလုပ်ရှုပ်။ ခေါင်းရှုပ်နေစဉ်သည်စကားပြောတော့ သူကြီးဦးစံပ ဒေါသထောင်းခနဲ ထွက်သွားသည်။ အေးမောင်စိန်ကို စေ့စေ့ကြည့်ပြီး ပြတ်ပြတ်ပြောလိုက်သည်။

မပေးနိုင်ဘူး။

ကိုယ့်ရပ်ကိုယ့်ရွာ ဂုဏ်သိက္ခာဆိုပြီး နာမည်သက်သက်အကုန်ကျခံနေသည်။ လူငယ်လူရွယ်တွေ တိုးတက်ပါစေ၊ ထွန်းပေါက်ပါစေဆိုသည့် စေတနာဖြင့် ပြုစုပျိုးထောင်ပေးနေသည်။ တစ်နှစ်စပါးတစ်ထောင်ကျော်။ ဘယ်သူအကုန်ခံမလဲ။ ဘယ်သူခေါင်းရှုပ်ခံမလဲ။ ဤသို့ထမေးလိုက်ချင်သည်။

စပါးအစိတ်သာ ကြေးသတ်မှတ်ပေးထားသည့် အေးမောင်



www.burmeseclassic.com

www.burmeseclassic.com



စိန့်အဖို့တော့ နည်းကောင်းနည်းမည်။ မလောက်မင ဖြစ်ကောင်းဖြစ်မည်။ ဖြစ်နိုင်လျှင် သည့်မျှမက ပေးချင်သည်။ နောင်တစ်ချိန်တွင် တိုးပေးဖို့လည်း ရည်မှန်းထားသည်။ ကြိုးစားကွဲ့။ မင်းက အလား အလာရှိတယ်။ နောင်တစ်ချိန် အောင်ညိန်းနေရာ မင်းက အစားဝင်ယူရမှာဟု တွေ့တိုင်း အားပေးရသည်။ အသက်ဆယ့်ခုနစ် ဆယ့်ရှစ်ဆိုတော့ အလားအလာအများကြီးကောင်းသည်။

အရုံဂိုးသမားဖြစ်သည့် အေးမောင်စိန်မှာ နင်လား ငါလားလုပ်ရသေးသည်မဟုတ်။ လေ့ကျင့်စဉ် အသင်းခွဲကန်လျှင်သာ အောင်ညိန်းကတစ်ဖက် သူကတစ်ဖက် ကစားရသည်။ ပွဲတိုးဖူးခြင်းမရှိ။ လောက်လောက်လားလား တာဝန်ယူဖူးခြင်းမရှိ။ သည်ကလေးက ကြေးနည်းသည် တိုးပေးပါဟု တောင်းဆိုလာတော့ ဦးစံပ ဒေါသဖြစ်သည်။ မသိတတ်လေခြင်း၊ နားမလည်လေခြင်းဟု တွက်လိုက်သည်။

အေးမောင်စိန် မျက်နှာပျက်ပျက်နှင့် ထပြန်သွားသည်။ ဦးစံပလည်း စိတ်မကောင်းဖြစ်ပြီး ကျန်ရစ်သည်။ ပိုစိတ်မကောင်းဖြစ်ရသည်က အေးမောင်စိန်က မိမိပြိုင်ဘက် ရွှေလင်းယုန်အသင်းဆီ ရောက်သွားသည်။ ဖွတ်ထွက်မှ တောင်ပို့မှန်းသိတော့သည်။ ဦးအောင်ပွင့်က စပါးငါးဆယ်မက်လုံးပေးပြီး ကမ်းလှမ်း၍ အခွင့်အရေးတောင်းဆိုမှန်းသိလိုက်သည်။ 'ပေးချင်ပေး မပေးရင် ပေးတဲ့နေရာသွားမယ်' ဟု ကျေးဇူးကန်းစကားပြောမသွားသည်ပင် ချီးမွမ်းရဦးမည်။

'ထွန်းပ… ဒီကိစ္စကို အားကာ ကော်မတီ စာရေးတင်ကွာ၊ စည်းမျဉ်းစည်းကမ်းနဲ့ မကိုက်ညီဘူးလို့ ကန့်ကွက်'

'ဘာအကြောင်းပြ ကန့်ကွက်မလဲ'

'ဟ… အေးမောင်စိန်က တို့ရွာသားလေကွာ၊ ဒီရွာအသင်းမှာလည်း ကစားနေတာ၊ ဘောလုံးအသင်းမရှိလို့ ရှိတဲ့ရွာက ခေါ်ကန်တယ်ဆိုထားတော့၊ ခုဟာ လူခိုးမှုကွ'





'ဘယ်မှာ လူခိုးမှုမြောက်တော့မလဲ၊ အေးမောင်စိန်က သူကြီးဦးအောင်ပွင့်တူမနဲ့ယူပြီး ဒိုးနွယ်ရွာကို ပြောင်းသွားပြီ'

'ဟေ'

'သူကြီးဦးအောင်ပွင့်က သေသေချာချာ အကွက်ဆင်လုပ်တာ ဦးလေးရဲ့၊ အေးမောင်စိန်ဟာ ပွဲမထွက်ရပေမဲ့ မရှိမဖြစ် ကစားသမား၊ တကယ်လို့ အောင်ညိန်းများ မတော်တဆ နာသွားရင် အစားဝင်ရမယ့် အဓိကအားကစားသမားဆိုတာ သိထားတယ်'

သူကြီးဦးစံပ ဒေါသဖြစ်လွန်းလို့ အသားဆတ်ဆတ်တုန်နေသည်။ ပျံနေသည့်ငှက် အတောင်ချိုးခံရသလို ပြေးနေသည့်မြင်းခြေထောက်အချိုးခံရသည့်နည်း။

'ငကမ်းသေ ငစွေပေါ်လိမ့်မယ်'ဟု ဆိုရအောင်လည်း အေးမောင်စိန်နေရာက ချက်ချင်းအစားထိုးဖို့မလွယ်။ တခြား ဘောလုံးသမားမျိုးက ဘယ်သူ့ကောက်သွင်းသွင်း လုံးဝမကန်တတ်သူဘဲ သွင်းဦး ဟိုပြေးဒီပြေး လျှောက်ပြေးနေက တစ်ဖက်အသင်းသားကို အနှောင့်အယှက်ပေးရာရောက်သည်။ အလုပ်များစေသည်။ ဂိုးသမားက အစားထိုးဖို့ခက်သည်။ အေးမောင်စိန်လို ပိုးမွေးသလို မွေးထားရသူမျိုးလက်လွှတ်ခံရသည်မှာ နစ်နာလှသည်။

'ကိုင်း… ဘယ်လိုလုပ်ကြမလဲ ဆရာ'

နောက်ဆုံးတော့ ဆရာတင်မောင်ထွန်းကိုပဲ အကြံဉာဏ်တောင်းရတော့သည်။

'တစ်ယောက်ယောက်တော့ အစားထိုးရမှာပေါ့'

'လွယ်ပါ့မလား ဆရာ'

'နွားနေရာ ကျွဲအစားထိုးသလောက်တော့ ဘယ်အဆင်ပြေမလဲ၊ ခွေးအစားထိုးထားသလို ဖြစ်မှာပေါ့၊ ဒါပေမဲ့ ဖြစ်မှာပါ'

'ပြိုင်ပွဲ ဒီလောက်ကပ်နေတာ လွယ်ပါ့မလား ဆရာ'



www.burmeseclassic.com

www.burmeseclassic.com



'သူကြီး စိတ်မပူပါနဲ့၊ ဒီပွဲအမီ မရသေးလည်း အရန်ဂိုးသမား အဖြစ် ကျွန်တော် ကစားမှာပေါ့'

'ဗျာ'

ဆရာတင်မောင်ထွန်းထံမှ မထင်မှတ်သည့် စကားကြားလိုက်၍ အံ့သြသွားသည်။ နည်းပြဆရာက အရန်ဂိုးသမားနေရာဝင်ယူမည် ဆို၍ သံသယမျက်လုံးနှင့် ကြည့်သည်။

'ကျွန်တော်က တိုင်းလက်ရွေးစင် ဂိုးသမားပါ၊ စစ်ကိုင်းတိုင်းမှာ ရှစ်နှစ်လောက် ဖမ်းခဲ့တယ်၊ အဲဒီက အနားယူပြီးမှ နည်းပြသင်တန်းဝင်၊ မြို့နယ်အသင်းတစ်သင်းမှာ နည်းပြတာဝန် ငါးနှစ်လုပ်လာတယ်၊ အသက်ကြီးပြီဆိုပြီး အေးအေးငြိမ်းငြိမ်းနေချိန်မှာ ဆရာဦးတင်အောင်က အကူအညီတောင်းလို့ ဒီနေရာ ရောက်လာတာလေ'

'ဟာ… ဒါကို လုံးဝသတိမမေ့နေတာ၊ ကိုယ့်အနီးအနားရှိတာ အဝေးကျော်ကြည့်နေတာကိုး၊ ဝမ်းသာလိုက်တာ ဆရာရယ်၊ အားနာနာနဲ့ အကူအညီတောင်းရတော့မှာပဲ'

'ရပါတယ်'

သူကြီးဦးစံပ ဘယ်မျှဝမ်းသာသွားသည် မသိ။ နှစ်ရက်သုံးရက် ဒေါ်သထွက်၊ အပူမီးတွေ လောင်မြိုက်ခံရသည့် ခန္ဓာကိုယ်မှ တစ်ခဏချင်း အေးမြသွားသလို ခံစားသွားရသည်။ ပျော်သွားသည်။

'ပြောရရင် အေးမောင်စိန်လို လူမျိုးက ရွာအပေါ် သစ္စာဖောက်တာ၊ အသင်းအပေါ် သစ္စာဖောက်တာ ဆရာ၊ ဒီအတွက် အသည်းနာမိတယ်'

'ဒါမျိုးကဖြစ်တတ်ပါတယ်၊ လူတိုင်းလူတိုင်း ဘယ်ကောင်းနိုင်မလဲ၊ အသားထဲက လောက်ထွက်သူမျိုး ရှိတတ်ပါတယ်'

စိတ်ပျက်စရာ အားငယ်စရာတွေ ကြုံတွေ့ပေမဲ့ နာမည်ကြီးမြို့မအသင်းကို သရေကျအောင် ကန်လိုက်နိုင်သဖြင့် ကျေနပ်သွား





သည်။ မထင်မှတ်ဘဲ စပါးသုံးရာဖိုးလောက် ရလိုက်၍ ပိုဝမ်းသာ သွားသည်။

ထိုနှစ်အမှတ်ပေးပွဲတွင် စတုတ္ထသာ ချိတ်သော်လည်း အတိုး တက်ဆုံးအသင်း၊ အသန့်ရှင်းဆုံးအသင်းဟု ဆုနှစ်ဆုရလိုက်ရာ မြို့ နယ်အတွင်း တမဟုတ်ချင်း ကျော်ကြားသွားတော့သည်။



www.burmeseclassic.com

www.burmeseclassic.com

## အခန်း(၁၃)

'ပြောပါဦး ဆရာ၊ ဆရာပြောတဲ့ ပရော်ဖက်ရှင်နယ်ဆိုတာ'

'အဲ… ကျုပ်လည်း အဲဒီစကားအဓိပ္ပာယ်ကို တိတိကျကျ တော့ မသိဘူး သူကြီး၊ သူများ ပရော်ဖက်ရှင်နယ်နေလို့ နယ်နေတာ၊ ဝမ်းရေးအတွက် အဓိကအလုပ်ပါ'

'ဝမ်းရေးအတွက် ဟိုဒင်း ဒီဘောလုံးက'

'ဟုတ်တယ် သူကြီး၊ အခု ကျွန်တော်တို့ ဘောလုံးကန်နေကြတာ အပျော်တမ်း၊ ကျန်းမာရေးအတွက် အားကစားလုပ်ကြတာ၊ ဒီနေ့ နိုင်ငံတော်က အရှိန်မြှင့်ကူးပြောင်းလိုက်တာ ပရော်ဖက်ရှင်နယ် အဆင့်'

သူကြီး ဦးစံပ အပါအဝင် ဘောလုံးသမားတွေရော ဝါသနာရှင်တွေရော မြန်မာနေရှင်နယ်လိဂ်ပြိုင်ပွဲတွင် ပထမဦးဆုံး ဒိုင်းရခဲ့သည့် ရတနာပုံအသင်းအား ကြိုဆိုဂုဏ်ပြုရာမှ ပြန်ခဲ့ကြသည်။ ပထမအကြိမ်ပြိုင်ပွဲ၌ ပထမရသည့် ကိုယ့်တိုင်းကို ဂုဏ်ပြုကြ ကြိုဆိုကြအားပေးကြဟု လှုံ့ဆော်သည်။ မလှုံ့ဆော်လည်း သူကြီးဦးစံပကတော့ သွားမည် ကြိုမည် ဂုဏ်ပြုမည်ဟု ရည်ရွယ်ပြီးသား။





သတင်းစာနှင့် အားကစားဂျာနယ် အပေါင်းများ သယ်သယ်လာပြီး ဆရာတင်မောင်ထွန်းက ဖတ်နိုင်းသည်။ ဗဟုသုတအလို့ငှာ ရှင်းပြသည်။ ကိုယ်မသိသော်လည်း ဘက်ခမ်းကို ရင်းနှီးနေသည်။ ရှုနီ၊ ဗီဒစ်၊ ပေါ်စခိုး၊ ဒေါင်းနှင်း၊ တောရက်၊ ဂျူရက်၊ ဖန်ဒါဆားတို့ကို အကျွမ်းတဝင် ရှိနေသည်။

ပွဲသဏ္ဌာန်ကြည့်ပြီး ကိုယ့်အသင်းသားတွေကိုပင် ကမ္ဘာကျော်တွေ၏ နာမည်ပေးထားသည်။

ကုလားက ရှုနီ၊ မောင်မောင်သွင်က ဒိုလေး၊ ပြုံးချိုက ဂျိုကိုး။ လှတင်က လမ်းပတ်၊ ထွန်းခင်က ဗီခေးလ်၊ မင်းသူက ကာလ်ပေါး။

ရွှေလင်းယုန်အသင်းနှင့် တတိယအကြိမ် ဆုံတွေ့စဉ် ပြုံးချိုကို ဂျိုကိုး၊ ဂျိုကိုးဟု အော်ပြီးအားပေးသည်။ ကြင်ဥတို့အုပ်စုကို ဒိုးနွယ်သားတွေက နာခေါင်းရှုံ့သည်။ ဂျိုကိုးမဟုတ်ဘူးဟေ့ ချိုကျိုး၊ ချိုကျိုးဟု ပြန်နောက်သည်။ ပြုံးချိုကို နွားနှင့်နှိုင်းရမလားဆိုပြီး မြလေးစိန်ဒေါပွမိသည်။

လှတင် မိန်းမ သောင်းကြည်က သူ့လင်ကို လမ်းပတ်နှင့် အနှိုင်းခံရ၍ ပြုံးနေသည်။ နှစ်ယောက်တည်း အေးအေးဆေးဆေးနေချိန် သူ့လင် လှတင်ကို လှတင်ဟုပင် မခေါ်။ ကိုလမ်းပတ်… ကိုလမ်းပတ်ဟုပင် မြတ်မြတ်နိုးနိုးခေါ်သည်။ တစ်လမ်းတည်းလမ်းတစ်ပတ်တည်းပတ်နေသော လှတင်က သောင်းကြည်ကိုပင် စိတ်ပျက်လာရသည်။ 'ငါ့မိန်းမ ဒီလောက်စွဲလမ်းရင် နောက်မွေးတဲ့ကလေးက လမ်းပတ်နဲ့တူနေတော့မှာ သေချာတယ်'ဟု စိတ်ပျက်စကား ဆိုမိသည်။

'ဟဲ့… ကောင်မ သောင်းကြည်၊ ညည်းလင်က လမ်းပတ် ဟိုဂျပုမ ခင်စိန်ရည်းစားက ကာလ်ပေါးဆိုတော့ ငါ့လူကြီးကျတော့ ဘယ်လိုခေါ်မလဲ'



www.burmeseclassic.com

www.burmeseclassic.com



ခုချိန်ထိ ကမ္ဘာကျော်တွေနှင့် နှိုင်းယှဉ်မခံရသည့် စံမြအတွက် ကြင်ဥက နာမည်တောင်းသည်။ စံမြကိုလည်း နာမည်တစ်လုံးနှင့် ထက်ပေါ်စေချင်ဟန်တူသည်။ သောင်းကြည်က မျက်လုံးလေးထောင့်ကပ်၊ မေးဖျားကို လက်ညှိုးနှင့်ထောက်လျက် စဉ်းစားဟန်ပြုသည်။

'ရပြီ… ရပြီ၊ ညည်းလင်က ဖာဒီနန်'

'ဘယ်လိုဟဲ့၊ ဖာ… ဒီ… နန်၊ ညည်းဟာက ဖာကြီးပါနေတာ မဟုတ်သေးပါဘူး'

'အောင်မယ်၊ တော် ဘာနားလည်လဲ၊ အဲဒီနိုင်ငံတွေမှာ ဖာပါမှ အလုပ်ဖြစ်တာ၊ ဖာဒီနန်တဲ့၊ ဖာဂူဆန်တဲ့၊ ဖာဘာရီဘက်တဲ့၊ တော်မကြားဖူးဘူးလား'

'ဟင့်အင်း'

'အဲဒါကြောင့် ဂျာနယ်တွေဖတ်ပါလို့ ပြောတော့ မဖတ်ဘူး'

'ဟဲ့… ငါက စာမတတ်ဘူးလေ'

'မတတ်လည်း ပုံကြည့်၊ သူများမေး၊ အဲ… ပုံကြည့်ဆိုလို့ ဟိုနေ့က ဂျာနယ်ထဲမှာ ဟိုကောင် ဂူခုန်းမျက်နှာပေါက်နဲ့ ဘောလုံးသမား၊ အဲ… ဘယ်သူတဲ့ ဟိုဒင်း… ဟိုဒင်းဟာ… ရူးနီ… ရူးနီ၊ အဲဒီကောင်ရဲ့ဟာမ နာမည်တော့မေ့နေတယ်၊ ဗိုက်ကြီးတစ်ခွဲသားနဲ့မော်တော်ဘုတ်ကြီးခွစီးနေတာ၊ ကျုပ်တော့ အဲဒီပုံကြည့်ပြီး အသည်းယားလိုက်တာ'

'ညည်းက ဘာအသည်းယားရပြန်လဲ'

'အနေအထိုင်မတတ်တာ ပြောပါတယ်၊ မတော်ကလေးထွက်ကျမှဖြင့်'

ကြင်ဥနှင့် သောင်းကြည်က ရောက်မိရောက်ရာပြောရင်း သဘောကျရယ်မောလိုက်သည်။ ကမ္ဘာကျော် ဘောလုံးသမားများက ကျေးရွာအရောက် ခရီးပေါက်နေရာ ဘောလုံးသမားတွေ၏ မူရင်း





နာမည်က တဖြည်းဖြည်းစုတေကုန်သည်။ သူတို့နှုတ်ဖျားတွင် ပြုံးချိုနာမည်မရှိတော့။ ဂျိုကိုးဖြစ်နေသည်။ ဖာဒီနန်ဖြစ်နေသည်။ ပေါစခိုးဖြစ်နေသည်။

စီပိုင်းရွာသူတွေက သူတို့လူတွေကို အမွှမ်းတင်တော့ တစ်သက်လုံး အခဲမကျေသည့် ရွှေလင်းယုန် ပရိသတ်က နာမည်ပျက်ပြီး ပြန်ခေါ်သည်။

ဂျိုကိုးကို ချိုကျိုးတဲ့။

လမ်းပတ်ကို လမ်းပျောက်တဲ့။

ရူးနီကို ခွေးဘီလူးတဲ့။

စီပိုင်းရွာသူတွေက ထွန်းဆင့်ဘောလုံးသယ်သွားလို့ မီးခေးလ်မီခေးလ်ဟုခေါ်လျှင် ရွှေလင်းယုန်အသင်းသားတွေက မီးသူခိုး မီးသူခိုးဗျို့ဟု ထအော်သည်။ ကိုစံမြ ဘောလုံးနောက်လိုက်လျှင် ဖာလာပြီဖာလာပြီဟု ဝိုင်းအော်သည်။ ကြင်ဥမခံနိုင်။ ထဘီစွန်တောင်ဆွဲပြီး ကက်ကက်လန်ရန်တွေ့သည်။

ဤ၍ ဤမျှ ဘောလုံးနတ်ပူးဝင်နေသော စီပိုင်းရွာသားများအားပေးမှုကြောင့် အသင်း၏ အနေအထား တိုးတက်လာသည်။ ငါးရာသီ ငါးနှစ်အတွင်း မြို့နယ်ဥက္ကဋ္ဌ ရှုံးထွက်ဖလားပင် ရယူနိုင်ခဲ့သည်။

ထိုဖလားရသည့်နှစ်က ဦးစံပ အဘယ်မျှ ဝမ်းသာသည်ကို မြင်ရုံနှင့်သိသာသည်။ ဖလားကြီးခေါင်းပေါ်တင်လျက် မြို့တစ်ပတ်ပတ်ကသည်။ ဘောလုံးပွဲပြီး၊ ဖလားယူပြီးသည့်တိုင် ရွာမပြန်နိုင်သေး။ တစ်မြို့လုံးလှည့်ကြွားရသည်မှာ မိုးစင်စင်လင်းမှ ရွာပြန်ရောက်သည်။ ရွာရောက်သော်လည်း မအိပ်နိုင်သေး။ အောင်ပွဲခံရန်ချက်ချင်းစည်းဝေး ချက်ချင်းအကောင်အထည်ဖော်သည်။ ထွန်းပနှင့်အေးမောင်ကို လွှတ်ပြီး မန္တလေးအငြိမ့်ငှားခိုင်းသည်။ ထိုနေ့က သူမသိ၊ ကိုယ်မသိရခဲ့သည့် ငွေငါးသိန်း အကုန်ခံပြီး သူ့လူတွေကို ဂုဏ်ပြုခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



ဘောလုံးပိုးထသည့် ဦးစံပကို ပိုးမျိုးရှစ်ဆယ် ပိုးမျိုးတစ်ရာ ဖမ်းစားအောင် ပရော်ဖက်ရှင်နယ်က ဖမ်းစားလိုက်သည်။ တစ်မြို့လုံး တစ်နယ်လုံး အုံးအုံးကျွတ်ကျွတ်ကြိုဆိုသည့် မြင်ကွင်းကြောင့် ဦးစံပ ကြက်သီးဖြန်းဖြန်းထခဲ့သည်။ ငါ့မျိုး ဟူသည့် အတွေးက သူ့တစ်ကိုယ်လုံး ယားကျိကျိဖြစ်စေသည်။ အပြန်ခရီးတွင် ဆရာဦးတင်မောင်ထွန်း ရှင်းပြသည်ကို အသေးစိတ် မှတ်သားခဲ့သည်။

ပရော်ဖက်ရှင်နယ်ဟူသော နတ်ဆိုးက ဦးစံပကိုယ်တွင် ဝင်ပူးပြီး 'ဟဲ့… စံပ နင် ဘာတွေးနေတာလဲ၊ ဘာငိုင်နေတာလဲ၊ ဘာနှောင့်နှေးနေတာလဲ၊ ခုချက်ချင်း ပရော်ဖက်ရှင်နယ်လိုက်လေ' ဟု အမိန့်ပေးသည်။ သူကြီး ဦးစံပ စိတ်ကူးယဉ်အိပ်မက်တွေ တသီကြီး ဆက်မက်ဖြစ်တော့သည်။

'ဒီကိစ္စက မဖြစ်လောက်ဘူး သူကြီး'

'ဘာဖြစ်လို့လဲ'

စီပိုင်းရွာအသင်းကို အပျော်တမ်းအဆင့်မှ ပရော်ဖက်ရှင်နယ်အဆင့် ကူးပြောင်းလိုကြောင်း သူကြီးပြောလာတော့ ဆရာတင်မောင်ထွန်း မျက်လုံးပြူးသွားသည်။ ကလေးတစ်ယောက်နှယ် ပေါ့ပေါ့လေးတွေးလိုက်သော သူကြီးကို သနားစရာသတ္တဝါအဖြစ် ကြည့်ပြီး သနားနေသည်။

'ဘာလို့မဖြစ်လဲဆိုရင် အဓိကအချက်က ငွေပဲ၊ ငွေကြေးမကာဝ်နိုင်တာ'

'ငွေဘယ်လောက်လိုလို့လဲ ဆရာ'





'ရော်… ခက်ခက်ရချည်ရဲ့' ဟု တွေးပြီး ခပ်ဖော့ဖော့ရယ်လိုက်သည်။

'ခု၊ ဆယ်၊ ရာ၊ ထောင်၊ သောင်း၊ သိန်း၊ သန်း၊ ကုဋေ… အဲ… ကုဋေပြီးတော့ ကုဋာဖြစ်မလားမသိဘူး၊ ကုဋာဟိုဘက်တော့ ကျွန်တော်လည်း မခေါ်တတ်ဘူး၊ အဲလောက်ချမ်းသာဖို့လိုတယ်'

'ကျုပ် နားလည်အောင် ရှင်းရှင်းပြောပြစမ်းပါ ဆရာ'

'ကိုင်း… မပြောခင် ကျွန်တော် မေးမယ်၊ သူကြီးက လယ်ပိုင်ရှင်သူဌေးဆိုတော့ လယ်ဘယ်နှဧက ပိုင်လဲ'

'လယ်ဧကနှစ်ရာဗျာ၊ ကုန်းမြေဆယ်ဧကလောက်ရှိတယ်'

'လယ်ဧက နှစ်ရာရောင်းရင် ဘယ်လောက်ရမလဲ'

'တစ်ဧက ဆယ်သိန်းဝန်းကျင်ဆိုတော့ သိန်း နှစ်ထောင်ရနိုင်တာပေါ့'

သူကြီးက သူ၏ ချမ်းသာကြွယ်ဝမှုကို ဂုဏ်ယူဝင့်ကြွားစွာ ရင်ကော့ထုတ်ဖော်လိုက်သည်။

သိန်းနှစ်ထောင်ဟု လက်ချိုးထောင်ပြောလိုက်ချိန်တွင် ဆရာတင်မောင်ထွန်းဟာ စိတ်ပျက်လက်ပျက်ဟန်ဖြင့် ခေါင်းခါရမ်းသည်။

'အဲဒီနှစ်ထောင်က အာမခံကြေးသဘော တင်နိုင်ရုံပဲ'

'ဗျာ… ဘယ်လို… ဘယ်လို'

'ကျွန်တော် နားလည်သလောက် ပြောပြမယ်နော်၊ အခုဂျာနယ်တွေထဲမှာ ဖတ်ရတာတော့ အသင်းထူထောင်တဲ့ ပိုင်ရှင်တွေက ဘောလုံးအဖွဲ့ချုပ်ကို သိန်းနှစ်ထောင်သွင်းရတယ်၊ ဘဏ်မှာအပ်ရတာပေါ့'

'ဘာအတွက်လဲ'

'အသင်းခိုင်မာအောင်လို့ပေါ့၊ ဂရန်တီခေါ်မလားပဲ၊ အဲဒါမှ အသင်းထူထောင်ခွင့်ပေးတယ်၊ ကိုင်း… သူကြီးချမ်းသာကြွယ်ဝတဲ့ စည်းစိမ်က အဲဒါနဲ့ကုန်ပြီ'



www.burmeseclassic.com

www.burmeseclassic.com



သူကြီးဦးစံပ တွေဝေသွားသည်။ အလိုမကျဟန်ဖြင့် ငိုင်လျက် စဉ်းစားနေသည်။

'အသင်းဖွဲ့ပြီးတာနဲ့ အဆင့်ရှိတဲ့ ဘောလုံးသမားတွေ ခေါ်ရတော့မယ်၊ ဘောလုံးသမားတစ်ယောက် အဆင့်မီမီ ခေါ်ချင်တယ်ဆိုရင် သိန်းလေးငါးဆယ်ပေးရမယ်၊ ပြီးတော့လခက ၁၀သိန်း၊ တစ်လဆယ်သိန်းနော်'

'အင်း··· တစ်ယောက်ဆယ်သိန်းဆိုရင် အသင်းသား ဆယ့်တစ်ယောက်ဆိုတော့ သိန်းတစ်ရာကျော်'

'ဒါနဲ့ မလုံလောက်ဘူးလေ၊ အရန်ကစားသမားတွေခေါ်ရမယ်၊ အနည်းဆုံးလူနှစ်ဆယ်အစိတ်ရှိရမယ်'

'ထားပါ ဆရာရယ်၊ တစ်လသိန်းနှစ်ရာဆိုလောက်ပြီပေါ့'

ဘောလုံးသမားပေးဖို့လခပင် တွက်ကြည့်နေ၍ မျက်လုံးပြူးသွားပြန်သည်။

'ဒါနဲ့ မပြတ်သေးဘူး သူကြီး၊ ဒီဘောလုံးသမားတွေရဲ့ စားရေးသောက်ရေး နေထိုင်ရေး၊ ကျန်းမာရေး၊ အားလုံးတာဝန်ယူရမယ်'

'ဟုတ်လား၊ ဒါတွေပါလား ဆရာ'

'အဟဲ··· ပါတာပေါ့ သူကြီး၊ အခု သူကြီးခေါ်ကန်နိုင်းတဲ့ ဘောလုံးသမားတွေအတွက် ဒီအပိုင်းစဉ်းစားစရာမလိုဘူး၊ ကိုယ့်အိမ်မှာကိုယ်နေ၊ လေ့ကျင့်ချိန်လာလေ့ကျင့်၊ ဘောလုံးပွဲနီးတော့ တစ်ပတ်ဆယ်ရက်စုပေါင်းလေ့ကျင့်၊ ပြီးတော့ ကန်ခိုင်း၊ ဒါက အပျော်တမ်းအဆင့်မှာ ရတယ်၊ ပရော်ဖက်ရှင်နယ် အဆင့်ကျတော့ ဒီလိုမရတော့ဘူး၊ သူကြီးကလည်း စီးပွားရေးလုပ်ငန်းလို စီမံကိန်းတွေချလုပ်ရမယ်၊ ဘောလုံးသမားတွေကလည်း စီးပွားရေးလုပ်ငန်းသဘော တိတိကျကျ လုပ်ရမယ်'





'ဟုတ်ပြီ၊ ကျွန်တော် သိပြီ၊ ပရော်ဖက်ရှင်နယ်ဖြစ်ဖို့ သိန်းသောင်းချီ မြှုပ်နှံရမယ်ဆိုပါတော့'

'အဲဒါကြောင့် ပြောတာ၊ တော်ရုံတန်ရုံ လုပ်ငန်းရှင်တွေ မလုပ်နိုင်တဲ့ ကိစ္စမျိုးပါ၊ ဒါက မြန်မာပြည်အနေနဲ့ ပြောတာ၊ ဟိုမှာဆို ဒီထက်မက ရင်းနှီးရတယ်'

'ပြောပါဦး'

'အသင်းတစ်သင်းဝယ်ဖို့တောင် ဒေါ်လာသန်းရာချီပြီး ဝယ်ရတယ်၊ တကယ့်ဘီလျံနာသူဌေးကြီးတွေသာ လုပ်နိုင်တဲ့ အလုပ်မျိုး သူကြီးရေ'

ပရော်ဖက်ရှင်နယ်အဆင့် ကူးပြောင်းလိုသည့် သူကြီးဦးစံပကို မမီတဲ့ပန်းတုံးခုမလှမ်းပါနဲ့ဟု ဖြေသိမ့်လိုက်ရသည်။

'ဗျာ··· ဘာဖြစ်တယ် ကိုထွန်းပ၊ ပရော်ဖက်ရှင်နယ်အဆင့် ကူးပြောင်းဖို့ ရန်ကုန်သွားလေ့လာခိုင်းတယ် ဟုတ်လား'

'ဟုတ်တယ် ဆရာရယ်၊ ဆရာကလည်း အာပေါက်အောင် ရှင်းပြတာပဲ၊ ကျွန်တော်လည်း ကျွန်တော် သိသလောက်ပြောတာပဲ၊ ကျွန်တော့်ဦးလေးက လုပ်ချင်ပြီဆို ဇွတ်တရွတ်၊ ရွာမှာ ဘောလုံးအသင်းဖွဲ့ဖို့လုပ်တော့ တစ်ရွာလုံးက သဘောမကျဘူး၊ အထူးသဖြင့် ဒေါ်လေး ဒေါ်ရွှေမှုံ၊ ဒေါ်လေးက အရူးလို့တောင် ပြောတာ'

'အင်းပေါ့'

'အဲလိုပြောတော့ ဘာပြောတယ်ထင်လဲ၊ ရူးမှ ထူးတာတဲ့၊ ထူးမှတော်တာတဲ့၊ တော်မှ တိုးတက်တယ်တဲ့၊ တိုးတက်ချင်သူဟာ ရူးချင်ရူး၊ မရူးချင် ထူးရမယ်ဆိုပြီး ဇွတ်တိုးလုပ်တာပဲ၊ ခုလည်း ပရော်ဖက်ရှင်နယ်အဆင့်ကို မဖြစ်ဖြစ်အောင် ကူးမယ်တဲ့



www.burmeseclassic.com

www.burmeseclassic.com



'မြတ်စွာဘုရား'

'အမှန်ပဲ ဆရာရေ၊ ဒီဖြစ်ကတော့ ဘုရားတရမယ့် အနေအထားပဲ၊ စီးပွားပျက်မဲ့ကိန်းပဲ'

ဆရာတင်မောင်ထွန်းနှင့် ထွန်းပ ဆက်မဆွေးနွေးနိုင်ဘဲ အတန်ကြာငိုင်နေသည်။ ပေပေါင်းများစွာမြင့်သည့် တောင်ကုန်းကို အပြေးတက်ရသည်ထက် မောပန်းသလို ခံစားရသည်။ ပရော်ဖက်ရှင်နယ်အဆင့် ကူးပြောင်းဖို့ ရင်းနှီးမြှုပ်နှံရမည့် ငွေကြေးအတိုင်းအတာနှင့် သူကြီးပိုင်ဆိုင်သည့် ငွေပမာဏ နှိုင်းယှဉ်ကြည့်သည်။ ဗီးစေ့နှင့် မြင်းမိုရ်တောင် မဟာသမုဒ္ဒရာကို လက်ပစ်ကူးသူအဖို့ အန္တရာယ်များပါဘိ။

အေးမောင်၊ လှတင်၊ စံလှ၊ ပြုံးချို၊ မှတ်ကြီးနှင့် မောင်မောင်သွင်သည် သူကြီး ခေါ်နိုင်းလိုက်သည်ဆို၍ ထွန်းပနှင့်အတူ လိုက်လာသည်။ ဘာအကြောင်းများပါလိမ့်ဟု တွေးနေသော်လည်း ဘောလုံးကိစ္စကလွဲ၍ အခြားမဖြစ်နိုင်မှန်းသိသည်။

သူတို့ရောက်သွားသည်နှင့် လှလေးစိန်နှင့် မြလေးစိန်က ကွမ်း၊ ဆေး၊ လက်ဖက် တည်ခင်းဧည့်ခံသည်။ သူကြီးက ခင်လေးစိန်ကိုပါ ခေါ်နိုင်းလိုက်ပြန်သည်။

'အခုခေါ်နိုင်းတာက မင်းတို့ဟာ ငါ့လက်ရင်းလူတွေ၊ သေဖော်သေဖက်ရှိမယ့်လူတွေဆိုပြီး ခေါ်တွေ့တာ၊ ပြောရရင် မိသားစုစိတ်နဲ့ ခေါ်တာ၊ ဒြော်... ကြားဖြတ်ပြောရဦးမယ်၊ ငါက ပွင့်ပွင့်လင်းလင်းသမား၊ ပြောစရာရှိရင် ဟောဟောဒိုင်းဒိုင်း ပြောတတ်ပေမဲ့ စိတ်ထားကောင်းကောင်းထားတယ်'

'ကျွန်တော်တို့ နားလည်ပါတယ် သူကြီး'





အေးမောင်စကားကို အသိအမှတ်ပြုကြောင်း ခေါင်းညိတ်သည်။

'မောင်ပြုံးချိုနဲ့ မြလေးစိန် ကိစ္စ'

'ဗျာ'

ပေါ်ပေါ်တင်တင် ပြောလိုက်၍ ပြုံးချိုမျက်နှာပျက်သွားသည်။ ဆက်ပြောလာမည့် စကားကို မကြားဝံ့။ 'မင်းနဲ့ ငါ့သမီး မတန်ဘူး၊ မင်းမိဘတွေရဲ့ ရာဇဝင်အရ မပေးစားနိုင်ဘူး' ဟု ပြောလေမလား။ ပြောလာရင် ဘာပြောရမလဲဟု တဒင်္ဂအတွင်း တွေးပူသွားသည်။ စကားမပြောဘဲ ရပ်ထားသည့် ကာလသည် ကမ္ဘာပျက် ကာလမျှ ကြာသည်ကို ထင်မိသည်။

'မင်းတို့လူငယ်ချင်းကိစ္စ ငါသိပါတယ်၊ သဘောမတူစရာ မရှိပါဘူး'

ရင်ထဲဆို့တစ်နေသည့် အလုံးကြီး ပြုတ်ကျသွားသဖြင့် ပေါ့ပါးသွားသလိုဖြစ်သွားသည်။ အံ့သြဝမ်းသာသည့် အမူအရာဖြင့် လှည့်အကြည့်တွင် မြလေးစိန်နှင့် မျက်နှာချင်းဆုံလိုက်သည်။ ပျော်သွားကြသည်။

'မိဘဆိုတာ သားသမီးအရေးကို ကြည့်ရတာပေါ့၊ သမီးရှင်ဆိုတော့ ပိုစဉ်းစားရတယ်၊ သမီးနဲ့ပေါင်းမဲ့သမက်က လူကောင်းလား လူဆိုးလား လူညံ့လား လူတော်လား လေ့လာရတယ်၊ မောင်ပြုံးချိုက လူတော်တော့ မဟုတ်သေးဘူး၊ လူကောင်းတော့ လူကောင်း၊ တော်အောင် ချွန်အောင် ကြိုးစားရဦးမယ်'

'ဟုတ်ကဲ့ပါ ဘဘ'

'အေး... ဒီနေ့ကိစ္စက ငါ့မိသားစုအရေးလည်းပါတယ်၊ မင်းတို့အရေးလည်းပါတယ်၊ ပြောရရင် တို့တစ်ရွာလုံး အရေးလို့လည်း ပြောနိုင်တယ်၊ဒီအရေးကို ဆောင်ရွက်ဖို့က ငါ စွန့်စားရမယ်'



www.burmeseclassic.com

www.burmeseclassic.com



သူကြီးဦးစံပ အလေးအနက်ထားပြောနေသည်ကို အားလုံးက အာရုံစိုက်နားစွင့်နေသည်။ စောင့်ရသည့်ဒုက္ခကို ကြာရှည်သည်းမခံနိုင်ဟန်ဖြင့် အေးမောင်က ရေနွေးတစ်ခွက်ငှဲ့သောက်သည်။ စိတ်လှုပ်ရှားနေမှုကို ဖြေသိမ့်ဟန်။

'လိုရင်းပြောရရင် ငါ ပရော်ဖက်ရှင်နယ်အဆင့် ကူးချင်တယ်'

'ဗျာ'

'မဖြစ်နိုင်အောင် ခက်ခဲမှန်း ငါသိရပြီ၊ ဆရာဦးတင်မောင်ထွန်းပြောပြလို့ တော်တော်များများ သိထားပြီ၊ မှန်တာပြောရင် မလုပ်သင့်တဲ့ အလုပ်ပဲ၊ ဒါပေမဲ့ ငါ လုပ်မယ်'

'စဉ်းတော့ စဉ်းစားပေါ့ သူကြီးရယ်'

'အေး… စဉ်းစားပြီးလို့ မင်းတို့ကို ခေါ်တိုင်ပင်တာ၊ ဒီအလုပ်လုပ်ရင် ငါ့စီးပွားပျက်သွားနိုင်တယ်၊ ဘဝပျက်သွားနိုင်တယ်၊ မင်းတို့ ငါနဲ့အတူ ဘဝပျက်ခံနိုင်လား'

နားထောင်နေသူအားလုံး အထိတ်တလန့် အမူအရာနှင့် ခေါင်းထောင်ကြည့်သည်။ ရုတ်ခြည်းမဖြေနိုင်။

'ကဲ… တိုက်ရိုက်ဆိုင်တဲ့လူတွေ အရင်မေးပါဦးမယ်၊ အဖေတို့ စီးပွားပျက်မဲ့ အလုပ် အဖေလုပ်မယ်၊ သမီးတို့ ဘယ်လိုသဘောရလဲ'

'မပြောတတ်ဘူး အဖေ'

လှလေးစိန်က မဝံ့မရဲ ပြန်ဖြေသည်။

'မပြောတတ်ဘူးလို့ မရဘူး သမီးတို့၊ ဆင်းရဲသွားတဲ့ဒဏ် ခံနိုင်ပါ့မလားလို့ ကိုယ့်ကိုယ်ကိုယ် ပြန်မေးကြည့်ပါ'

'ဒီကိစ္စက သမီးတို့ ပြောစရာမလိုဘူး ထင်တယ်၊ အဖေက





သမီးတို့ အဖေပဲ၊ အဖေ ကောင်းတယ်ထင်ရင် သမီးတို့လည်းကောင်းပါတယ်'

မြလေးစိန် အဖြေကို သဘောကျဟန်ဖြင့် ပြုံးလျက် ခေါင်းညိတ်လိုက်သည်။

'ဒီလိုစည်းစိမ်ဖြစ်အောင် အဖေ ဓားမတစ်လက်နဲ့ လုပ်ခဲ့တာ၊ ဒီစည်းစိမ်ကို လှူချင်လည်းလှူနိုင်၊ ပေးချင်လည်းပေးနိုင်တဲ့ အခွင့်အရေး အဖေ့မှာ ရှိပါတယ်၊ ဒါပေမဲ့ အဖေ့ကို အားပေးမယ့်လူလိုတယ်'

'အဖေ ဘာလုပ်လုပ် သမီးတို့ အားပေးနေတာပဲ'

'ဟုတ်လိုက်လေ သမီးကြီးရာ၊ အဖေ တကယ်အားရှိသွားတာပဲ၊ ကိုင်း… ငါ့လူတွေကရော'

'ကျွန်တော်တို့လည်း အားပေးပါတယ် သူကြီးရာ'

'ဒါ… ငါ နားလည်တယ်၊ ခုအနေအထားက အားပေးရုံတင် မကဘူး၊ အနစ်နာခံရမယ့်ကိစ္စ၊ ပြောရရင် မင်းတို့လုပ်ခမယူဘဲ နေနိုင်လား'

အားလုံးက တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်သည်။ ချက်ချင်းအဖြေပေးဖို့ ခက်သည့်အလုပ်။ သို့သော် အေးမောင်က ခေါင်းညိတ်လိုက်သည်။

'ကျေနပ်တယ်၊ ငါကျေနပ်တယ်၊ လက်ရင်းလူတွေက ငါ့ကို အပြည့်အဝ အားပေးတာ ကျေနပ်တယ်၊ လူဆိုတာ စွန့်စားဖို့လိုတယ်ကွ၊ ဆင်းရဲတာကို မကြောက်ရဘူး၊ ဒုက္ခရောက်မှာ တွေးမလန့်ရဘူး၊ ဒါမှ အောင်မြင်တဲ့လူဖြစ်မယ်လို့ ငါတော့ ယုံကြည်တယ်'

'ဟုတ်ကဲ့'

'ငါ အခုလုပ်မယ့်အလုပ်က စွန့်စားမှုရမယ်၊ ဆုံးရှုံးဖို့ရာခိုင်နှုန်း များမယ့်စွန့်စားမှုပဲ၊ အဲဒီစွန့်စားမှုအောင်မြင်ရင်တော့ တို့ရွာကြီး



www.burmeseclassic.com

www.burmeseclassic.com



တိုးတက်မှာ အမှန်ပဲ၊ အေး… ရွာတိုးတက်ဖို့ ငါ စွန့်စားမှာပဲ'

'သူကြီးသဘောယား ကျွန်တော်တို့ သိပါတယ်၊ တစ်ရွာလုံး ကလည်း သိပါတယ်၊ ငိုယ်ကျိုးစွန့်တဲ့သူကြီး နောက်က ကျွန်တော် တို့ လိုက်မှာပါ'

'ကြိုက်ပြီ၊ ကျေနပ်ပြီ၊ ဒါဆို ငါ ပရိအဆင့်ကူးဖို့ ဆုံးဖြတ် လိုက်ပြီ၊ အေး… ဒီဆုံးဖြတ်ချက်နဲ့အတူ ပျော်ရွှင်တဲ့အထိမ်းအမှတ် အနေနဲ့ သမီးမြလေးစိန်နဲ့ မောင်ပြုံးချိုကိစ္စ စီစဉ်ပေးမယ်'

'ဟို… ဟိုဒင်း… ကျွန်တော်တို့ကိစ္စက ဒီလောက်အရေး မကြီးပါဘူး၊ ဘဘက သဘောတူတယ်ဆိုရင် ပြီးတာပါပဲ'

'ဟ… တူရမှာပေါ့၊ တူတာပေါ့ မောင်ပြုံးချို၊ ဘောလုံး အသင်းထူထောင်ကတည်းက မင်းအနေအထား စောင့်ကြည့်ခဲ့တာ၊ မင်းက ငါလိုလားတဲ့ ပုံစံရှိသူပဲ'

'ဝမ်းသာပါတယ် ဘဘ၊ ကျွန်တော် ဘဘနဲ့အတူ အေးအတူ ပူအမျှ တစ်သက်လုံးနေသွားမှာပါ'

သူကြီးဦးစံပက အလွန်ကျေနပ်ပီတိဖြစ်ဟန်ဖြင့် ပြုံးလိုက် သည်။ သူ့အစီအစဉ်ကို ရှင်းပြပြီး အဆုံးသတ်စကားပြောသွားသည်။

'မင်းတို့သဘောသိချင်လို့ မေးကြည့်တာပါ၊ ဘယ်သူ့လုပ်ခ မှ မဖြတ်ပါဘူး၊ ငါနဲ့ လက်တွဲတာပဲ ကျေနပ်လှပါပြီ'



## အခန်း(၁၄)

လက်ယက်သဲတွင်း၌ ရေစပ်ခပ်နေသည့် ကြင်ဥ ကြောပြင် ကို ဖြန်းခနဲ ရိုက်ချလိုက်သည်။

'အောင်မလေးတော့၊ ဟဲ့… မသာမ… အဲလောက် လုပ်ရ လား၊ ကြောကိုစပ်သွားတာပဲ'

'အဟိ… ဝမ်းသာလို့ပါတော်'

ဂျမ်းစိန်က ပယ်ပယ်နယ်နယ် ရိုက်ပြီးမှ ဝမ်းသာစကားပြော သည်။ ထို့နောက် သဲတွင်းအနီးတွင် ကြင်ဥနှင့်မျက်နှာချင်းဆိုင် ထိုင် လိုက်သည်။

'ညည်းက ဂဏန်းကျင်းပေါ် ငုတ်တုတ်ထိုင်မိလို့ ဝမ်းသာ ရတာလား'

'အဟီး… အဲဒီကျင်းပေါ်ထိုင်မိရင် ဝမ်းသာမလားတော်၊ ဟိုက တွင်းဝထွက်လာပြီး ညှပ်လို့ အော်လိုက်ရမယ့်အမျိုး၊ အဟီး ကျုပ်ဝမ်းသာတာ တော့်လူကြီးအတွက်'

'ငါ့လူ ကိုစံမြက ဘာဖြစ်လို့လဲ'

'ဟင်… ကိုယ့်လူဘာဖြစ်လို့ဖြစ်မှန်းတောင် မသိဘူးလား'

'အောင်မလေး စဉ်းစားချိန် မရပါဘူးတော်၊ လင်မယားအဲ အပျိုဘဝနဲ့ နေတုန်းက စိတ်ကူးယဉ်လို့ရသေးတယ်၊ ခုတော့ စိတ်ကူး ယဉ်ချိန်မပြောနဲ့ လုပ်လိုက်ရတာ ထဘီမကပ်နိုင်ဘူး'



www.burmeseclassic.com

www.burmeseclassic.com



ဂျမ်းစိန်က တခစ်ခစ်ရယ်ရင်း ကြင်ဥပေါင်ကို လှမ်းပုတ်လိုက်သည်။ 'ဟောဒီမိန်းမ ပြောရင် တုတ်ထိုးအိုးပေါက်'ဟု ပြောလိုက်ပြန်သည်။

'ကဲ… ပြောပါဦး၊ ငါ့လူ ဘာဖြစ်လဲ'

'တော့်လူကြီး ပရော်ဖက်ရှင်နယ် ဖြစ်သွားပြီလေ'

'ဘာလဲဟဲ့ ပရော်ဖက်ရှင်နယ်'

'တော်ကလည်း လူတိုင်းပြောနေတာ မသိဘူးလား၊ ပရော်ဖက်ရှင်နယ်ဆိုတာ ပရော်ပြီး ဖက်ဖက်ပြီး နယ်တာဖြစ်မှာပေါ့'

'ဟာ… နားမလည်ပါဘူး'

'မလည်ရင်မှတ်ထား၊ ပရော်ဖက်ရှင်ဆိုတာ ပရင်ဖက်ရှော်တဲ့၊ ပရင်ဖက်ရှော်ဖြစ်တော့ ငွေရတာပေါ့တော်'

'ဟုတ်လား ပြောပါဦး၊ ဘယ်လောက်ရလဲ'

'တစ်လ ဆယ်သိန်း'

'ဟမ်… တကယ်လား၊ ဆယ်သိန်းတောင်'

'တစ်လ ဆယ်သိန်းရတာ ဟိုဒင်းလေ ရန်ပိုင်တို့၊ စိုးမြတ်မင်းတို့၊ တော့်လူကတော့ အဲသလောက် ရချင်မှရမှာ'

'အေးပေါ့၊ ငါ့လူက နုသေးတာကိုး၊ ဆယ်သိန်းမရလည်း ကိစ္စမရှိပါဘူး၊ ခုနစ်သိန်းလောက်ဆို တော်ပါပြီ'

'အဲလောက်တော့မရသေးဘူး ထင်တယ်၊ ဟိုလူတွေက နိုင်ငံ့လက်ရွေးစင်၊ တော့်လူက ရွာလက်ရွေးစင်တောင် ကျားကန်ထားရတာ'

'အေးပါဟယ်၊ ခုနစ်သိန်းမရလည်း ငါးသိန်းတော်ပါပြီ၊ တစ်လ ငါးသိန်းဆို ဘာပဲပြောပြော ရွှေတစ်ကျပ်သားလုပ်လို့ ရတယ်၊ တစ်လတစ်ကျပ်သား၊ တစ်နှစ်ဆယ့်နှစ်ကျပ်သား၊ ဆယ်နှစ်ဆို တစ်ပိဿာကျော်ပဲ၊ ဆယ်ပိဿာဆိုရင် ငါ့လည်ပင်း ညွှတ်ကျရော'

'အဲသလို ဝတ်လို့ ဘယ်ဟုတ်မလဲ၊ လည်ပင်းမှာ တစ်ကုံးနှစ်ကုံးဆွဲ၊ လက်ကောက်နှစ်ရံလောက်ဝတ်၊ ဆန္ဒရှိရင် ခြေကျင်းလုပ်





ဦး၊ မန်းသူတွေလို ခြေကျင်းတဝင်းဝင်းနဲ့'

'အေးဟဲ့…၊ နင်ပြောတာ ကောင်းတယ်၊ ဟဲ့… ကောင်မ ငါ့ခြေထောက်နဲ့ ခြေကျင်း လိုက်ပါ့မလား'

'မလိုက်ဘူးထင်ရင် ရွှေပြားခပ်ပြီး ဖုံးထားပေါ့'

'ဘယ်လိုဖုံးရမှာလဲ'

'တော်ဖုံးချင်တဲ့နေရာ ဖုံးပေါ့'

ဂျမ်းစိန်က အကြံပေးသလိုလိုနှင့် မျက်စပစ်ပြလိုက်၍ ကြင်ဥက ရေမှုတ်နှင့် လှမ်းရိုက်လိုက်သည်။ ဂျမ်းစိန်က ရှောင်လိုက်ပြီး လျှာထုတ်ပြောင်လိုက်သည်။

'ဟုတ်တယ်၊ ဟိုက ဘယ်လောက်ရမှန်းမသိသေးဘူး၊ သူက ဝတ်ဖို့စားဖို့ ဇယားချနေပြီ'

'အဟီး… မိန်းမသားကိုဟဲ့၊ ဝတ်ချင်တာပေါ့၊ လှလှပပဝတ်၊ ကြွကြွရွရွနေပြီး ကိုစံမြပြန်လာချိန် အိုး… ဒါလင်ဆိုပြီး အဟိ'

ဂျမ်းစိန်က တခစ်ခစ်ရယ်ပြီး 'အဲဒါကြောင့် တော့်ကိုပြောကြတာ' ဟုဆိုလိုက်သည်။ ကြင်ဥက 'ဘာပြောတာလဲ'ဟု မေးသည်။

'ဟိုလေ… တော်တို့တောင်ပိုင်းက ဖိုးထိန်နဲ့ ဖိုးမှတ် နွားကျောင်းရင်း ပြောနေတာ'

'အေး… ဘာပြောလဲ'

'သူတို့နှစ်ယောက်က ကျူပ် နောက်ရောက်နေတာ မသိဘူးလေ၊ တိုးတိုး တိုးတိုးနဲ့'

'အင်း… ဘာတွေပြောနေလဲ'

'ကိုစံမြကြီးက ဂိုဏ်းကောင်းကောင်း၊ ဗလကလည်း ကျားကိုးစီး စားမကုန်တဲ့ဗလတဲ့'

စံမြကို ချီးကျူးသဖြင့် ကြင်ဥ ပြုံးလိုက်သည်။

'မကြင်ဥကလည်း ရွှေဘိုမင်းသမီးကြိုက်၊ တောင့်မှတောင့်တယ်မှတယ်တဲ့'



www.burmeseclassic.com

www.burmeseclassic.com



'အပေါ်း'

'အဲဒီဗလမောင်နဲ့ ဗလမယ် တွေ့လိုက်လို့ကတော့ အွတ်ခနဲ နေမှာပဲတဲ့'

'မသာကောင်တွေ ပေါက်ကရလေးဆယ်'

'အွတ်ခနဲ မမြည်ရင် ဘယ်လိုမြည်မလဲ'

'ဘွတ်အဲလိုပေါ့၊ ဟင်း… ငါ မပြောချင်ဘူး'

'အပေါ်း…ဟီး…ဘွတ်…ဘွတ်…မှတ်မိပြီ၊ ဘွတ်… အဲ'

'ဟဲ့ကောင်မ… နောက်မနေစမ်းနဲ့၊ နေဦး ညည်းပြောတဲ့ ပရော်ဖက်ရှင်နယ်က ငါ့လူကြီးပဲလား'

'ဘယ်ဟုတ်မလဲတော့၊ ကိုအေးမောင်၊ ကိုလှတင်၊ ကိုမှတ်ကြီး၊ ကိုစံလှ၊ မောင်မောင်သွင်၊ ပြုံးချို၊ အဲဒီအဟာခဲတွေပါမှာပေါ့'

'ဒါဆို သူတို့လည်း ရကြမှာပေါ့'

'ဒါပေါ့ မရဘဲ နေမလား၊ ပြုံးချိုက ခုတောင် ရသွားပြီ'

'ဟယ်… တကယ်'

'ရော်… ဒီလောက်စပ်စုတဲ့တော်ကြီးက ဒီတစ်ခါ ခေတ်နောက်ကျလှချည်လား၊ ပြုံးချိုနဲ့ မြလေးစိန် ညားသွားပြီလေ'

'မဟုတ်တာ၊ ဘာသံညာသံ မကြားရဘဲနဲ့'

'အဲဒါပြောတာ၊ သူကြီးက ခမ်းခမ်းနားနား မင်္ဂလာဆောင်ပေးမလို့တဲ့၊ ပြုံးချိုနဲ့ မြလေးစိန်က အဖေအသိအမှတ်ပြုရင်ပြီးတာပါပဲ၊ မင်္ဂလာပွဲလုပ်မနေနဲ့၊ အဲဒီမင်္ဂလာဆောင်လို့ ကုန်မှာ အဖေ့ပရော်ဖက်ရှင်မှာ သုံးလိုက်ဆိုလို့ ပြီးသွားတာ'

'အဟုတ်… သွားပါပြီအေ'

'ရော်… တော်က ပြုံးချိုယူမလို့ စိတ်ကူးနေတာလား'

'ဟ… ဒီကောင်မ ပေါက်ကရပြောတော့မယ်၊ မြလေးစိန်တို့ လက်ထပ်ရင် ငါက ကြိုးတားမယ်၊ သမန်ကာချန်ကာကြေးနဲ့ မရဘူးလို့ ပြောထားတာအေ့'





'တော်တားလို့မရတော့ဘူး၊ ပြုံးချိုနဲ့ မြလေးစိန်တို့ အိမ်ပေါ် ရောက်နေပြီ'

'ဖြစ်မှဖြစ်ရလေဟယ်၊ တစ်သက်မှာတစ်ခါ မင်္ဂလာယူရတဲ့ ကိစ္စ၊ တို့မိန်းမသားတွေက ဒါလေးဂုဏ်လုပ်ရတာ'

'မင်္ဂလာဆောင်တာက ခေတ်မမီတော့ဘူးလေ၊ ခေတ်က ပရော်ဖက်ရှင်နယ်ခေတ်တဲ့'

'ညည်းတို့ဟာကြီး တို့နားမလည်ပါဘူး'

'တော်က ခေတ်နောက်ကျနေပြီ၊ တစ်ရွာလုံး ပရော်ဖက်ရှင်နယ်ဖြစ်နေတာ၊ နောင်ဆို ရည်းစားထားတာတောင် ပရော်ဖက်ရှင်နယ် ဆန်ဆန် ထားရမယ်တဲ့'

'အဲဒါ ဘယ်လိုလဲ'

'ဟိုး… အနောက်နိုင်ငံကလူတွေက အရင်လက်မထပ်ဘူး၊ လက်မထပ်ခင် အတူတူနေကြတယ်တဲ့၊ ဖယားကိုက်မှ လက်ထပ်တာ'

'ဘယ်လိုဟဲ့၊ လက်မထပ်ဘဲ အတူတူနေတယ် ဟုတ်လား'

'ဟုတ်တယ်တဲ့၊ အတူတူနေပြီး ကလေး နှစ်ယောက် သုံးယောက် ရပြီး အိုကေမှ လက်ထပ်တာ'

'အောင်မလေး မဖြစ်ပါဘူးအေ၊ မအိုကေရင် မိန်းမသားက ဒုက္ခရောက်ပြီပေါ့၊ မကြိုက်ပါဘူး'

'ဒါဆို ကိုစံမြကြီးနဲ့ အိုကေအောင်နေပေါ့ အပေါ်း'

ဂျမ်းစိန်က နောက်လိုက်သဖြင့် ကြင်ဥက ခပ်ထားသည့်ရေနှင့် လှမ်းပက်လိုက်သည်။ နှစ်ယောက်သား တခိုးခိုးတခိခိ ရယ်နေစဉ် ချောင်းတစ်ဖက်ကမ်းမှ ဆင်းလာသည့် ပြုံးချိုတို့စုံတွဲကို ဖျတ်ခနဲ လှမ်းမြင်လိုက်သည်။ 'သူတို့ကတော့ အိုကေနေပြီ' ဟု ကြင်ဥက မှတ်ချက်ချလိုက်သည်။ ဂျမ်းစိန်က 'အိုကေရုံတင်မကဘူး၊ အွတ်ခနဲ အသံမြည်သွားသတဲ့ တော်ရေ' ဟုပြောပြီး ပြေးထွက်သွားတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



ဆရာတင်မောင်ထွန်းနှင့် ထွန်းပသည် ရှေ့တွင် လက်ဖက်ရည်ပွဲကြီးချလျက် ငိုင်နေသည်။ လက်ဖက်ရည်လည်း မသောက်ဖြစ်။ စကားလည်းမပြောနိုင်။ အကြံရကျပ်ဟန်ဖြင့် ခေါင်းသာတဖျင်းဖျင်းကုပ်နေသည်။

'ဒီကိစ္စ မဖြစ်နိုင်မှန်းသိလို့ ကျွန်တော်လည်း အတန်တန်ဖျက်နေတာပဲ'

'ဟုတ်တယ်၊ ဦးလေးကလုပ်ချင်ရင် ဖွတ်တရွတ်၊ ခုလည်း ဘာလုပ်မလို့ မိုးကုတ်တက်သွားတာလဲ မသိဘူး'

'မိုးကုတ်မှာ ဘယ်သူရှိလို့လဲ'

'အဲဒီမှာ ကျောက်သူဌေးတစ်ယောက်ရှိတယ်၊ ဦးဘခင်တဲ့၊ အရင်က စပါးပွဲစား၊ ဆန်စက်ပိုင်ရှင် ကျုပ် ဦးလေးနဲ့ ဟိုးအရင်နှစ်သုံးလေးဆယ်ကတည်းက လက်တွဲလာတာ၊ ဒီရွာကထွက်သမျှစပါးအားလုံး ဦးလေးက ဝယ်ပေးရတယ်၊ ဝယ်ပေးရတယ်ဆိုပေမဲ့ လယ်ရှိတာက ဦးလေးတစ်ယောက်ပဲ ခပ်များများရှိတာ မဟုတ်လား'

'သဘောပေါက်ပြီ၊ အဲဒီပုဂ္ဂိုလ်ဆီက ငွေသွားချေးတာဖြစ်မယ်'

'ဒီလိုပဲ ထင်တာပဲ၊ ခက်တာက ဒီလောက်ငွေများများ ဟိုက ချေးပါ့မလား'

'ဟုတ်သားပဲ'

'အရင်ကသာ စီးပွားရေးဆက်စပ်မှုရှိတာ၊ အခုအဆက်အဆံမရှိတော့ ပိုဆိုးရော'

'ကျုပ်ပြောတာ အဲဒါပဲ ကိုထွန်းပ၊ မဖြစ်နိုင်တာ မလုပ်နဲ့၊ ကိုယ့်အနေအထားဟာ အပျော်တမ်းအဆင့်တောင် လုပ်ရတာမလွယ်ဘူး၊ တော်တော်စိတ်ဝင်စားလို့သာ ဒီအလုပ်ထလုပ်တာ'

'ဦးလေးက သူ့ရွာကို သိပ်တိုးတက်စေချင်တာ၊ ဖြစ်နိုင်ရင် ဟောဒီစိုင်းရွာကို တာဝတိံသာလို ဖန်တီးပစ်ချင်တာ၊ ခက်တယ်၊ ကျွန်တော် ရင်လေးနေတာက နှမလေးဘွေအတွက်ပါ'





သူကြီးက တူဖြစ်သူကို ဆရာတင်မောင်ထွန်းနှင့် ညှိနှိုင်းပြီးလိုအပ်တာ စီစဉ်ထားပါဟု ပြောပြီး မိုးကုတ်တက်သွားသည်။ တားလည်းမရ။ အနေအထားက အဆင်မပြေပါစေနှင့်ဟု ဆုတောင်းနေရုံသာ။

'ဟော… ဆရာလေးဦးတင်အောင် ဘယ်ကလှည့်လာလဲ'

'ဒီပဲ လာတာ၊ သူကြီးသတင်းကြားလို့'

'ပရော်ဖက်ရှင်နယ် ကိစ္စမဟုတ်လား'

'အဲဒါပေါ့၊ သူကြီးစိတ်ဓာတ်က ဘာလို့များ ဒီလောက် ပြင်းထန်လွန်းပါလိမ့်'

'သူလုပ်တာက အောင်မြင်ခဲ့တာကိုး ဆရာလေးရဲ့၊ ဘောလုံးအသင်းဖွဲ့တော့ ဒေါ်လေးကလည်း ပြင်းပြင်းထန်ထန် ကန့်ကွက်တယ်၊ ရပ်ရွာကလူကြီးတွေကလည်း တားတယ်၊ တခြားလုပ်ဖို့ဆိုရင် ဆေးခန်းတွေဆောက်၊ ကျောင်းတွေဆောက်၊ အဲလိုပြောတယ်၊ ဒါကိုလက်မခံဘူး၊ ဘောလုံးအသင်းထဖွဲ့တယ်၊ ကံလေးလိုက်ချင်တော့ တစ်နှစ်တာကုန်တဲ့စရိတ်က လောင်းကြေးနဲ့ ပြန်ရတာကိုး'

'အင်း… ဖြစ်ရမယ်'

'လေးငါးနှစ်အတွင်း ဒိုင်းဆုရတဲ့အပြင် ငွေကြေးကလည်း ရတော့ သူလုပ်ရင် ဖြစ်မယ်လို့ ထင်သွားမှာပေါ့'

'အဲဒါ ကျုပ်ရဲ့ပယောဂလည်းပါတယ်၊ မဖြစ်ဘူး မိတ်ဆွေကောင်းပီပီ တားရမှာပဲ၊ မလုပ်ဖြစ်အောင် တားရမယ်'

မှူလက နှစ်ယောက်တည်း ခေါင်းရှုပ်နေရာ ဆရာဦးတင်အောင် မထင်ဘဲ ရောက်လာ၍ သုံးယောက်သား ခေါင်းစားသွားတော့သည်။ သုံးယောက်ခေါင်းချင်းဆိုင်လျက် ပရော်ဖက်ရှင်နယ်ကိစ္စတားဖို့ တိုင်ပင်ရတော့သည်။



www.burmeseclassic.com

www.burmeseclassic.com

## အခန်း(၁၅)

'ဟော… သူကြီးပြန်လာပြီ'

ရွာထိပ်ညောင်ပင်ကြီးအောက်ရှိ ရွာတော်ရှင်နတ်စင်အနီးတွင် ကစားနေသည့် ကလေးအုပ်ထဲမှ တစ်ယောက်က အော်ပြီးပြေးသွားသည်။ ကစားနေသည့် ကျန်ကလေးများ ကစားလက်စဖြတ်ပြီး ညာသံပေးလျက် ပြေးသွားကြသည်။ ဝဝတုတ်တုတ်နှင့် ချစ်စရာရုပ်သွင်ရှိသော ကလေးတစ်ယောက်ကမူ ကော်ဘောလုံးလေးကိုင်လျက်အဝေးဆီသို့ လှမ်းမျှော်ကြည့်သည်။

'ဘိုးဘိုး'

ကလေးငယ်၏နှုတ်မှတိုးတိုးရေရွတ်ရင်း အဘိုးအိုထံ လျှောက်သွားသည်။

'ဟော… ငါ့မြေးတွေ အနာဂတ်ရဲ့သားကောင်းတွေ၊ လာကြလာကြ မင်းတို့အားလုံးကို မုန့်ဝေပေးမယ်၊ မဆူနဲ့၊ မလုနဲ့၊ တစ်ယောက်ချင်းတန်းစီ၊ အဲ… ဟုတ်ပြီ၊ စည်းကမ်းရှိရှိနဲ့ အဲလိုနေမှပေါ့ ငါ့မြေးတို့ရ၊ ရော့… ဟောဒီဝတုတ်ကြီးအတွက် မုန့်တစ်ခု'

'ဟေး… ဘိုးဘိုးကြီး ကျန်းမာပါစေ'

'အဟား… ဟား… ပေးတဲ့ဆုနဲ့ ပြည့်ပါစေ၊ အဟေး… ကျန်းမာမှ အလုပ်လုပ်နိုင်မယ်၊ အလုပ်လုပ်မှ ချမ်းသာမယ်၊ ချမ်းသာ





မှ ပရော်ဖက်ရှင်နယ်အသင်းကြီး ထူထောင်နိုင်မှာကွ၊ ကဲ… နောက်တစ်ယောက်'

အနက်ရောင် ဘောင်းဘီတို၊ အနက်ရောင် ရှပ်အင်္ကျီလက်တိုကို ဝတ်ထားပြီး လည်ပင်းတွင် ခရာတစ်ခုချိတ်ထားသည်။ အင်္ကျီရင်ဘတ်တွင် တံဆိပ်မျိုးစုံကို တပ်ဆင်ထားသည်။ ကျောပေါ်တွင်မူ ဘောလုံးတစ်လုံးကို ကျောပိုးအိတ်ထဲထည့်ပိုးထားသည့် အဘိုးအိုက ကလေးတွေကို မုန့်တစ်ခုစီ ဝေပေးနေသည်။

တဖြည်းဖြည်းလျှောက်လာသည် ကလေးငယ်ကို ဟန်ပါပါ မျှော်ကြည့်လိုက်သည်။ အဓိပ္ပာယ်ပါပါ တစ်ချက်ပြုံးသည်။ ထို့နောက် လည်ပင်းမှ ခရာကိုဖြုတ်ယူလျက် ဟန်ပါပါ မှုတ်လိုက်သည်။

'တွီ… တွီ… တွီ…'

ခရာကို တတွီတွီမှုတ်လျက် ညာလက်ကို မြှောက်၊ တံတောင်ဆစ်ကွေး၊ လက်သီးဆုပ်ထားပြီး အမြန်လာဟူသော အဓိပ္ပာယ်နှင့် ကွေးချီဆန့်ချီ လုပ်သည်။

'ဟော့… အမိန့်ပေးနေတယ်လေ၊ ပြေးခဲ့၊ မြန်မြန်ပြေးခဲ့၊ လက်ရွေးစင်အားကစားသမားဆိုတာ သွက်သွက်လက်လက် ဖျတ်ဖျတ်လတ်လတ်ရှိရတယ်၊ ဘောလုံးကြီးကိုင်ပြီး ငိုင်နေလို့ ဘာမှဖြစ်မလာဘူး၊ ပြေးလာခဲ့၊ ပြေးခဲ့'

အဘိုးကြီးက ပြေးလာရန် အမိန့်ပေးသော်လည်း ကလေးကမူ မလှုပ်မယှက် လျှောက်လာသည်။ အဘိုးကြီးက မျက်မှောင်ကြုတ်ကြည့်သည်။ စိတ်မရှည်ဟန်ဖြင့် ခေါင်းခါရမ်းသည်။

'ပြေးခဲ့လေ မြေးရ၊ ဘာလဲ၊ ပြေးမလာချင်ဘူးလား၊ မင်းမလာရင် ငါပြေးလာသကွာ'

အဘိုးကြီးသည် ကလေးရှိရာသို့ ခါးကုန်းလေးဖြင့် ပြေးလာပြီး ကလေးရှေ့ရောက်သည်နှင့် ရပ်လိုက်သည်။ လက်ထဲမှ မုန့်တစ်



www.burmeseclassic.com

www.burmeseclassic.com



ခုကို ကလေးအားပေးပြီး ဖောင်းအိနေသည့် ပါးပြင်လေးနှစ်ဖက်ကို အညင်အသာ ဆွဲလိမ်လိုက်သည်။

'ဒီနေ့ တော်တော်လေ့ကျင့်ပြီးပြီလား'

'ဟုတ်ကဲ့'

'ဒါမှ ငါ့မြေးကွ၊ ဖအေ့ခြေရာမှီအောင် လုပ်ရမယ်၊ ပရော်ဖက်ရှင်နယ်ခေတ်ဆိုတာ သူများထက်သာမှဖြစ်မယ်၊ များများလေ့ကျင့်၊ ကိုင်း… ဘိုးဘိုးနဲ့တစ်ပွဲလောက် ကန်မလား'

'ပြန်ကြမယ် ဘိုးဘိုး'

'ဘာလဲ မင်းက ကြောက်နေသလား'

'မေမေနဲ့ ဖေဖေ စိတ်ပူနေမယ် ဘိုးဘိုး'

'အောင်မာ… ဘာစိတ်ပူစရာရှိလဲ ငါ့မြေးရ၊ ဘိုးဘိုးနဲ့ မြေးက တေလေဂျပိုးထိုးနေတာမှ မဟုတ်တာ၊ လေ့ကျင့်နေတာ'

မြေးဖြစ်သူကလေးက ပြောချင်ရာပြောနေသည့် ဘိုးဘိုးကို ကြည့်ပြီး စိတ်ရှုပ်နေဟန်တူသည်။ အဘိုးအိုကမူ အရာရာကို ဥပေက္ခာပြုထားသည့်အလား…။

'ဟော့… အဖွဲ့သားတွေ ဒီကိုလာကြစမ်း'

အဘိုးကြီးက နောက်လှည့်ကြည့်ပြီး ကလေးငယ်တွေကို လှမ်းခေါ်သည်။ ကလေးငယ်တွေက အလုအယက် ပြေးလာပြီး အဘိုးအို၏ ဘေးတွင် ဝိုင်းပတ်ရပ်သည်။

'ဒီမယ် ငါ့လူတို့၊ ဟောဒီနေရာမှာ ဘာလုပ်နေကြတာလဲ'

'လေ့ကျင့်နေတာ'

'အမှန်ပဲ၊ ဘယ်သူ့အတွက်လေ့ကျင့်တာလဲ'

'စီပိုင်းရွာအတွက်'

'ဘာဖြစ်ဖို့လဲ'

'ပရော်ဖက်ရှင်နယ် ဖြစ်ဖို့ပါ'





'ကောင်းပြီ၊ တို့ရဲ့ဘော်များ အဲဒါ မြဲမြဲမှတ်ထား၊ ပရော်ဖက်ရှင်နယ်ခေတ်ကြီးကို ထူထောင်ရမယ်၊ ကိုင်း… သံချပ်တိုင်မယ်၊ ဘာလုပ်နေလဲ'

'လေ့ကျင့်နေတယ်'

'ဘယ်သူ့အတွက်လဲ'

'စီပိုင်းရွာအတွက်'

'ဘာဖြစ်ဖို့လဲ'

'ပရော်ဖက်ရှင်နယ်ဖြစ်ဖို့'

'ဟုတ်ပြီ၊ အမှတ်စဉ်ဆို'

'တစ်၊ နှစ်၊ သုံး၊ လေး၊ စီပိုင်းရွာသား'

'မှတ်စဉ်… မှတ်စဉ်ဆို'

'တစ်၊ နှစ်၊ သုံး၊ လေး၊ စီးပိုင်ရွာသား စီပိုင်းရွာသား'

အဘိုးကြီးက တိုင်ပင်တိုင်ပေးပြီး ကလေးငယ်တို့က သံပြိုင်ညီညီဆိုလျက် ကခုန်နေသည်။

ထိုအသံကို ရွာထိပ်ကကြားလျှင် သူကြီးဦးစံပ ပြန်လာမှန်းသိသည်။ ရွာသူရွာသား အားလုံး ရွာထိပ်မှ ထွက်ကြိုကြသည်။ တစ်ရွာလုံးအပေါ် စေတနာရှေ့ထားလုပ်ဆောင်သည့် သူတို့သူကြီးကို ကြည့်ပြီး စိတ်မကောင်းဖြစ်နေကြသည်။

ပြုံးချိုနှင့် မြလေးစိန်သည် အသံကြားသဖြင့် အပြေးအလွှား ရောက်လာသည်။ လူအုပ်ကို ဖောက်ထွက်ကျော်လွှားလျက် ညောင်ခင်ဆီသို့ ပြေးလာသည်။ သားလေးပြုံးရန်ပိုင်ကို ချီပိုးလျက် ကခုန်အော်ဟစ်နေသည့် ဖခင်ကြီးထံ ပြေးသွားကြသည်။

'အဖေ'

'ဟော… မင်း ဒီနေ့ ထရိန်နင်မဆင်းဘူးလား'



www.burmeseclassic.com

www.burmeseclassic.com



'ဆင်းပြီးပြီ အဖေ၊ နည်းပြက ဖြုတ်လိုက်လို့ အဖေ့လာကြို တာ'

'အေး… တိုးတက်ချင်သူဟာ ကြိုးစား၊ ခိုင်မြဲတဲ့ ခွဲသတ္တိနဲ့ လုပ်၊ ကြားလား'

'ဟုတ်ကဲ့ပါ'

'ကဲ… တိုင်ပင်ဆိုကြဦးစို့'

'အဖေ မောနေပါပြီ၊ နောက်နေ့မှ ဆိုကြတာပေါ့'

ပြုံးချိုနှင့် မြလေးစိန်က ဖခင်ကြီးကို တစ်ယောက်တစ်ဖက် တွဲလျက် ခေါ်လာသည်။ သူကြီးဦးစံပကမူ ဝင့်ကြွားဂုဏ်ယူသည့် အမူအရာဖြင့် ရွာဆီသို့ လျှောက်လာခဲ့ပေသည်။

သူကြီးဦးစံပ၏ အခြေအနေကို စောင့်ကြည့်နေသော ရွာသားတွေမှာ သူကြီးကိုကြည့်ပြီး စိတ်မကောင်းနိုင်။

အပျော်တမ်းအဆင့်မှ ပရော်ဖက်ရှင်နယ်အဆင့် ကူးပြောင်းဖို့ အကောင်အထည်ဖော်ရင်း ဘဝပျက်ရသည့် သူကြီးအတွက် စိတ်မကောင်း။ အကျိုးအကြောင်းသိသူတွေက အဖြစ်အပျက်ပြောပြသည်။

တစ်ချိန်က သူကြီးနှင့် စီးပွားဖက် လုပ်ကိုင်ဖူးသော ဦးဘခင်ရှိရာသို့ ဦးစံပ ရောက်သွားသည်။ မိုးကုတ်မြို့တွင် ကျိုကျိုတက်ချမ်းသာသည့် ဦးဘခက်နှင့် အလွယ်တကူပင်တွေ့သည်။ မိတ်ဟောင်းဆွေဟောင်းတွေဖြစ်သဖြင့် ပျူပျူငှာငှာ ကြိုဆိုသည်။

'ကိုင်း… ဘာလာလုပ်လဲ သူကြီး၊ ကျုပ်ဆီ အလယ်သက်သက်လာတာလား၊ အောက်မေ့သတိရလို့ အလယ်လာတယ်ဆိုရင် ဒီမှာ ပျော်သလောက်သာနေ၊ ခင်ဗျားရဲ့ ကျေးဇူးတွေ ကျုပ်မှာ အများ





ကြီးရှိတယ်၊ ဒီစည်းစိမ်ဖြစ်လာအောင် ပံ့ပိုးပေးတာ သူကြီးပဲ၊ သူကြီး ကျေးဇူးကို ပြန်ဆပ်ရမယ်'

ဤစကား ကြားလိုက်သည်နှင့် သူကြီးဦးစံပ အားတက်သွားသည်။ အခြေအနေက ကူညီနိုင်သည့် အနေအထားရှိသဖြင့် အကျိုးအကြောင်းရှင်းပြလိုက်သည်။ သူကြီးထံက စကားကြားသည်နှင့် ဦးဘခင်က အားပါးတရ ရယ်သည်။

'သူကြီးရာ… ခင်ဗျားကို ဘယ်သူမြှောက်ပေးလို့ ဒီစိတ်ကူးရတာလဲ၊ မဟုတ်ကဟုတ်က မကြံဆစမ်းပါနဲ့'

'ဘယ်သူမှ မြှောက်မပေးပါဘူး ဦးဘခင်၊ ကိုယ့်အသိနဲ့ကိုယ် လုပ်တာ'

'အဟ… ခင်ဗျားက စီးပွားရေးသမားပါ သူကြီး၊ တစ်သက်လုံး ရိုးရိုးသားသား ရှာခဲ့တဲ့ စီးပွားရေးက ခင်ဗျားတစ်သက်စားမကုန်တော့ဘူး၊ ခက်ခက်ခဲခဲ ရှာဖွေတဲ့ပစ္စည်းကို အလကား မဖြုန်းတီးစမ်းပါနဲ့'

ဦးဘခင်က ဖျက်သည်ကိုပင်ခေါင်းသွက်သွက်ခါလိုက်သည်။

'ဒီပရော်ဖက်ရှင်နယ်ဆိုတာ စီးပွားရေးလုပ်တာပါ'

'ဘောလုံးနဲ့ စီးပွားရှာမှာလား၊ နေစမ်းပါဦး၊ သူကြီးက အဲဒီလောကအကြောင်း ဘာသိလို့လဲ'

'သိတန်သလောက် သိပါတယ်'

'စီးပွားရေးလုပ်ငန်းဆိုတာ သိတန်သလောက်နဲ့ မရဘူး သူကြီး၊ ဒီလုပ်ငန်းနဲ့ပတ်သက်ပြီး အသေးစိတ် နားလည်ရမယ်၊ ဂဃနဏ သိထားရမယ်၊ ဒီမယ် သူကြီး၊ လယ်လုပ်ငန်း စိတ်ပျက်လို့ ဖြုတ်ချင်တယ် တခြားစီးပွားရေးလုပ်မယ်ဆို ကျွန်တော်နဲ့ လာလက်တွဲ၊ ကျုပ် အလုပ်မှာ စီးပွားရေးလုပ်ဖို့ ငွေမြုပ်နှံ'

'မဟုတ်သေးဘူး၊ ကျုပ်လုပ်ချင်တာက ပရော်ဖက်ရှင်နယ်'



www.burmeseclassic.com

www.burmeseclassic.com



ဦးဘခင်က မိတ်ဆွေကောင်းပီပီ ဖျက်ကြည့်သည်။ ကောင်းသော အကြံဉာဏ်ပေးသည်။ သို့သော် သူကြီး စိတ်ထဲတွင် ပရော်ဖက်ရှင်နယ်မှ ပရော်ဖက်ရှင်နယ်ဖြစ်နေ၍ စိတ်ပျက်သွားသည်။

'ကိုင်း… သိပ်လုပ်ချင်ရင် ခင်ဗျားကို ကူညီမယ်၊ ဒါပေမဲ့ ဒီလုပ်ငန်းနဲ့ပတ်သက်လို့ ခင်ဗျားသိသင့်တာတွေ သိရအောင် ကျွမ်းကျင်တဲ့လူတွေနဲ့ တွေ့ပေးဦးမယ်၊ ဒီမှာ အေးအေးဆေးဆေးနေတော့'

ဦးဘခင်သည် ပရော်ဖက်ရှင်နယ်နှင့်ပတ်သက်၍ သိထားသူတွေနဲ့ တွေ့ပေးသည်။ မန္တလေးအထိ ဆင်းပြီးလေ့လာသည်။ ထိုသို့လေ့လာမှ ပို၍အရစ်တက်သွားကာ လုံးလုံးလျားလျား ဆုံးဖြတ်ချက်ချလိုက်ပေတော့သည်။

ဆယ်ရက်ခန့်အကြာတွင် ဦးဘခင်နှင့်အတူ သူကြီးဦးစံပ ပြန်ရောက်လာသည်။ ဦးစံပက သူပိုင် လယ်ယာမြေများနှင့် သူပိုင်ဘောလုံးအသင်းကို ဦးဘခင်အား ပြသည်။ သူ့အသင်းက ရထားဖူးသည့် မြို့နယ်ဥက္ကဋ္ဌဖလားကို ဂုဏ်ယူဝင့်ကြွားစွာ ထုတ်ပြသည်။ ဦးဘခင်က စိတ်မဝင်စားသော်လည်း အောင့်အည်းသည်းခံ နားထောင်သည်။ ဦးတင်မောင်ထွန်းနှင့်တိုင်ပင်လျက် ပရော်ဖက်ရှင်နယ်အဆင့် ကူးပြောင်းရေး အစီအစဉ်ကို လက်လျှော့ရန် ပြောသည်။

'ကျုပ်က မိတ်ဆွေကောင်းတစ်ယောက်အနေနဲ့ မဖြစ်သင့်တာ မဖြစ်အောင် ဟန့်တားတာပါ၊ သိပ်လုပ်ချင်တယ်ဆိုရင်တော့ ကူညီရတာပေါ့'

ဤသို့နှင့် သူကြီးဦးစံပ မိုးကုတ်တစ်ခေါက်ပြန်တက်သွားသည်။ ဦးဘခင်၏ အိမ်ရောက်ချိန်တွင် သူကြီးလိုသည့်ငွေပေးရန်





ချက်လက်မှတ်စာအုပ် ထုတ်ယူလာသည်။

'ကဲ… ကိုစံပ၊ ခင်ဗျားနဲ့ ကျုပ်က ပြောစရာတော့ မဟုတ်ဘူး၊ ဒါပေမဲ့ လုပ်ငန်းက လုပ်ငန်းနဲ့တူအောင် လုပ်ဖို့လိုတယ်၊ ခင်ဗျားလိုတဲ့ငွေ ကျုပ်ထုတ်ပေးမယ်၊ ဒါပေမဲ့ လယ်တွေတော့ ပေါင်ရောင်းသဘော စာချုပ်ချုပ်ပေးထားရမယ်'

'ရတယ်ဗျာ'

'လွယ်လွယ်ကူကူ မပြောနဲ့ ကိုစံပ၊ ခင်ဗျားလယ်တန်ဖိုးက နှစ်ထောင်ကျော်ပဲရှိမယ်၊ ဒါပေမဲ့ ကျုပ်က မိတ်ဆွေအနေနဲ့ သုံးထောင် သတ်မှတ်ပေးမယ်၊ ဒီလယ်တွေ ခင်ဗျားကိုယ်တိုင်လုပ်ပေး၊ စရိတ်စက ခင်ဗျားခံ၊ သီးနှံထွက်တော့ ကျုပ်လာသိမ်းမယ်၊ ဒါကို သဘောတူကြောင်း စာချုပ်ချုပ်ပေးရမယ်'

'ရတယ်ဗျာ'

'ဒီလောက် လွယ်လွယ်ကူကူ မရနဲ့ ဦးစံပ၊ ခင်ဗျားက ဒီငွေနဲ့ အလုပ်လုပ်လို့ မရသေးဘူး၊ ကျန်ငွေကို ဘယ်လိုရှာမလဲ'

'ခင်ဗျား ထပ်ချေးပေါ့'ဟု ပြောလိုက်ချင်သော်လည်း နှုတ်က မထွက်လာ။ အဘယ်စကားမျိုး ပြောရမည်ကို စဉ်းစားနေသည်။

'ကိုစံပ… အခက်အခဲ သိပါတယ်၊ လိုအပ်တဲ့ငွေ ကျုပ် ထပ်ချေးမယ်၊ ဒါပေမဲ့ သီးခြားစာချုပ်တစ်ခုတော့ ထားရလိမ့်မယ်'

'ရတယ်ဗျာ'

'ကိုစံပ လွယ်လွယ်ကူကူ မပြောပါနဲ့၊ ကျုပ်က ငွေချေးမယ် ဆိုတိုင်းလည်း အလွယ်တကူ မယူချင်ပါနဲ့'

'ကျုပ် အလုပ်လုပ်ချင်တယ်'

'နားလည်တယ်လေ၊ မဖြစ်မနေလုပ်ချင်တာ ကျုပ်သိတယ်၊ ငွေကြေးအတိုင်းအတာက သိပ်များလွန်းတော့ ခင်ဗျား အခက်အခဲဖြစ်မှာ စိုးရိမ်တယ်'



www.burmeseclassic.com

www.burmeseclassic.com



'ခင်ဗျား ကူညီပါ'

'ကူညီမှာပါ၊ အောင်မြင်အောင်လုပ်ဖို့လည်း ကျုပ် တိုက်တွန်းတယ်၊ ဒါပေမဲ့ အလုပ်သဘောသက်ရောက်အောင် စာချုပ်ရမယ်၊ အဲဒီစာချုပ်နဲ့ သိန်းငါးထောင်ထပ်ထုတ်ပေးမယ်၊ အားလုံး သိန်းရှစ်ထောင်ပေါ့'

'ရတယ်··· ရတယ်'

အတင်းနားပူနားဆာလုပ်နေသည့် သူကြီး ဦးစံပနှင့် စာချုပ်ချုပ်ဆိုပြီး ပရော်ဖက်ရှင်နယ်အဆင့်ကူးပြောင်းနိုင်ရန် ငွေချေးပေးလိုက်သည်။ သူကြီး ဦးစံပ ငွေထုပ်ယူပြီး ပြန်လာခဲ့တော့သည်။

သူကြီးဦးစံပက ပါလာသည့် ငွေထုပ်ကို ဆရာတင်မောင်ထွန်းရှေ့ ချလိုက်သည်။

'ကိုင်း··· ပရော်ဖက်ရှင်နယ်အဆင့် ကူးလို့ရပြီ၊ ကျုပ်လူတွေကို နတ်ဘုံတင်ပေးတော့မယ်၊ ကျုပ်ရွာကို တာဝတိံသာပို့တော့မယ်၊ ဒီမြို့မှာ စံပရဲ့ရွာက ထိပ်တန်းပဲဆိုတာ လိုချင်တယ်၊ ကြားချင်တယ်'

သူ့ရှေ့လာချပေးသည့် ငွေထုပ်ကို ဆရာတင်မောင်ထွန်းက ပြန်တွန်းပို့လိုက်သည်။

'ဝမ်းနည်းပါတယ် သူကြီး၊ ဒီအလုပ်ကို ကျွန်တော် ငြင်းပါရစေ'

'ဗျာ··· ဘယ်လို··· ဘယ်လို'

'ဟုတ်တယ် ဦးလေး၊ ဦးလေးနိုင်းတာ မညည်းမညူလုပ်ခဲ့တယ်၊ ကျွန်တော်လည်း ဒီတစ်ခါတော့ ငြင်းပါတယ်'





'ဘာ··· ထွန်းပ၊ ငါလုပ်တာ မကောင်းတဲ့အလုပ်လား၊ ဒီရွာတိုးတက်ဖို့လုပ်တာ'

'ဟုတ်ပါတယ် ဦးလေး၊ ဦးလေးလုပ်တာ တကယ်ကောင်းပါတယ်၊ ဦးလေးစေတနာလည်း တစ်ရွာလုံးက လေးစားပါတယ်၊ ဒါပေမဲ့ ဒီတစ်ခါတော့ ဘယ်သူမှ လက်ခံကြမှာ မဟုတ်ပါဘူး'

ဦးစံပသည် သူ့ဘေးတွင် ဝိုင်းအုံနေသော ရွာသူရွာသားများကို လှည့်ပတ်ကြည့်သည်။ နားမလည်နိုင်သည့် မျက်လုံးများဖြင့်ကြည့်ရင်း 'ဘယ်လိုဖြစ်ကြတာလဲ၊ ဘာကြောင့်လဲ'ဟု အံ့သြတုန်လှုပ်မှုဖြင့်မေးလိုက်သည်။

'တော့်လုပ်ရပ်တွေကို လက်မခံသူတွေထဲမှာ ထိပ်ဆုံးက ကျုပ်ပဲ ကိုစံပ၊ ရှင် ရူးနေလားလို့ မေးတော့ ငါမရူးဘူးဆို၊ ရှင်လုပ်ချင်တာ လုပ်ရအောင် သမီး နုနုထွတ်ထွတ်လေးကို သက်ကြီးအိုလက်ထဲ အပ်ပြီး ငွေရှာတဲ့ရှင့်လုပ်ရပ် ရှင်ပြန်စဉ်းစားစမ်း၊ ဒီမယ်ကိုစံပ ရှင်နဲ့ ကျုပ်ပိုင်တဲ့ စည်းစိမ် ရှင်ဖြုန်းချင်သလိုဖြုန်း၊ ကုန်သွားလည်း ကျုပ်မတားဘူး၊ သမီးကို ငွေနဲ့ရောင်းစားပြီး ပရော်ဖက်ရှင်ဖြစ်အောင်လုပ်တယ်ဆိုတာ ကျုပ် လက်မခံဘူး၊ ဒီကိစ္စ ဟိုသူကြီးကိုအောင်ပွင့်ကြားရင် ဘာပြောမလဲ'

သူကြီးကတော် ဒေါ်ရွှေမှုံစကားကြောင့် သူကြီးဦးစံပ ကြောင်တောင်တောင်ကြည့်နေသည်။ လူအုပ်ကြားထဲ တရှုံ့ရှုံ့ငိုနေသည့် လှလေးစိန်ဆီ အထိတ်တလန့် ကြည့်လိုက်သည်။

'ဒီကိစ္စ ဘယ်သူပြောလဲ'

'ရှင်မပြောလည်း ဟောဒီစာချုပ်က သက်သေခံနေပြီ၊ ဒါ့ လက်မခံသေးရင် ကိုဘခင် ပို့လိုက်တဲ့ စာအိတ်ကြည့်၊ သူကြီးယူတဲ့ငွေတွေ ပြန်မဆပ်နိုင်ရင် သူကြီးသမီး လှလေးစိန်နဲ့လက်ထပ်ပေးဖို့ သဘောတူထားပါတယ်တဲ့'



www.burmeseclassic.com

www.burmeseclassic.com



'မဟုတ်ဘူး၊ အဲဒါ မဟုတ်ဘူး၊ လုံးဝမဟုတ်ဘူး'

သူကြီး ဦးစံပက မျက်နှာကို လက်ဝါးဖြင့်အုပ်လျက် ငိုချလိုက်ပြီး ရှက်စိတ်ဖြင့် အကြောက်အကန်ငြင်းဆန်နေသည်။ သူကြီး အနေအထားကို အားလုံးက နားလည်လိုက်သည်။

'သူကြီး ပညာရှိသတိဖြစ်ခဲဆိုတဲ့စကား ကြားဖူးမှာပါ'

ပရမတ်ဆရာတင်က ပြောသင့်ပြီဟု တွက်လျက် စကားချီလိုက်သည်။

'အလုပ်ဆိုတာ ချင့်ချိန်တွက်ဆဖို့ လိုပါတယ်၊ ကောင်းစေချင်လို့လုပ်ချင်ပေမဲ့ အချိန်အခါနဲ့ အခြေအနေ တွက်ရပါမယ်၊ သူကြီး အရင်လုပ်ခဲ့တာတွေ ကျုပ်တို့ ဘာမှဝင်မပြောဘူး၊ ပြောစရာမလိုအောင်လည်း ကောင်းနေတယ်၊ ခုစဉ်းစားတာလည်း ကောင်းပါတယ်၊ အကောင်းလွန်ပြီး မနိုင်ဝန်ထမ်းသလိုဖြစ်နေတယ်၊ ကျုပ် တားပါရစေ၊ ကျုပ်တို့လူကြီးတွေ ရှိနေလျက်နဲ့ အမှားဖြစ်မှာ မလိုလားဘူးဗျာ'

'ဒါဆို ကျုပ်ယူလာတဲ့ငွေတွေ ဘာလုပ်ရမလဲ'

'ဘာမှလုပ်စရာမလိုပါဘူး၊ ကိုဘခင်ဆီ ပြန်ပို့ရုံပဲ၊ မလုပ်သင့်တာ မလုပ်စေချင်လို့ အမျိုးမျိုးတားပါတယ်တဲ့၊ တားမရလို့ မသင့်တာ စာချုပ်ချုပ်တာပါတဲ့၊ အချိန်မီသတိရသွားရင် ငွေပြန်ပို့လို့ ရပါတယ်လို့ စာထဲမှာ ပါပါတယ်၊ ဒီတော့ ပြန်ပို့လိုက်ရုံပါပဲ'

'ကျုပ် ဖြစ်စေချင်တာတွေ ပျက်ပြီ၊ အားလုံးဝိုင်းဖျက်လို့ ပျက်စီးပြီ၊ ဒါဆို ကျုပ်က ပရော်ဖက်ရှင်နယ်စံပ မဖြစ်တော့ဘူးပေါ့'

'တခြားနည်းလမ်းတွေ ရှိပါတယ်ဗျာ'

'မဟုတ်ဘူး၊ ဒါ မဟုတ်ဘူး၊ ကျုပ် ရွာတိုးတက်အောင် ကျုပ် လုပ်ချင်တယ်၊ ကျုပ် ပရော်ဖက်ရှင်နယ်စံပ ဖြစ်ချင်တယ်၊ ဖြစ်ကိုဖြစ်ရမယ်၊ စံပ ပရော်ဖက်ရှင်နယ်ကွ'

သူကြီးဦးစံပသည် ရှက်လည်းရှက်၊ ဒေါသလည်းဖြစ်လျက်





ပေါက်ကွဲသွားတော့သည်။ ဝိုင်းအုံကြည့်နေသော လူအုပ်ကြီးကို ကြောင်တောင်တောင်ကြည့်လျက် အော်ရယ်လိုက်သည်။ ထို့နောက် အရယ်ရပ်ပြီး ဒေါသတကြီး အော်ဟစ်မောင်းထုတ်သည်။

'သွား... သွားကြ၊ ခင်ဗျားတို့တစ်ရွာလုံး ထွက်သွားကြ၊ မြင့်စေချင်လို့ နတ်ဘုံတင်ပေးတာ မြင်တယ်ဆိုပြီး ခုန်ချတဲ့ လူတွေ သွားကြ၊ ငါ့အိမ်ထဲက ထွက်သွားကြ၊ ထွက်ကြ'

သူကြီး ဦးစံပသည် လူအုပ်ကြီးကို အော်ဟစ်မောင်းထုတ်ရင်း ဝမ်းနည်းကြေကွဲစိတ်ဖြင့် အော်ဟစ်ငိုချလိုက်လေတော့သည်။

BURMESE CLASSIC .com

'တော်သေးပါရဲ့ လှလေးရယ်၊ ဘကြီးလုပ်ပုံက ကိုသွင် ရင်ကွဲရတော့မလို့'

'လှလေးစိန်က အဲလိုအဖြစ်မခံပါဘူး ကိုသွင်ရယ်'

'တကယ်သာဖြစ်လာရင် ဘာတတ်နိုင်မှာလဲ'

'အဲဒါကြောင့်လည်း လူကြီးတွေအားလုံး ခေါ်ထားတာပေါ့၊ မလုပ်သင့်တာ မလုပ်အောင် ဖျောင်းဖျပေးပါလို့ တောင်းပန်ထားတာ'

'ကဲ... တောင်းပန်လို့ ဘကြီးက လက်မခံရင်ရော'

'ကိုယ့်ကိုယ်ကိုယ် သတ်သေပစ်လိုက်မယ်'

'အို... အဲလိုတော့ မလုပ်လိုက်ပါနဲ့ လှလေးရယ်၊ လှလေးသာ သေရင် ကိုသွင် ရင်ကျိုးပြီပေါ့'

'ရင်ကျိုးရုံပဲလား'

'ဘယ်ကမလဲ တင်ပါကျိုးမှာ'

'တင်ကျိုးရုံပဲလား'

'ဘယ်ဟုတ်ဦးမလဲ၊ ခြေပါကျိုးမှာ'



www.burmeseclassic.com

www.burmeseclassic.com



'ဟင်… ခြေကျိုးလို့ ဘောလုံးမကန်နိုင်ဘဲ ဖြစ်မှာပေါ့'

'ဘာလဲ လှလေးက ကိုသွင့်ကို ဘောလုံးကန်စေချင်တယ်ပေါ့၊ ဘာလဲ ပရော်ဖက်ရှင်နယ်ဖြစ်စေချင်တာလား'

'ဟင့်အင်း ပရော်ဖက်ရှင်နယ်အထိတော့ မဖြစ်စေချင်ဘူး'

'အဟား… ဟား… ဟား'

ဘောလုံးကွင်းသစ်ကြီးဘေးရှိ ခရေပင်အောက်တွင် ကြည်နူးနေသည့် ချစ်သူနှစ်ဦးသည် ဟားတိုက်ရယ်သံကြောင့် လန့်သွားသည်။ သူတို့နှင့် မနီးမဝေးတွင် ခရာကြိုးလည်ပင်းဆွဲလျက် ကားကားကြီးရပ်နေသည့် သူကြီးဦးစံပကို တွေ့လိုက်သဖြင့် ရင်ထိတ်သွားသည်။

'ဟိုကောင်… လာခဲ့၊ လာခဲ့'

သူကြီးက မောင်မောင်သွင်ကို လက်ညှိုးလေးကွေးချည်ဆန့်ချည်လုပ်ပြီး ခေါ်သည်။ မောင်မောင်သွင် ထသွားပြီး သူကြီးရှေ့တွင် ရပ်လိုက်သည်။

'မင်း… မင်း… မောင်မင်း ဖောင်းဘောကျူးလွန်တယ်၊ တစ်ဖက်သားကို ထိခိုက်နာကျင်စေအောင် တင်ကူးကြံစည်လုပ်ဆောင်လို့ အပြစ်ပေးရမယ်၊ အနီကဒ်၊ ထွက်တော့'

သူကြီးက ဘောင်းဘီအိတ်ထဲက အနီကဒ်ထုတ်ယူပြလိုက်ပြီး ထွက်တော့ဟူသော အမူအရာဖြင့် လက်ကိုခါကာခါကာ ပြနေသည်။ ထိုစဉ် လှလေးစိန်က 'အမေ… သတိထားမှပေါ့ အမေရယ်' ဟု ပြောပြီး ဖခင်အပါး ပြေးသွားသည်။ သူကြီး ဦးစံပက လက်ပြတားပြီး ခရာတုတ်သည်။ ထို့နောက် ဘောင်းဘီအိတ်ထဲမှ အဝါကဒ်ထုတ်သည်။ စည်းကမ်းဖောက်ဖျက်တယ်။ ဖောင်းဘော ဖောင်းဘော။ ဝါလိုက်ပြီ။ ထွက်တော့။

'ဟော… အမေ ဟိုမှာ'





ဖခင်ပျောက်သဖြင့် လိုက်ရှာနေဟန်တူသည့် ပြုံးချိုနှင့်မြလေးစိန်က ပြေးလာသည်။ သူတို့နှစ်ယောက်ကိုတွေ့သည်နှင့် သူကြီးဦးစံပက ခရာထုတ်ပြီး မှုတ်လိုက်သည်။

'တွီ… တွီ… တွီ…'

'အဟား… ဟား… ပွဲပြီးသွားပြီ၊ အားလုံး ပွဲပြီးသွားပြီ'

'အဖေကလည်းလေ ဘယ်တွေလျှောက်သွားနေမှန်းမသိဘူး၊ တစ်မနက်လုံး ပျောက်နေတာ မနက်စာဘယ်မှာစားလဲ၊ လာ… အဖေ ပြန်မယ်'

'ဟိုး… ဟိုးဆို ရပ်ထား၊ အားလုံး ရှောင်ကြ၊ ရှားကြ၊ ဘေးကင်းရာမှာ နေကြ၊ ပရော်ဖက်ရှင်နယ်စံပ လုပ်ငန်းစတော့မယ်၊ တွီ… တွီ… တွီ…'

'တို့လူတွေ လာကြဟေ့… အစီအစဉ်စဖို့ တန်းစီကြ'

ဖခင်ကြီးစကားဆုံးသည်နှင့် ဘယ်နေရာက ထွက်လာမှန်းမသိ ကလေးတွေ တစ်ယောက်ပြီးတစ်ယောက် ထွက်လာသည်။ နှစ်ယောက်တစ်တွဲတန်းစီရပ်နေသည့် ကလေးများရှေ့တွင် သူကြီးက စစ်သူကြီးတစ်ယောက်ပမာ ခန့်ခန့်ကြီးရပ်သည်။ ထို့နောက် ညာခုန်လှည့်ဟု အမိန့်ပေးလိုက်သော် ကလေးတွေ ညီညီညာညာ ခုန်လှည့်သည်။

သူကြီးက ကလေးတို့ရှေ့တွင် ဝင်နေရာယူပြီး အပြေးစဟု အော်လိုက်သော် ညီညီညာညာ ပြေးကြတော့သည်။ လက်ခုပ်တီးလျက် စည်းချက်နှင့်ပြေးနေသည့် ကလေးတို့ကို သူကြီးက တိုင်ပင်ခေါ်လိုက်သည်။

ဘာလုပ်နေလဲ… လေ့ကျင့်နေတယ်

ဘယ်သူ့အတွက်လဲ… စီပိုင်းရွာအတွက်ပဲ

ဘာဖြစ်ဖို့လဲ… ပရော်ဖက်ရှင်နယ် ဖြစ်ဖို့ပဲ



www.burmeseclassic.com

www.burmeseclassic.com



အမှတ်စဉ်… အမှတ်စဉ်ဆို တစ်၊ နှစ်၊ သုံး၊ လေး
တစ်၊ နှစ်၊ သုံး၊ လေး
စီပိုင်းရှာသား… စီပိုင်းရှာသား။

မောရယန်းရမှန်းမသိဘဲ ကလေးတစ်သိုက်နှင့်ပြေးနေသော ဖခင်ကြီးကို ကြည့်ပြီး မြလေးစိန်နှင့် လှလေးစိန်တို့မှာ စိတ်မကောင်းနိုင်တော့။

ဖြစ်များဖြစ်နိုင်လျှင် ပရော်ဖက်ရှင်နယ်အသင်းတစ်သင်း ထောင်ပေးလိုက်ချင်ပါရဲ့။

*ရယ်မောခြင်းဖြင့် ရင်တိုအေးမြစေဖို့…*

**တန်ခူးလေပြေ**

BURMESE CLASSIC .com



www.burmeseclassic.com